www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၄ ခုနှစ်၊ ဇွန်လ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၃၀၀ ကျပ်
အဖုံးနှင့်အတွင်းသရုပ်ဖော် - သန့်ဇော်သစ်
အတွင်းဖလင် - A-7Group ၅၅၊ ၃၈လမ်း(အထက်)
စာအုပ်ချုပ် - ပန်းဝေဝေ
ထုတ်ဝေသူ - ဦးခင်မောင်ဦး(မြဲ-၀၄၀၇၃)
မြတ်ပန်းရဂုံစာပေ၊
၄၇၃(က)၊နီလာ(၆)လမ်း၊(ဂ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - မိုးတက်လင်း
(၁၃၂၁၀(ယ) ၁၀၈၀.၂၀၆၁၄)
ORIENTAL, MYAN MAR PRESS.
အမှတ်-၃၊ဇမ္ဗူသီဂီလမ်း၊
ဗိုလ်ကဲညွန့်ရပ်ကွက်၊သင်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချိရေး - မြတ်ပန်းရဂုံစာပေ
အမှတ်၁၉၄၊၂၉လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း၀၉၅၁၃၉၄၅၀၊၀၉၅၁၅၅၇၄၃

၀၈၈.၈၄
မောင်မောင်စိန်လင်း (နတ်မောက်)
တကယ့်ဖြစ်ရပ်မှန်ဝတ္ထုတိုများ/ မောင်မောင်စိန်လင်း (နတ်မောက်)။ ရန်ကုန်၊
မြတ်ပန်းရဂုံစာပေ၊ ၂၀၁၄။
၂၁၅-စာ၊ ၁၀.၅ × ၁၆.၅စင်တီ။
(၁)တကယ့်ဖြစ်ရပ်မှန်ဝတ္ထုတိုများ


BURMESE CLASSIC .com

# တကယ့်ဖြစ်ရပ်မှန် မှုခင်းဝတ္ထုတိုများ

မောင်မောင်စိန်လင်း (နတ်မောက်)

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၄ ခုနှစ်၊ ဇွန်လ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၃၀၀ ကျပ်
အဖုံးနှင့်အတွင်းသရုပ်ဖော် - သန့်ဇော်သစ်
အတွင်းဖလင် - A-7Group ၅၅၊ ၃၈လမ်း(အထက်)
စာအုပ်ချုပ် - ပန်းဝေဝေ
ထုတ်ဝေသူ - ဦးခင်မောင်ဦး(မြဲ-၀၄၀၇၃)
မြတ်ပန်းရဂုံစာပေ၊
၄၇၃(က)၊နီလာ(၆)လမ်း၊(ဂ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - မျိုးထက်လင်း
(၁၃၂၁၀(ယ)၁၀၈၀.၂၀၆၁၄)
ORIENTAL, MYAN MAR PRESS.
အမှတ် -၃၊ဗမ္မသိဂီလမ်း၊
ဗိုလ်ကဲညွန့်ရပ်ကွက်၊သင်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချိရေး - မြတ်ပန်းရဂုံစာပေ
အမှတ်၁၉၄၊၂၉လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း၀၉၅၁၃၉၄၅၀၊၀၉၅၁၅၅၇၄၃

၈၀၈.၈၄

မောင်မောင်စိန်လင်း (နတ်မောက်)
တကယ့်ဖြစ်ရပ်မှန်ဝတ္ထုတိုများ/ မောင်မောင်စိန်လင်း (နတ်မောက်)။ ရန်ကုန်။
မြတ်ပန်းရဂုံစာပေ၊ ၂၀၁၄။
၂၁၅-စာ၊၁၀.၅×၁၆.၅စင်တီ။
(၁)တကယ့်ဖြစ်ရပ်မှန်ဝတ္ထုတိုများ

# တကယ့်ဖြစ်ရပ်မှန် မှုခင်းဝတ္ထုတိုများ

မောင်မောင်စိန်လင်း (နတ်မောက်)

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ် - ၂၀၁၄ ခုနှစ်၊ ဇွန်လ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၃၀၀ ကျပ်
အဖုံးနှင့်အတွင်းသရုပ်ဖော် - သန့်ဇော်သစ်
အတွင်းဖလင် - A-7Group ၅၅၊ ၃၈လမ်း(အထက်)
စာအုပ်ချုပ် - ပန်းဝေဝေ
ထုတ်ဝေသူ - ဦးခင်မောင်ဦး(မြဲ-၀၄၀၇၃)
မြတ်ပန်းရဂုံစာပေ၊
၄၇၃(က)၊နီလာ(၆)လမ်း၊(ဂ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - မိုးထက်လင်း
(၁၃၂၁၀(ယ)၁၀၈၀.၂၀၆၁၄)
ORIENTAL, MYAN MAR PRESS.
အမှတ်-၃၊ဗမ္ဗူသိဂီလမ်း၊
ဗိုလ်ကုန်းညွှန့်ရပ်ကွက်၊သင်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချိရေး - မြတ်ပန်းရဂုံစာပေ
အမှတ်၁၉၄၊၂၉လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း၀၉၅၁၃၉၄၅၀၊၀၉၅၁၅၅၇၄၃

၀၀၈.၈၄

မောင်မောင်စိန်လင်း (နတ်မောက်)
တကယ့်ဖြစ်ရပ်မှန်ဝတ္ထုတိုများ/ မောင်မောင်စိန်လင်း (နတ်မောက်)။ ရန်ကုန်၊
မြတ်ပန်းရဂုံစာပေ၊ ၂၀၁၄။
၂၁၅-စာ၊ ၁၀.၅ × ၁၆.၅စင်တီ။
(၁)တကယ့်ဖြစ်ရပ်မှန်ဝတ္ထုတိုများ

# တကယ့်ဖြစ်ရပ်မှန် မှုခင်းဝတ္ထုတိုများ

မောင်မောင်စိန်လင်း (နတ်မောက်)

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ၁။ မျက်လုံးဒေါက်ထောက်ကြည့်ဦးမယ် | ... | ၁ |
| ၂။ မောင် ထောင်ကျလို့ မုန်းတာလား | ... | ၂၉ |
| ၃။ ကိုယ့်မယားကို ပြန်ခိုးသူ | ... | ၅၆ |
| ၄။ တဏှာဘီးလူးနှင့် တဏှာရူး | ... | ၈၂ |
| ၅။ ခြေရာလည်းပျောက် ရေလည်းနောက် | ... | ၁၀၂ |
| ၆။ ရှင်းအောင်လုပ်သော်လည်း ရှုပ်၏ | ... | ၁၃၁ |
| ၇။ သဒ္ဓါလွန်တော့ တဏှာကျွန် | ... | ၁၄၅ |
| ၈။ ယုံမှတ်လို့ ပုံအပ်မိပါတယ် | ... | ၁၇၄ |
| ၉။ ဘယ်သူ တရားခံလဲဟေ့ | ... | ၁၉၆ |
| စာရေးသူ၏ အမှာစာ | ... | |


## စာရေးသူ၏ အမှာစာ

ကျွန်တော်များ စိန်ဘရားသားဥပဒေအကျိုးဆောင်အဖွဲ့ထံသို့ ရောက်ရှိလာသောမှုခင်းများမှာ အမှန်တကယ်ဖြစ်ပွားသော တကယ့်ဖြစ်ရပ်၊ မှုခင်းပြဿနာ၊ အမှုဖြစ်ပွားကြသော မှုခင်းဖြစ်ရပ်များ ဖြစ်ပါသည်။

မှုခင်းဖြစ်ပွားသည့်နေရာဒေသ၊ အမှုအခင်းဖြစ်ပွားကြသော လူသား၊ ဇာတ်ကောင်းများ၏ အမည်နာမများကို ပြောင်းလဲပြီး၊ ဝတ္ထုပုံသဏ္ဌာန်ဖြင့် သုတ၊ ရသမြောက်အောင် ရေးသားဖန်တီးထားပါသည်။

စာဖတ်သူပြည်သူများ တကယ့်ဖြစ်ရပ်ပြဿနာများကို လေ့လာဖတ်ရှုရခြင်းဖြင့် အမှုအခင်းပြဿနာများနှင့် စပ်လျဉ်းပြီး ဆောင်ရန်၊ ရှောင်ရန်တို့ကိုလည်း ဗဟုသုတရရှိကြစေရန် ရည်ရွယ်ပါသည်။ တကယ့်အဖြစ်အပျက်များသည် စိတ်ကူးယဉ်ထက် လေးနက်ဆန်းကြယ်လှပါသည်။

အဆိုပါ ဝတ္ထုများကို ဖတ်ရှုပြီးသည့်နောက် ဖတ်ရှုသူတို့အနေဖြင့် သင်ခန်းစာ, ဗဟုသုတများ ရရှိကြမည်ဆိုပါက စာရေးသူအနေဖြင့် ပြုစုရေးသား ရကျိုးနပ်ပြီဟု ဆိုချင်ပါသည်။

မောင်မောင်စိန်လင်း (မြတ်မောက်)

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတင်လွှာ

စာရေးသူအား စာပေလောကနယ်ပယ်ထဲသို့ ဆွဲသွင်းပေးသူမှာ စာရေးဆရာချစ်ကိုကိုယု(အကယ်ဒမီငါးဆုရရှိခဲ့သော ...ုံးလှလှမိုက်ရုပ်ရှင်ဇာတ်ကားကြီး၏ ဝတ္ထုဖန်တီးရှင်)ဖြစ်ပါ ...ည်။ (ဦးတင်ယု-ဆကာကြီး)ဟူသော ရှေ့နေတစ်ဦးလည်း ...ဉ်ပါသည်။

စာရေးသူအား ချီးမြှောက်ပေးခဲ့သူတို့မှာ (ဆရာနန္ဒာ ...ဘြယ်)၊ တာဝန်ခံအယ်ဒီတာ လာဘ်မိုးရွှေစာပေတိုက် ဖြစ်ပါ ...သည်။ သူကိုယ်တွယ်သော ရောင်ပြန်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းတို့ ...၌ စာရေးသူ၏ ဝတ္ထု၊ ဆောင်းပါးများကို ပင်တိုင်ထည့်သွင်း ...ညွှန်းပေးခဲ့ပါသည်။ စာရေးသူအား ကလောင်နယ်ချဲ့ပေးခဲ့ပါသည်။

အမျိုးသားစာပေဆုရ ဆရာမောင်ငြိမ်းသူ (ကြို့ပင်ကောက်) ...မာနိုင်ငံ စာရေးဆရာအသင်း အတွင်းရေးမှူး(၂)၊ တာဝန်ခံ ...ဒ်ဒီတာ၊ မှုခင်းရှုထောင့်မဂ္ဂဇင်း၊ ဂျာနယ်ကလည်း စာရေးသူ

အား သူ၏မဂ္ဂဇင်းကြီးတွင် လစဉ်မပြတ် ပုံမှန်ကလောင်နေရာ ပေးလာသူဖြစ်ပါသည်။

ထို့ပြင်ထပ်ဆင့်အမျိုးသားစာပေဆုရ စာရေးဆရာ၊ တရားလွှတ်တော် ရှေ့နေ မင်းရွှေမင်း(အင်းစိန်)၊ အယ်ဒီတာချုပ် တော်ဝင်ပန်းဂျာနယ်ကလည်း စာရေးသူအား တော်ဝင်ပန်းဂျာနယ်၌ အ...ဘ်မှဉ် အခန်းဆက် ပင်တိုင်ဆောင်းပါးရှင်အဖြစ် ချီးမြှောက် ...သူဖြစ်ပါသည်။

ဆရာဦးမျိုးညွန့် (A-7 Group)၊ စိတ်ကြိုက်စာပေတိုက် ပိုင်ရှင်မှာလည်း စာရေးသူ၏ပထမဆုံးထုတ်ဝေခဲ့သော (မာတ်ပုံကပြောသော သမိုင်းမှတ်တိုင်များ)စာအုပ်ကို ထုတ်ပေးခဲ့သော ကျေးဇူးရှင်တစ်ဦးဖြစ်ပါသည်။

(သခင်ကြီး)ဦးအောင်ကျော်ထူး စာရေးဆရာအောင်ပန်းချောင်းသား(ရေစကြို) မြတ်ပန်းရဂုံစာပေတိုက်ပိုင်ရှင်သည် စာရေးသူ၏ ယခုထုတ်ဝေသော (တကယ့်ဖြစ်ရပ်မှုခင်းဝတ္ထုများ) စာအုပ်တို့ကို စဉ်ဆက်မပြတ်ထုတ်ဝေချီးမြှောက်ပေးသော ကျေးဇူးရှင်တစ်ဦး ဖြစ်ပါသည်။

သူသည် စာရေးဆရာများ၊ စာပေလောကသ...များဘဝ မြင့်မားရေး (ဉာတကာနုဋ္ဌသင်္ဂဟော) မင်္ဂလာမှု...ကို ပြုလေ့ရှိ

www.burmeseclassic.com

www.burmeseclassic.com

သူဖြစ်သည်။ ထို့ကြောင့် သူ့ကို ‘‘သခင်ကြီး’’ဟု စာရေးသူက တရင်းတနှီးပြောဆိုဆက်ဆံလာခဲ့ပါသည်။

(မမ အာစရိယာ ပုဂ္ဂလာ၊ အဝေ်ရာဟောန္တု။)

မမ- ငါ၏။ အာစရိယာ- သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်ကြကုန်သော၊ ပုဂ္ဂလာ- များစွာထောင်သောင်း ဆရာအပေါင်းဟူသမျှတို့သည်၊ အဝေရာ- ရန်မရှိကြကုန်သည်၊ ဟောန္တု- ဖြစ်ကြပါစေကုန်သတည်း။

မောင်မောင်စိန်လင်း (နတ်မောက်)

❑




www.burmeseclassic.com

www.burmeseclassic.com

"မိန်းကလေးများရုပ်ရည်ချောရင်…

အရောဝင်ချင်တဲ့ဝါသနာထုံတယ်…

ခေါ်ချင်တယ်၊ ပြောချင်တယ်၊ စကားရှာမယ်၊ အကြွားအဝါထယ်…

ပူးပူးကပ်ကပ်နေချင်တယ်…

သူတို့ဆိုးတော့လူမသိတယ်…

အူတိုမျိုးတော့လူမိတယ်…

သူ့ကျောပြင်ကိုထုထုပြီးတော့ မေးစမ်းချင်ပါတယ်…

ချစ်မှန်းသိလို့…အခွင့်ကောင်းယူသလားကွယ်…"

ရုံးပိတ်ရက်ဖြစ်သောကြောင့် နေမြင့်အောင်အိပ်ပြီးနှပ်နေသော ကိုအောင်ကျော်ဇောမှာ ချစ်ဇနီး၏ ခနိုးခနဲ့ဖြင့်သီဆိုသော



သီချင်းလေးကို နားစွင့်နေသည်။ အချိန်ကား နံနက်(၉)နာရီရှိချေပြီ။

"အချစ် မင်းဆိုတဲ့သီချင်းက မောင့်ကိုရွဲ့ပြီးဆိုနေသလားထင်ရတယ်"

"ရွဲ့စောင်းပြီးဆိုတာမဟုတ်ဘူး ဒါလင်ရေ… ဒဲ့ဒိုးဆိုနေတာပါ။

ဒါလင့်သမီးကပြောတယ် ဟိုတစ်နေ့က ဒါလင့်ကို ရုပ်ချောချော၊ ကိုယ်လုံးကိုယ်ပေါက်လှလှ အမျိုးသမီးတစ်ဦးနဲ့ ဇစ်တိုးရီးယားဟိုတယ်က ထွက်လာတာကို တွေ့လိုက်တယ်၊ အဖေကြီးကို သိပ်မယုံနဲ့လို့ပြောတယ်၊ ငယ်ငယ်တုန်းကနှစ်သက်ခဲ့တဲ့ ဒီသီချင်းလေးကို သတိရပြီး ဒါလင့်ကို စိုးရိမ်မိလို့ဆိုနေတာပါဒါလင်"

"အချစ်ရယ် ဒါလင်က စီးပွားရေးသမားပါ။ လူသိများထင်ရှားတဲ့သူဖြစ်တယ်ဆိုတာ အချစ်သိတယ် မဟုတ်လား၊ ကိုယ့်ကိုကိုယ်ဖျက် သံချေးတက်၊ ဘယ်လုပ်မလဲ မစိုးရိမ်ပါနဲ့"

စီးပွားရေးလုပ်ငန်းများအောင်မြင်နေ[illegible]သည့် မိသားစု

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော ကိုအောင်ကျော်ဇော၊ ဇနီးမြင့်မြတ်ဆွေ တို့ အချစ်စားမြုံ့ပြန်နေကြသည်မှာ စိုးရိမ်လွန်းလို့ ပြောတာပါ မောင်ရယ် ဖြစ်သည်။ အဘွား အဘွား။

( ၂ )

ရက်သတ္တတပတ်အကြာတွင်ဖြစ်သည်။ ဝင့်ဝင့်သူတို့ လင်မယား ရွှေတိဂုံဘုရားကြီးမှ အိမ်သို့ကားဖြင့် ပြန်လာကြစဉ် အဖေကြီးကို အမှတ်မထင်တွေ့လိုက်သည်။ ကားရပ်ပြီး မျက်မွေးတဆုံးကြည့်လိုက်ကြသည်။ မြင်ကွင်းကိုမိခင်ကြီးအား သံတော်ဦးတင်လိုက်သည်။

'မေမေ အဖေကြီးကို ကန်တော်ကြီးပန်းခြံထဲက ဟိုတယ် ဘက်ဆီ အမျိုးသမီးတစ်ဦးနဲ့ ဝင်သွားတာကို သမီးတို့ တွေ့လိုက်တယ်'

'ဟိုတစ်လောကတွေ့တဲ့အမျိုးသမီးပဲလား'

'မဟုတ်ဘူးမေမေ၊ ဒါကနောက်တစ်ယောက်၊ ဟို တစ်လောက အမျိုးသမီးထက်တောင် မိုက်သေးတယ်'

'အေးချင်းယှဉ်ပြီးလျှောက်သွားတာလား၊ လက်ချိတ်ပြီး သွားကြတာလား'



'အေးချင်းယှဉ်ပြီး သွားတာပါမေမေ'

'သဘောရိုးဖြစ်ပါလိမ့်မယ်သမီးရယ်၊ မင်းတို့အဖေရဲ့ အလုပ်က အမျိုးသမီးတွေနဲ့ ဆက်ဆံနေရတဲ့ လုပ်ငန်းဆို တော့ ဒီမြင်ကွင်းတွေကို တွေ့မြင်နေရမှာပဲ'

မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်ဆွေနှင့် သမီးဖြစ်သူ မဝင့်ဝင့်သူ တို့သည် အိမ်ဦးနတ်ကြီးဖြစ်သော ဖခင်ကြီးအပေါ် စိုးရိမ်စိတ် များဖြင့် နှီးနှောဖလှယ်နေကြသည်။

ဤနေ့သည် သောကြာနေ့ဖြစ်သည်။ ကိုအောင်ကျော်ဇော သည် စာပေ၊ စာနယ်ဇင်းလောက၊ ဘော်ဒါ၊ ဘော်ဂျက်များနှင့် သောကြာနေ့တိုင်း သောကြာဝိုင်းတွင်ဆုံစည်းကြသည်။ တိုင်းရေး ပြည်ရေး၊ စာပေနှင့် စာနယ်ဇင်းလောကကို အမြင်ချင်းဖလှယ် ကြသည်။ ဝေဖန်ကြသည်။ လေကန်ကြသည်။ အနုစ်သာရများ ကို ဆွေးနွေးကြသည်။ ရေးကွင်းရေးကွက်များကို နှီးနှောကြ သည်။

ငယ်ပေါင်းကြီးဖက်များဖြစ်ကြသောကြောင့် ခင်မင်ကြ သည်။ တွယ်တာကြသည်။ ကူညီကြသည်။ ရေချိန်မြင့်သည်နှင့် အမျှ လေချိန်လည်းမြင့်တက်လာကြလေ့ရှိသည်။ ငယ်ကျိုးငယ်နာ

www.burmeseclassic.com

www.burmeseclassic.com



များ၊ ဖြစ်ကြောင်းကုန်စင် ကိုယ်ရေးကိုယ်တာများလည်း ဖွင့်ဟ အန်ထုတ်လေ့ရှိကြသည်။ ကိုအောင်ကျော်ဇောသည် ဇနီးနှင့် သမီးနှစ်ဦးတို့က လုပ်ငန်းခွင်မှလုပ်ဖော်ကိုင်ဖက်အမျိုးသမီးတို့နှင့် သွားလာလှုပ်ရှားရသော လုပ်ငန်းကိစ္စတို့နှင့်ပတ်သက်ပြီး သဘောမချွေ၊ အမြင်စောင်းသောကိစ္စကို သောကြာဝိုင်းတွင်ဖွင့်ဟ မိသည်။ အနောက်အပြောင်သန်လှသော မောင်မောင်ခေတ်ထွန်း၊ မောင်မောင်အောင်သန်းတို့က သူတို့၏ဝါသနာကို အကောင်အထည် ဖော်ရန် တိုင်ပင်ကြသည်။ အနီးရှိစတိုးဆိုင်မှ အမျိုးသမီးသုံး ဆာစမိုင်တာ၊ ဘရာဇီယာ၊ မိတ်ကပ်ဘူးတို့ကို တိတ်တဆိတ် ဝယ်လိုက်သည်။ ဆရာအောင်ကျော်ဇောအိမ်သာတက်ချိန်ကို စောင့်သည်။ အိမ်သာသို့သွားခိုက်၊ ဆရာ၏ ကုလ္လားသယဟင်းဘတ် အိတ်ကြီး၏အောက်ခြေသို့ ပစ္စည်းများကို ထည့်သွင်းကြသည်။

တနင်္ဂနွေနေ့၏ နံနက်ပိုင်းတွင်ဖြစ်သည်။ အိမ်သူသက်ထား ဇနီးမယား၊ သမီးများတို့၏ အိမ်တွင်းလုပ်ငန်း တစ်ရပ်ဖြစ်သော လျှော်ဖွပ်၊ မီးပူတိုက်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ အဖေကြီး ၏ ကုလ္လားသယဟင်းဘတ် အိတ်ကြီးကို ရေဖတ်တိုက်၊ ဆေးကြောရန် အိတ်[illegible]ပစ္စည်းများကို ထုတ်ယူကြသည်။ စိပ်ပုတီး၊ ဘီယာကံစမ်းမဲများ၊ စာမူများ၊ ဘောက်ချာများ၊



ဓာတ်ပုံများ၊ DVD ခွေများစုံလှသည်။ အားပါးပါး အံ့သြစွာဖြင့် အမျိုးသမီးဆာစမိုင်တာ၊ ဘရာဇီယာ၊ မိတ်ကပ်ဘူးတို့ကိုတွေ့ သည်။ အမေကြီးကို သံတော်ဦးတင်လိုက်ပြန်သည်။

'မေမေ၊ အဖေကြီးအိတ်ထဲက အမျိုးသမီး ဆာစမိုင်တာ၊ ဘရာဇီယာ၊ မိတ်ကပ်ဘူးတွေတယ်မေမေ ဟောဒီမှာ'

'ပြစမ်းသမီး၊ ဒါတွေက အသစ်တွေပဲ ဝတ်ပြီးသား မဟုတ်ဘူး၊ ကြွေနတစ်ယောက်ယောက်က နောက်လိုက် တာဖြစ်လိမ့်မယ်ထင်တယ်သမီး'

နေဖင်ထိုးအောင်အိပ်နေသော ကိုအောင်ကျော်ဇော အိပ်ရာ မှထလေပြီ။ အိမ်သာတက်၊ ရေချိုးသန့်စင်ပြီး နံနက်စာစားရန် ထမင်းစားခန်းတွင်ထိုင်လိုက်သည်။

'ဟဲ့ ဒါတွေက ဘာတွေလဲဟ'

'အဲဒါ ဒါလင့်အိတ်ထဲကတွေ့တဲ့ပစ္စည်းတွေလေ၊ အိတ်ကိုရေဖတ်တိုက်ဆေးကြောဖို့ ပစ္စည်းတွေ ထုတ် လိုက်တော့ တွေ့တဲ့ပစ္စည်းတွေပါ ဒါလင်'

'ဒါ မောင်မောင်ခေတ်ထွန်းနဲ့ မောင်မောင်အောင်သန်း တို့ လက်ချက်ဖြစ်ရမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဆွေလည်း ဒီလိုပဲထင်ပါတယ် ဒါလင်၊ ပစ္စည်းတွေက အားလုံးအသစ်တွေ။

အချစ်နဲ့သမီးတွေက အဖေကြီးကိုစိတ်မချတဲ့ စိတ္တဇ သံသယဖြစ်ခံရတဲ့အကြောင်း မူးမူးနဲ့ပြောမိတဲ့ အတွက် ပြဿနာဖြစ်အောင် နှောင်ပြောင်ကြတာပဲ'

ကိုအောင်ကျော်ဇောနှင့် ချစ်ဇနီး မမြင့်မြင့်ဆွေတို့သည် မောနင်းနာစတာ စားရင်းဖြင့် အိမ်ထောင် သာယာမှုကို ဇာတ်ရှိန်မြင့် နှီးနှောပြောဆိုကြလေသည်။ ဒေါ်သမရှိ (ခန္တီပရမံ တပွေါ်သိသိကျွံ)တစ်ဦးအပေါ်တစ်ဦး ခွင့်လွှတ်သည်းခံကြလေ သည်။

[လိမ္မာသောရထားထိန်းသည် လျင်မြန်စွာသွားသော ရထားကို လမ်းမလွဲအောင် ကောင်းစွာ စောင့်ရှောက် သကဲ့သို့ မိမိ၌ဖြစ်ပေါ်လာသော အမျက်ဒေါသကို တားဆီးနိုင်သောသူကို လိမ္မာသော ရထားထိန်းဟု ငါဘုရားခေါ်တော်မူ၏။ မတားဆီးနိုင်သောသူတို့သည် ကြိုးကိုင်သာဖြစ်ကုန်၏။]

(ဓမ္မပဒ)



( ၃ )

'ကလင် ကလောင် ကလင် ကလောင်'

ဘဲလ်တီးသံကြားသဖြင့် တံခါးဖွင့်ခိုင်းသည်။

'ဟင် ဂျာကြီးနဲ့ စက်ရုံမှူးပါလား၊ အစောကြီးပါလား'

'ဟုတ်တယ်၊ ဆရာမှာထားလို့'

ကိုအောင်ကျော်ဇောသည် မန်နေဂျာကြီး ဦးမောင်မောင်လတ်၏အသံကြားသောကြောင့် အိပ်ရာမှထသည်။ ရေမိုးချိုးသန့်စင် လိုက်သည်။

'အချစ်ရေ၊ လုပ်ငန်းတိုးချဲ့ဖို့ကိစ္စအတွက် မိသားစု အလုပ်ရုံဆွေးနွေးဖို့ရှိတယ်၊ သမီးတို့ကိုလည်း ထခိုင်း ကြတော့၊ ရေချိုးသန့်စင်ပြီး အတွင်းဧည့်ခန်း လာကြလို့ ပြောလိုက်ပါ'

'ဟုတ်ကဲ့ပါ ဒါလင်'

ကိုအောင်ကျော်ဇောသည် လုပ်ငန်းတိုးချဲ့လုပ်ကိုင်ရန် စီစဉ်ထားသောကြောင့် လက်ရှိလုပ်ကိုင်နေသော စီးပွားရေး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သွားကြရန် မိသားစု

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရုံဆွေးနွေးပွဲ၊ အစည်းအဝေးနှင့် စီမံခန့်ခွဲတာဝန်ပေးသည့် အစည်းအဝေးကိုပြုလုပ်ရန် ဆင့်ခေါ်ထားခြင်းဖြစ်လေသည်။

'ဒီနေ့ မိသားစုအစည်းအဝေး၏ စီမံခန့်ခွဲရေး၊ ဆွေးနွေးပွဲကိုပြုလုပ်ရတဲ့ အဓိကအချက်ကတော့ ...

(၁)ဆိုင်လုပ်ငန်းတွေကို သမီးကြီး(ဝင့်ဝင့်သူ)က တာဝန်ယူလုပ်ကိုင်ပါ။

(၂)ဖြန့်ချိရေးလုပ်ငန်းများကို သမီးငယ် (သိမ့်သိမ့်သူ) ကတာဝန်ယူပါ။

(၃)စက်ရုံမှူး ကိုတွတ်က ထုပ်လုပ်ရေးကိုတာဝန်ယူပါ။

(၄)မန်နေဂျာကြီးဦးမောင်မောင်လတ်က လုပ်ငန်းအားလုံးကိုကြီးကြပ်ပါ။

(၅)အချစ်က ဘဏ်ငွေသွင်း/ငွေထုတ်ကို ဂျာကြီးနဲ့ ပူးတွဲလုပ်ကိုင်ပါ။

'ဒါလင်က ဘယ်သွားပြီး ဘာတွေလုပ်မှာမို့လို့ ဒီမှာတမ်းရှည်ကြီးကို မှာနေရတာလဲ ဒါလင်'

'ဆန္ဒတွေမစောပါနဲ့အချစ်၊ ဒါလင် ပုဂံညောင်ဦးမှာ ဟိုတယ်ဖွင့်ဖို့ စီစဉ်ထားတယ်။ ဒါ့ကြောင့် ဒီလုပ်ငန်းတွေကို



တာဝန်ကိုယ်စီယူပြီး လုပ်ကြဖို့စီစဉ်ရခြင်းဖြစ်တယ်'

'ဟိုတယ်လုပ်ငန်းကို ဒါလင်တစ်ဦးတည်းလုပ်မှာလား အစုရှယ်ယာပါသေးလား'

'ပါတယ်အချစ်၊ ဘန်ကောက်က မာဂရက်သက်ချာနဲ့ တောင်ကြီးက နန်းခမ်းမွန်တို့ပါတယ်။ သရီးရှယ်ယာလုပ်ကြမှာပါ'

မိသားစုစီးပွားရေးလုပ်ငန်းကြီးအဖြစ် လုပ်ကိုင်လာကြသူများဖြစ်သောကြောင့် အားလုံး တက်ညီ လက်ညီဖြင့် ကိုအောင်ကျော်ဇော၏စိတ်ဆန္ဒ၊ မှာကြားချက်အတိုင်း တာဝန်ယူကြမည်ဖြစ်ကြောင်း ကတိပေးကြသည်။ ကိုအောင်ကျော်ဇောမှာလည်း ဝမ်းသာပီတိဖြစ်ရလေသည်။ အစည်းအဝေးအပြီးတွင်

'ကဲ...အားလုံး ရွှေဂုံတိုင်ဟော့ပေါ့သွားပြီးစားကြမယ် သောက်ကြမယ်'

## ( ၄ )

ကိုအောင်ကျော်ဇော၊ မာဂရက်သက်ချာ၊ နမ်းခမ်းမွန်တို့သည် ပုဂံမြို့ရှိ လုပ်လက်စရှိသော ဟိုတယ်အဆောက်အဦ၊ ဟိုတယ်လုပ်ငန်းကို ဝယ်ယူလိုက်ကြသည်။ အရှေ့တိုင်းဟိုတယ်

www.burmeseclassic.com

www.burmeseclassic.com



အပြင်အဆင်မှ အနောက်တိုင်းဟိုတယ်အပြင်အဆင်အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းလိုက်သည်။ ဟိုတယ်အခန်းဖွဲ့စည်းမှု၊ ဟိုတယ် အသုံးအဆောင်ပစ္စည်းများကိုလည်း နိုင်ငံတကာအဆင့်သို့ ပြောင်းလဲလိုက်ကြသည်။ သို့ကြောင့်လည်း 'နိုင်ငံတကာအဆင့်မီ ဟိုတယ် ဖြစ်လာသည်။

မာဂရက်သက်ချာသည် ဘန်ကောက်မြို့တွင် သူမပိုင် ဟိုတယ် တစ်ခုရှိသည်။ သူမ၏ဟိုတယ်သို့ အနောက်ဥရောပမှ လာရောက်တည်းခိုသူများအား သူမအစုရှယ်ယာပါဝင် ပိုင်ဆိုင်သော ပုဂံရှိဟိုတယ်သို့ ခရီးဆက်ကြောင်းယူသည်။ သို့ကြောင့်လည်း ပုဂံမြို့ရှိ သူတို့၏ဟိုတယ်သို့ အရှေ့တိုင်း၊ အနောက်ဥရောပဒေသမှ လာရောက်တည်းခိုကြသည်မှာ ဝင်လာမစဲ တသဲသဲဖြစ်နေသည်။

'မန်နေဂျာ၊ ကျွန်မ အခန်းတစ်ခန်းလိုချင်လို့ပါရှင်'

'ကျွန်မတို့ ဟိုတယ်မှာ အခန်းမကျန်တော့ပါဘူးရှင်'

'ဒီနားတစ်ဝိုက်က တခြားဟိုတယ်တွေမှာလည်း အခန်းမရှိတော့ လို့ပါ။ ကျွန်မကိုဖြစ်တဲ့နည်းနဲ့ အခန်းတစ်ခန်း စီစဉ်ပေးပါလားရှင်၊ ကျွန်မက ဒီဟိုတယ်အနီးတစ်ဝိုက်



မှာ ရုပ်ရှင်ရိုက်ရမှာမို့လို့ပါ၊ ဖြစ်အောင်စီစဉ်ပေးပါလားရှင်၊ ကျွန်မဖြစ်သလိုနေပါ့မယ်'

'အခန်းကတော့ လုံးဝမရှိတော့ပါဘူးရှင်၊ ဒါပေမဲ့ ဘောစ့ နေတဲ့အခန်းတစ်ခန်းတော့ရှိတယ်၊ ကျွန်မ ဘောစ့နဲ့ ချိတ်ဆက်ပေးပါ့မယ်'

'ကျေးဇူးပါပဲရှင်၊ ကျွန်မကိုယ်တိုင် တောင်းပန်ပြီး အကူအညီတောင်းပါရစေ'

'ဟလို ဘောစ့၊ ကျွန်မ်ရုပ်ရှင်မင်းသမီး အိမ်ဖြူပြည့်ဖြိုးခိုင်ပါဘောစ့၊ ကျွန်မ ဒီအနီးတစ်ဝိုက်မှာ ရိုက်ကွင်းဖြစ်နေလို့၊ ဘောစ့အခန်းမှာတည်းခိုခွင့်ပြုပါရှင်၊ ကျွန်မကို ကူညီပါ၊ ဘောစ့အတွက် ဘာအနှောင့်အယှက်မှ မရှိစေရပါဘူး'

'ခက်တာက ကျွန်တော်က ညပိုင်းမှာ အရက်သောက်တ[illegible] ကျွန်တော့်အခန်းမှာ မင်းသမီးတည်းလို့ ဖြစ်ပါ[illegible]လား'

'အနားယူချိန်မှာ အရက်ဘီယာသောက်[illegible]ဆန်းသလား ဘောစ့ရယ်၊' ကျွန်မတို့လည်း [illegible]အနားယူတဲ့အခါ ဘီယာတို့ စပိုင်တို့ သော[illegible]ကြတာပဲ၊ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ဘောစေ့ကို ယုံပါတယ်ရှင်'

'ဒါဆိုလည်း ကျွန်တော့်မန်နေဂျာကိုဖုန်းပေးလိုက်ပါ'

'ဟလို မန်နေဂျာ တို့အခန်းမှာ မင်းသမီးကိုနေရာပေး လိုက်ပါ'

တက်သစ်စရုပ်ရှင်၊ ဗီဒီယိုမင်းသမီးလေး အိန္ဒြေပြည့်ဖြိုးခိုင်သည် ပုဂံမြို့ရှိ ခေတ်မီဟိုတယ်၏ ပိုင်ရှင် ကိုအောင်ကျော်ဇော၏ အခန်းတွင် တည်းခိုခွင့်ရရှိသောကြောင့် အဆင်ပြေသွားသည်။ စိတ်ချမ်းသာခဲ့ရလေသည်။ (၁၀)ရက်တိုင်တိုင်တည်းခိုပြီး ဇာတ်ကားကို ရိုက်ရမှာဖြစ်လေသည်။

နံနက်မိုးသောက်အလင်းရောက်သည့် ပုဂံမြို့၏ နံနက်ပိုင်းတွင်ဖြစ်သည်။ မိုးအကုန်၊ ဆောင်းအကူး၊ လေရူးကတသုန်သုန်ဖြစ်သည်။ မြူမှိုင်းတွေကလည်းကျနေသည်။ နေခြည်ဖြာသည့်အချိန်တွင်မူကား ပုဂံမြို့၏ ရှေးဟောင်းဘုရားပုထိုးစေတီများကို အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာတွင် ဖူးမြော်တွေ့ရှိရသည်။

ယာသမီးများက နွားလှည်းထွန်တုံး၊ ထယ်သွားများဖြင့် ယာတောရှိရာပ်ဝန်းခွင်သို့ သွားလာလှုပ်ရှားနေကြသည်။ မင်းသမီးလေး



မှာလည်း ရိုက်ကွင်းသို့ ဇာတ်ဝင်ခန်းရိုက်ကူးရန်အတွက် ပြင်ဆင်နေသည်။ အလှပြင်ရလေသည်။

ဟိုတယ်ပိုင်ရှင်ဘောစေ့ ကိုအောင်ကျော်ဇောကတော့ ဂေါက်ရိုက်ပြီး၍ ဂေါက်ကွင်းမှ ဟိုတယ်သို့ ပြန်ရောက်လာသည်။ ဘဝချင်းမတူသည့်လူသားတို့၏အခြေအနေမှာ အတိတ်ဘဝတွေက ကံ,ကံ၏အကျိုးတရား၊ အကြောင်းတရားများပင် ဖြစ်ချေသည်။

'ဟာ မင်းသမီး တယ်ချောပါလား၊ တောသူမလေးပုံစံဆိုတော့ တစ်မျိုးတစ်ဘာသာလေး လှနေပါလား'

'ဘောစေ့ မြှောက်မနေနဲ့၊ ခေါင်မိုးပေါက်ထွက်သွားလိမ့်မယ်'

'မင်းသမီးကလည်းဗျာ၊ ဘောစေ့လို့မခေါ်ပါနဲ့ ခင့်မင်မှုအနှစ်သာရမရှိဘူး'

'ကဲ...ဒါဆို ဘယ်လိုခေါ်ရမလဲ'

'ခေါ်ချင်သလိုခေါ်ပါ၊ ခင်မင်ရင်းနှီးမှုအနှစ်သာရပါရမယ်'

'ဒါဆို ဦးကျော်လို့ခေါ်မယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ မင်းသားကြီးဦးကျော်ဟိန်းကိုခေါ်သလိုဖြစ်နေမယ်၊ ဦးကျော်လို့တော့မခေါ်ပါနဲ့'

'ဒါဆိုရင် ဦးအောင်၊ အစ်ကိုအောင်၊ အစ်ကိုလို့ ခေါ်မယ်'

'ခေါ်ချင်သလိုသာ ခေါ်ပေတော့ဗျာ'

ဟိုတယ်ပိုင်ရှင် ကိုအောင်ကျော်ဇောနှင့် မင်းသမီးလေး အိန္ဒြေပြည့်ဖြိုးခိုင်တို့မှာ တစ်နေ့တခြား ခင်မင်မှု၊ ရင်းနှီးမှုများရှိလာနေကြသည်။ မျက်လုံးချင်းဆုံ၊ ရင်ခုန်မှုတွေ ဖြစ်နေကြသည်။ ကိုအောင်ကျော်ဇောသည် ချစ်ဇနီးနှစ်သက်စွာဆိုပြခဲ့သော သီချင်းလေးကို ပြန်လည်သတိရပြီး ရေရွတ်သီဆိုလိုက်သည်။

'မိန်းကလေးများရုပ်ရည်ချောရင်...

အရောဝင်ချင်တဲ့ဝါသနာထုံတယ်...

ခေါ်ချင်တယ်၊ ပြောချင်တယ်၊ စကားရှာမယ်၊ အကြား အဝါထယ် ...

ပူးပူးကပ်ကပ်နေချင်တယ်...'

'ဦးအောင်၊ မင်းသမီးကိုရည်းစားစကားပြောနေတာလား ဦးအောင်'



'သီချင်းစာသားလေးအတိုင်း ဖြစ်နေတာတော့အမှန်ပဲ ရွှေမင်းသမီး'

'ဒါဆိုရင် မေးစမ်းချင်ပါတယ် ချစ်မှန်းသိလို့ အခွင့်ကောင်းယူသလားကွယ်'

တိတ်ဆိတ်လုံခြုံသောဟိုတယ်၏ အခန်းကြီးတွင် တစ်ယောက်တစ်ခုတင်စီဖြင့် အတူနေထိုင်ကြသော ကိုအောင်ကျော်ဇောနှင့် တက်သစ်စမင်းသမီးလေး အိန္ဒြေပြည့်ဖြိုးခိုင်တို့မှာ နှလုံးသားတွင် တဏှာရစ်ပတ်မှုများ တစ်နေ့တခြား တစ်စ တစ်စ ဖြစ်ပွားနေကြပြီဖြစ်သည်။

( ၅ )

မင်းပွဲ စိုးပွဲ ညစ်ခံပွဲမှပြန်လာသော ကိုအောင်ကျော်ဇောသည် ဘလက်လေဘယ်၏အရှိန်အဝါဖြင့် ဇိမ်ယစ်အနားယူနေလေသည်။ အချိန်ကား ည(၈)နာရီ။ မင်းသမီးလေးသည် (NIGHT SEANE)ညရိုက်ကွင်း ရိုက်ကူးပြီးပြန်လာသည်။ ရိုက်ကွင်းအဝတ်အစားများကိုချွတ်ပြီး အဝတ်အစားလဲသည်။ မိန်းကလေးတို့၏ ဣန္ဒြေဖြင့် အဝတ်အစားကို သပ်သပ်ရပ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



သိုသိုသိပ်သိပ် မလဲ။ အနောက်တိုင်းသူများအဝတ်အစားလဲသကဲ့သို့ ပြောင်ချွတ်ချပြီး လဲနေသည်။

'ဒီမှာ ရွှေမင်းသမီး ကျုပ်က ရဟာန္တာမဟုတ်ဖူးဗျာ့'

'ရဟာန္တာမဟုတ်တော့ဘာဖြစ်လဲ ဦးအောင်'

'ရဟာန္တာမဟုတ်တော့ ရှာန်လျှောချင်တာပေါ့ မင်းသမီးရယ်'

'ဦးအောင် အတော်မူးနေလား၊ ခိုင် သံပုရာရည်ဖျော်ပေးမယ်လေ'

'ကောင်းတာပေါ့ခိုင်၊ ခိုင်ရဲ့ အကြင်နာ အယူယလေးတွေကို ခံစားရတော့ စိတ်တွေဖောက်ပြန်နေတယ်ခိုင်'

'ကဲ…ကဲ ဦးအောင် အိပ်တော့နော် အိပ်တော့'

ဖိုသတ္တဝါ ကိုအောင်ကျော်ဇောနှင့် မသတ္တဝါ မင်းသမီး အိမ့်နွေပြည့်ဖြိုးခိုင်တို့သည် တဏှာရွာသား၊ ပုထုဇဉ်များဖြစ်ကြလေရာ သဒ္ဒါလွန်တော့ တဏှာကျွန်များဖြစ်သွားမည်ထင်အံ့။

တက်သစ်စမင်းသမီးလေး အိမ့်နွေပြည့်ဖြိုးခိုင်သည် ပုဂံညောင်ဦးသို့ လာရောက်ရိုက်ကူးသော ဇာတ်ကားရိုက်ကူးပြီးစီးခဲ့ပြီဖြစ်သည်။ နောက်နေ့ နံနက်မိုးသောက်အလင်းရောက်သော် ရန်ကုန်ရွှေမြို့တော်ကြီးသို့ ပြန်တော့မည်ဖြစ်သည်။



'ဦးအောင် ဒီညနှုတ်ဆက်ပွဲအနေနဲ့ ခိုင် မန်နေဂျာတို့နဲ့ ဦးအောင်တို့ကို ကျွေးမွေးဧည့်ခံချင်ပါတယ်'

'မလိုပါဘူးခိုင်ရယ်၊ ဦးအောင်က ကိုယ့်အခန်းကို ကူညီတာပဲ၊ ကျွေးမွေးချင်ရင် ဦးအောင်တစ်ယောက်တည်းခိုပဲကျွေးပါ။ စားသောက်ဆိုင်ကို အော်ဒါမှာလိုက်ပေါ့'

'ဦးအောင် ဘာစားမလဲ ခိုင်ကြိုက်တာမှာပါ။ ဦးအောင်အတွက် ဘလက်တစ်လုံး၊ ကြက်ကြွပ်ကြော် တစ်ပွဲဆိုရင်ရပြီ'

မင်းသမီးလေးကနှုတ်ဆက်ပွဲအနေနှင့် ကျွေးမွေးဧည့်ခံသောအာဟာရ အဖျော်ယမကာတို့အပြင် ကြင်နာသော နှလုံးသားဖြင့်ပြုစုမှုကို ကိုအောင်ကျော်ဇော တစ်ယောက် အပြည့်အဝခံစားရသည်မှာ ဝမ်းသာပီတိပွမ်းဆီထိ။

( ၆ )

'ဟလို ဒေါ်မြင့်မြတ်ဆွေပါလားခင်ဗျ'

'ဟုတ်ပါတယ်ရှင့်၊ဘယ်သူပါလဲ အကိုစွရှိလို့ပါလဲရှင်'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ရုပ်ရှင်မင်းသမီးလေး အိန္ဒြေပြည့်ဖြိုးခိုင်ရဲ့ ခင်ပွန်းပါ။ ကိုအောင်ကျော်စိုးဇာနဲ့ ကျွန်တော့်ဇနီးတို့ သူ့ဟိုတယ်မှာ ကာမဖောက်ပြန်မှုတွေ ရှိခဲ့တယ်။ သက်သေခံအနေနဲ့ ကျွန်တော် (DVD)အခွေပို့လိုက်ပါမယ်'

'ဘာပဲဖြစ်ဖြစ် ရှင်ဘာဖြစ်ချင်ပါသလဲ'

'ဟုတ်ကဲ့ ကျွန်တော်နစ်နာကြေးငွေ သိန်း ၁၀၀လိုချင်ပါတယ်'

'ကျွန်မ ခွေကြည့်ပြီး စီစဉ်ပေးပါမယ်။ ကျွန်မခင်ပွန်း ဂုဏ်သိက္ခာထိခိုက်မခံနိုင်ပါဘူး။ ကျွန်မခင်ပွန်းကိုလည်း အသိမပေးပါနဲ့။ သူကဒေါသကြီးတယ်။ ခိုက်ရန်ဒေါသ၊ ပဋိပက္ခတွေဖြစ်သွားနိုင်ပါတယ်'

'စိတ်ချပါ ကျွန်တော် ဒေါ်မြင့်မြတ်ဆွေဆီ အခုပဲ အခွေပို့လိုက်ပါမယ်'

ဒေါ်မြင့်မြတ်ဆွေသည် အရှက်ကို အသက်နဲ့လဲမယ်ဆိုသော လူတန်းစားမျိုးဖြစ်သည်။ စီးပွားရေးလုပ်ငန်းကောင်းပြီး ဂုဏ်သတင်းကျော်ဇောသည့်ခင်ပွန်းသည် ကိုအောင်ကျော်ဇော၏ ဂုဏ်သိက္ခာကို လုံး၀(လုံး၀)အထိခိုက်မခံနိုင်သူဖြစ်လေသည်။



'ဟလို ဒေါ်မြင့်မြတ်ဆွေပါလားခင်ဗျာ၊ ကျွန်တော် မင်းသမီးခင်ပွန်းပါ၊ သဘောထားသိချင်လို့ပါ'

'ဟုတ်ကဲ့ ကျွန်မသိန်း ၁၀၀ ပေးမယ်။ ငွေရကြောင်း အချက်အလက်နဲ့ စာချုပ်တော့လက်မှတ်ရေးထိုးပေးရမယ်။ ကျွန်မတို့လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကို လာယူပါ'

'ဟုတ်ကဲ့ ခင်ဗျာ၊ အခုလာခဲ့ပါမယ်'

မင်းသမီးအိန္ဒြေပြည့်ဖြိုးခိုင်၏ခင်ပွန်းဆိုသူ (ရိုက်ကွင်းမန်နေဂျာ) ကိုခင်မောင်သက်ချိုဦးသည် စာချုပ်ပါ အချက်အလက်များကို ဖတ်ကြည့်လက်မှတ်ရေးထိုးပြီး ငွေကျပ်သိန်း ၁၀၀ ရယူသွားခဲ့လေသည်။ ဒေါ်မြင့်မြတ်ဆွေသည် ထိုကိစ္စကို ခင်ပွန်းဖြစ်သူကိုလည်း အသိမပေးပါ။ အဖေကြီးကို စိတ်မချလွန်းသော သမီး၂ဦးကိုလည်း အသိမပေးပါ။

[အမြင်မှားသောသူ၏ တဏှာအလျဉ် သုံးဆယ့်ခြောက်ပါးတို့သည် နှစ်သက်ဖွယ်ရှိသော ရူပါရုံစသည်တို့ထံ ပြင်းထန်စွာ စီးကုန်၏။ ထိုအမြင်မှားသောသူကို ရာဂနှိပ်စက်သော အကြံအစည်တို့သည် ဆောင်ယူကုန်၏]

(ဓမ္မပဒ)

www.burmeseclassic.com

www.burmeseclassic.com



( ၇ )

'ဟဲလို မင်းသမီးအိန္ဒြေပြည့်ဖြိုးခိုင်ပါလား ခင်ဗျာ'

'ဟုတ်ပါတယ်ရှင်၊ ဘာကိစ္စပါလဲ ဘယ်သူပါလဲ'

'ကျွန်တော် ပုဂံညောင်ဦးက ဦးအောင်ကျော်ဇော ပိုင်ဟိုတယ်က အလုပ်သမားတစ်ဦးပါ။ မင်းသမီးနဲ့ ဦးအောင်ကျော်ဇောတို့ ဟိုတယ်အခန်းမှာ လင်မယား လိုနေကြတဲ့ DVDခွေ ကျွန်တော်ရိုက်ယူထားပါတယ်။ မင်းသမီးဂုဏ်သိက္ခာမကျချင်ရင် ကျွန်တော့်ကို ငွေကျပ် သိန်း(၁၀၀)ပေးပါ။ မပေးရင် အင်တာနက်တို့ ဘလူး ခွေရောင်းသူတို့ကို ကျွန်တော်ရောင်းလိုက်မယ်'

'မလုပ်ပါနဲ့ရှင်၊ ကျွန်မအခုမှနာမည်ရကာစ၊ တက်သစ်စ မင်းသမီးပါ။ ကျွန်မငွေပေးပါ့မယ်။ ဒါပေမဲ့ ကျွန်မ သိန်း ၁၀၀ တော့မတတ်နိုင်ဘူး။ သိန်း ၅၀ ပဲယူပါ။ အဲဒီခွေလည်း ကျွန်မကိုပေးပါ။ လျှောက်ပြီး မဖွပါနဲ့။ ကျွန်မတောင်းပန်ပါတယ်'

ငွေညှစ်သူက ဘယ်သူလဲ ဖောက်ပြန်ရေးသမားဘယ်သူလဲ



သိရှိဖို့ထက် မိမိ၏ဘဝတစ်ခုလုံး အရှက်ရမှာကိုသာ စိုးရိမ်နေသောကြောင့် မင်းသမီးအိန္ဒြေပြည့်ဖြိုးခိုင်သည် ပုဂံဟိုတယ်မှ ဝန်ထမ်းဆိုသူအား ချိန်းဆိုသည်။ ငွေရရှိကြောင်းစာချုပ်တွင် အချက်အလက်များရေးသားပြီး လက်မှတ်ရေးထိုးစေပြီး ငွေပေးလိုက်သည်။ DVDခွေကို ရယူလိုက်သည်။

[နိုးကြား(အိပ်မပျော်)သောသူအတွက် ညတာရှည်၏။ ခရီးပန်းသောသူအတွက် ယူဇနာခရီးသည်ရှည်၏။ သူတော်ကောင်းတရားကိုမသိကုန်သောလူမိုက်တို့အတွက် သံသရာသည်ရှည်၏]

(ဓမ္မပဒ)

မင်းသမီးအိန္ဒြေပြည့်ဖြိုးခိုင်သည် ဟိုတယ်ကအလုပ်သမားပါဆိုသောအကြံပက်စက်မှုကို ကိုအောင်ကျော်ဇောအား အသိပေးရင်ကောင်းမည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။ နှစ်ဦးလုံးအတွက် အရှက်တကွဲ၊ အကျိုးနည်းမဖြစ်ရလေအောင် အကာအကွယ်လုပ်ဖို့ စီစဉ်ရန် အသိပေးရန်စီစဉ်သည်။

'ဟလို ပြောပါရှေ့မင်းသမီး'

'ဦးအောင် အရေးကြီးပြဿနာတော့ပေါ်နေပြီ။ဦးအောင်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ဟိုတယ်က အလုပ်သမားဆိုသူက ဦးအောင်နဲ့ခိုင်တို့ အတူနေခဲ့တဲ့ပုံရိပ်တွေကို ဗီဒီယိုရိုက်၊ ခွေထုတ်ပြီး ခိုင်ဆီကိုငွေညှစ်တယ်၊ အရှက်ကွဲမှာစိုးလို့ ငွေကျပ်သိန်း ၅၀ ပေးပြီး စာချုပ်မှာလက်မှတ်ထိုးခိုင်းတယ်၊ ခွေကိုလည်း ယူလိုက်တယ် ဦးအောင်'

'ဦးအောင်ရဲ့ ဟိုတယ်အလုပ်သမားတော့မဖြစ်နိုင်ဘူး။ ဦးအောင်ရဲ့အခန်းထဲကို ဘယ်ဝန်ထမ်း ဘယ်အလုပ်သမား မှဝင်ခွင့်မရှိဘူး။ ခိုင်နဲ့အတူ အခန်းထဲကိုအဝင်အထွက်ရှိသူပဲ ဖြစ်နိုင်တယ်'

'ခိုင်လည်း ရိုက်ကွင်းမန်နေဂျာ ဖြစ်နိုင် တယ်လို့ ယူဆတယ်။ သူက တွဲဖက်(ကင်မရာမင်း)လည်း ဖြစ်တော့ ခွေရိုက်တတ်တယ်၊ သူ့လက်ချက်ဖြစ်မယ်လို့ ယုံကြည်ထားတယ်။ ပြဿနာတော့အေးသွားပြီ၊ နောက်ထပ်ပြဿနာမရှိအောင်ကာကွယ်ဖို့ ခိုင်သတိပေးတာပါ၊ ဦးအောင်က အိမ်ထောင်သည်၊ စီးပွားရေးလုပ်ငန်းရှင်ကြီးဆိုတော့ ကာကွယ်မှုလုပ်ထားဖို့ ခိုင်တင်ပြတာပါ'



'ဦးအောင်ဝမ်းသာပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်၊ ခိုင် ငွေရေးကြေးရေးလိုအပ်ရင်လည်းပြောပါ အားမနာပါနဲ့'

ကိုအောင်ကျော်ဇောနှင့် မင်းသမီးအိခြွေပြည့်ဖြိုးခိုင်တို့သည် ပေါ့လျော့စွာနေထိုင်မှုကြောင့် ဂုဏ်သိက္ခာ ထိပါးနိုင်သော ငွေညှစ်ခံရမှုကို နောက်ထပ်ပြဿနာမပေါ်ပေါက်စေရန်တိုင်ပင်၍ အကာအကွယ်ပြုလုပ်ကြလေသည်။

( ၈ )

ကိုအောင်ကျော်ဇောတစ်ယောက် အိပ်မပျော်သော ညတစ်ညဖြစ်နေသည်။ DVDခွေ ရိုက်ထားသူက နောက်ထပ်ငွေညှစ်မှုတစ်ခုခုလုပ်မည့်အခြေအနေကို တွေးနေသည်။ ဒီလူယုတ်မာကို ဘယ်လိုနှိပ်ကွပ်ရင် ကောင်းမလဲစဉ်းစားနေသည်။ ဇနီးနှင့်သမီးများထံသို့လည်း ငွေညှစ်ခြင်း၊ သိက္ခာကျစေရန်ပြုလုပ်ခြင်းများ ပေါ်ပေါက်လာနိုင်သည်ကိုတွေးတောနေမိသည်။ ဇနီးဖြစ်သူကို ကြိုတင်အသိပေးအကြောင်းကြားထားရင် ကောင်းမည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။

'ဟဲလို ဒါလင်၊ ပြောပါ ဒါလင်'

www.burmeseclassic.com

www.burmeseclassic.com



'အချစ်ရေ အရေးကြီးတဲ့ကိစ္စတစ်ခုပြောချင်တယ်'

'ဒါလင်ကလည်း ကိုယ့်မယားကိုပြောတာများ ခွင့်တောင်း နေရသေးလား'

'ဒီလိုအချစ်ရေ ကိုယ်တို့ဟိုတယ်မှာလာပြီးတည်းခိုတဲ့ ရုပ်ရှင်၊ ဗီဒီယိုမင်းသမီးလေး အိမြွေပြည့်ဖြိုးနိုင် နဲ့ ဒါလင်တို့ ရှပ်ခဲ့ကြဖူးတယ်။ အဲဒါကို ငွေညစ်လိုသူက ကြိုတင်ပြင်ဆင်ပြီး ဗီဒီယိုခွေရိုက်ယူခဲ့တယ်။ အဲဒီခွေကိုအကြောင်းပြပြီး အင်တာနက်တင်မယ်၊ ဘလူးခွေဖြန့်တဲ့ သူတွေကိုရောင်းမယ်၊ မရောင်းစေလိုလျှင် ငွေသိန်း ၁၀၀တောင်းတယ်၊ သိန်း၅၀ပေးပြီး စာချုပ်လုပ်ခိုင်းပြီး ပေးခဲ့ရတယ်အချစ်ရေ'

'ဩော်...ဟုတ်လား၊ နာမည်က ဘယ်သူတဲ့လဲ၊ မင်းသမီးနဲ့ ဘာတော်သတဲ့လဲ'

'ဒါလင်တို့ဟိုတယ်က အလုပ်သမားဆိုပြီး ငွေညစ်တာတဲ့'

'ဒါလင် အချစ်ဆီကိုလဲ မင်းသမီးရဲ့ခင်ပွန်း ခင်မောင်သက်ရှိဦးဆိုသူက ခွေပြပြီး ငွေသိန်း၁၀၀တောင်းတယ်။



ဒါလင်ရဲ့ ဂုဏ်သိက္ခာထိပါးမှာစိုးလို့ စာချုပ်စည်းကမ်းချက်ရေးပြီး လက်မှတ်ရေးထိုးပေးလို့ အချစ်သိန်း(၁၀၀) ပေးလိုက်ရတယ် ဒါလင်'

'နောက်ထပ် ငွေညစ်မှုတစ်ခုခုရှိလာရင် ဒါလင်ကို ချက်ခြင်းအသိပေးပါ။ ဒီကောင့်ကိုတစ်နည်းနည်းနဲ့ ဒါလင်အပြတ်ရှင်းမယ်'

'ပြီးတာတွေ ပြီးပါစေတော့ဒါလင်ရယ်'

ကိုအောင်ကျော်စောသည် မြွေပွေးပိုးထိဆိုသလို ခံစားလိုက်ရသောကြောင့် (မင်းသမီးရဲ့ခင်ပွန်းဆိုသောသူ) (ဟိုတယ်က အလုပ်သမားဆိုသောသူ)ကို သားပုလင်းနှင်းမောင်လုပ်ရန် ဘော်ဒါတော်ဂျက်များဖြင့် **'စစ်မျက်နှာ ဖွင့်ထားလိုက်လေသည်'**။

ချစ်နှီးဒေါ်မြင့်မြတ်ခွေကတော့ ကရားသမားပီပီ ဒါတွေဟာဖြစ်ပျက်တွေပဲ ဖြစ်ပြီးရင်ပျက်သွားတာပဲ တကယ်ဆိုတော့ ခန္ဓာငါး၊ ရုပ်နာမ်(၂)ပါးသာဖြစ်တယ်ဟု တရားဖြင့် ဖြေဖျောက်နေသူဖြစ်လေသည်။ သို့ရာတွင် သူမလည်းပုထုဇဉ် လူသားဆိုတော့ သီချင်းလေးညည်းတွားသီဆိုရင်း ဖြေဖျော်ရလေသည်။

www.burmeseclassic.com

* အယောင်ဆောင်အပိုမပြောတတ်သူမို့ကွယ်...
* မောင်မောင်ဆိုလေ မကဲလိုက်ချင်နဲ့ကွယ်...
* ခုလိုချစ်တာ စည်းစိမ်မလိုပါတယ်...
* မောင်အချစ် တစ်ဖက်မကူးခင်ကွယ်... ညောင်မြစ် ဆက်မတူး ချင်တယ်...'
* မပျက်မဆုံးပေါင်၊ အချစ်ရှာချင်သေးသလားကွယ်
* တသက်မမုန်းပေါင် မျက်လုံးဒေါက်ထောက်ကြည့်အုံးမယ်။

'ဘယ်သူမပြု မိမိမှု'

❑




www.burmeseclassic.com

www.burmeseclassic.com

'အငြိမ့်မင်းသမီးကို ရည်းစားထားတဲ့လူဆိုတာမျိုးဟာ သဘောထားလေးကြီးဦးမှပေါ့ရှင်ရယ်၊ မီးရောင်အောက်ကိုဝင်ရင် လူပြက်တွေနဲ့တွဲတော့၊ မောင့်သဘောက မကြည်မလင်၊ ပြော်... မြရင် မြရင် မြရင် ချစ်ကြပေသရှင် ပြည်တစ်ခွင်- မောင့်အချစ်မျိုးဟာ ဘယ်အမျိုးအစား လဲကွယ် အားမရနိုင်အောင်ပင် . . .ပေါ်ပေါ်လွင်လွင်... ချစ်ချင်ကြသရှင် အလှူ့ရှင်မှန်း အားလုံးသိကြပါတယ်ကွယ်၊ 'အငို့ငိုနော်ကြဲလိုက်သရှင် ပြော်. . .တိုင်ပေါ်အလံ စိုက်ချင်. . . ။'



'ဟေး စန္ဒာ၊ နင်ကိုသက်ကိုလွှမ်းနေတာလား၊ မောင့်သဘောလိုက်လျှောဖို့ စိတ်ကူးယဉ်နေတာလား'

'ကေရီရယ်၊ ငါ ကိုသက်ကိုယူဖို့ဆုံးဖြတ်လိုက်ပြီ၊ ဒါပေမဲ့ စာချုပ်သက်တမ်းကုန်ဆုံးတဲ့အထိတော့ စောင့်ရမှာပေါ့'

စန္ဒာဒေဝီနှင့် ကေရီတို့သည်(အရှေ့တိုင်းလှယဉ်ကျေးမယ်သင်တန်းနှင့် ဖက်ရှင်ကုမ္ပဏီ)မှ ဖက်ရှင်မယ်၊ မော်ဒယ်ဂဲလ်လှယဉ်ကျေးမယ်ကလေးများအနက်မှ လူကြိုက်များ ထင်ရှားကျော်ကြားသူလေးများဖြစ်ကြသည်။ စန္ဒာဒေဝီသည် ရှမ်း-ဗမာကပြားမလေးဖြစ်သည်။ အသားဖြူသည်၊ နှာတံလေးပေါ်သည်။ မယ်ဗမာတို့အတွက် လိုအပ်ချက်အရပ်အမောင်း (၅)ပေ(၆)လက်မ။ ခါးတင်ရင်အချိုးအဆစ်ပြည့်စုံသူလေးဖြစ်သည်။

ရွှေဆိုင်ကြော်ငြာ၊ ပိုးထည်ကြော်ငြာ၊ အလှကုန်ပစ္စည်းများကြော်ငြာ၊ ဆေးကြော်ငြာ၊ ကုန်ပစ္စည်းမျိုးစုံ ကြော်ငြာများ၊ တွင်တွင်ကျယ်ကျယ် ကြော်ငြာနေကြရသူလေးများဖြစ်သည်။ မဟာရန်ကုန်မြို့တော်ကြီး၏ လမ်းဆုံ၊ လမ်းခွများ၊ မြင်ကွင်းကောင်း၊ မြူးပို့ုင့်တိုင်းလိုလို သူတို့၏ကြော်ငြာဆိုင်းဘုတ်ကြီးများကို ပြည်သူတွေ မြင်တွေ့နေကြရသည်။

နိုင်ငံတော်က ကြီးမှူးသော ဖက်ရှင်ပွဲများ၊ ပြည်တွင်း

www.burmeseclassic.com

www.burmeseclassic.com



ပြည်ပမှ ကုမ္ပဏီကြီးများကပြုလုပ်သော ရှိုးပွဲကြီးများတွင်လည်း ဗန်းကိုင်လှယဉ်ကျေးမယ်များ၊ (၇)လွှာရှိုးပွဲကြီးများ၊ ရန်ပုံငွေလှယဉ်ကျေးမယ်ပွဲကြီးများအတွက် ဆောင်ရွက်ပေးရသော အရှေ့တိုင်းဖက်ရှင်ကုမ္ပဏီ၏ ပွဲကြီးများတွင်လည်း၊ စန္ဒာဒေဝီနှင့် ကေရီတို့ အမြဲပါဝင်ကြရသည်။

သတို့သမီးရွေးချယ်လိုကြသော အစ်ကိုကာလသားများကလည်း ဖက်ရှယ်မယ်၊ မော်ဒယ်ဂဲလ်လေးများ၏ ရှိုးပွဲတိုင်းလိုလို လာရောက်ရွေးကြသည်။ ကဲကြသည်။

'မာမီရယ် သူလေးက လိမ္မာတယ်၊ မာမီရယ် သူလေးက ဖက်ရှင်မယ် . . .

မာမီရယ် သူကတော့မော်ဒယ်မယ်၊ မာမီရယ် သူကတော့ အဆိုတော်မယ်...'

မနောဟာဒယ သဘောကျမိတ်ဆက်ကြပြီး မိဘများနှင့် မိတ်ဆက်ပေးခြင်း၊ ပေးစားရန်အခွင့်တောင်းကြသည်များလည်း ရှိကြသည်။

သက်ကြားအိုဘောစေ့ကြီးများကလည်း နွားအိုမြက်နုကြိုက်ဆိုသကဲ့သို့ သွားရည်ကျမတတ် မိတ်ဆက်ကြသည်။ အလိုလိုက်အကြိုက်ပေးပြီး အကြင်နာတရားတွေ ပုံအောပြီးပေးအပ်လို



သူများကလည်း အနတဂ္ဂမ များလေစွာ၊ များလေစွ။ (ပုထုဇနော ဥမ္မတ္တကော)။

(၂)

ရတနာကုန်သည်ကြီးများ စုပေါင်းခင်းကျင်းပြသရောင်းချသော ရတနာပစ္စည်းဈေးရောင်းပွဲနှင့် ဖက်ရှင်ပြပွဲကြီးတွင် ဖြစ်သည်။ စန္ဒာဒေဝီ၊ ကေရီအစရှိသော ဖက်ရှင်မယ်ရောင်စုံမလေးများ (၂၀)ကျော်တို့၏ အလှအပများမှာ စုံလှသည်။ ဂျပန်မှာလား၊ စင်္ကာပူမှာလား၊ ကိုးရီးယား၊ ပြင်သစ်တို့မှာလား ထင်ရမလောက်။

ရတနာပစ္စည်းဝယ်ယူသူများ၊ ဖက်ရှင်ရှိုးပွဲကြီးကို ကြည့်ရှုခံစားသူများ၊ ဓာတ်ပုံဆရာများ၊ သတင်းမီဒီယာ လောကမှ ဂျာနယ်လစ်ကြီးများ စုံလှသည်။ (SKY NET) (MRTV-4) ရုပ်သံဗိုင်းတော်သားများကလည်း အလှအယဉ် သူ့ထက်ငါ ရိုက်ကူးကြသည်။

'ပွဲပြီးလို့ အချိန်တန်အိမ်ပြန်ကြရသည်' ဆိုသော အငြိမ့်သီချင်းလေးအတိုင်းပင် ဖက်ရှင်မယ်လေးများ၊ မော်ဒယ်ဂဲလ်များ၊ ဖက်ရှင်ပွဲအခမ်းအနားပြီးဆုံးသောကြောင့် အိမ်ပြန်ရန် အလျှိုအလျှိုထွက်လာကြသည်။

'စန္ဒာ့ကိုလိုက်ပို့မယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ် ကိုသက်၊ ဖယ်ရီကားရှိပါတယ်၊ အားနာစရာကြီး'

'စန္ဒာက ကိုသက်ကို အားနာရမယ့်သူလား၊ လေစိမ်းတွေတိုက်မနေပါနဲ့ အချစ်ရယ်။ ဘောစေ့ကြီးတွေ မျက်စိကျနေတဲ့စန္ဒာကို ကိုသက်စိတ်မချနိုင်ဘူး'

'ကဲ…ကဲ ဒါဆိုလဲ ကိုသက်သဘော'

'လာ…ကားပေါ်တက်'

သက်ပိုင်စိုးနန္ဒသည် ကုမ္ပဏီတွင် တစ်နှစ်စာချုပ်ဖြင့် မော်ဒယ်မင်းသမီး၊ ဖက်ရှင်မယ်၊ လှယဉ်ကျေးမယ်ပြုလုပ်နေသူ စန္ဒာဒေဝီနှင့် သံယောဇဉ်ငြိတွယ်လာခဲ့ရာမှ ရာသက်ပန် အိမ်ထောင်ဖက်အဖြစ် လက်ထပ်ကြရန် ဆုံးဖြတ်ထားသူဖြစ်သည်။ အတူတကွပေါင်းသင်းနေထိုင်ရန်အတွက် စာချုပ် သက်တမ်းပြည့်မည့်ရက်ကို လက်ရေချိုးပြီး စောင့်မျှော်နေရသော (အချစ်ဒရဝမ်) အချစ်ဥစ္စာစောင့်တစ်ဦးဖြစ်နေသည်။

ပန်းပန်လျက်ပါ ရုပ်ရှင်ဇာတ်ကားမှ အငြိမ့်မင်းသမီး မဗေဒါကို အငြိမ့်ပွဲကရာပွဲများသို့ တကောက်ကောက်လိုက်ပြီး အချစ်သဒ္ဒါတရား၊ မေတ္တာပွားနေရသော တက္ကသိုလ်ကျောင်းသားကိုစောထွန်းကဲ့သို့ သက်ပိုင်စိုးနန္ဒမှာလည်း စန္ဒာဒေဝီတို့ကုမ္ပဏီမှ တာဝန်ယူရသော ရှိုးပွဲများ၊ ဖက်ရှင်ပွဲများ၊ လှယဉ်ကျေးမယ်ပွဲ



များသို့ စိတ်မချသောစိတ္တအချစ်များစွာဖြင့် ကြို/ပို့(မထသ) လုပ်နေရသည်မှာ မမောနိုင်၊ မပန်းနိုင်။

'စန္ဒာ မနက်ဖန်(၁၁/၁၂)နာရီလောက် အပြင်ထွက်ဖို့ ခွင့်တောင်းလိုက်ပါ။ အချစ်နဲ့ကိုနေဖို့ ကွန်ဒိုတိုက်ခန်း ဝယ်ဖို့ချိန်းထားတယ်။ ဝယ်သူအဖြစ် စန္ဒာလည်း လက်မှတ်ထိုးရမယ်'

'တကယ်ပြောတာလားကိုသက်'

'စန္ဒာ၊ အိမ်ထောင်ပြုတယ်ဆိုတာ ကလေးကစားတာ မဟုတ်ဘူး။ စာချုပ်ပြည့်ဖို့ (၂၅)ရက်ပဲ လိုတော့တယ်။ ဒါ့ကြောင့် ဒီတစ်ပတ်တိုက်ခန်းဝယ်စာချုပ်ချုပ်မယ်။ နောက်တစ်ပတ်လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ဖို့ ဈေးပင် ထွက်မယ်'

'ဝမ်းသာလိုက်တာကိုသက်'

အရွှးအမူးချစ်နေကြသော သက်ပိုင်စိုးနန္ဒနှင့် စန္ဒာဒေဝီတို့သည် အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်၊ ဂုဏ်ထိုက်ဆုံးဖြိုးချက်မပိုင်လျှင်၊ နောင်ပြင်နိုင်ခဲသည့်အမှု၊ စကားအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပြင်လို့မရ၊ ဖျက်လို့ မရနိုင်သော အိမ်ထောင်ရေးဘဝတစ်ခုကို တည်ဆောက်ကြတော့မည်ဖြစ်လေသည်။

( ၃ )

စာချုပ်ပြည့်ပြီးဆုံးသောနေ့တွင် ဖြစ်သည်။ စန္ဒာဒေဝီသည် ကုမ္ပဏီပိုင်ရှင်မိသားစု၊ ဘဝတူ မော်ဒယ်ဂဲ၊ ဖက်ရှင်မယ်တို့အား မိမိဘဝမြင့်မားအောင် ချီးမြှောက်သူများဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးတမ်းစဉ်လာ အတိုင်း ကန်တော့သည်။ အပေါင်းအသင်း ရောင်းရင်းများအား နှုတ်ဆက်ပွဲအဖြစ် ကြာဆံကြော်အော်ဒါပေးပြီး ကျွေးမွေးဧည့်ခံသည်။ သက်ပိုင်စိုးနန္ဒကလည်း ယနေ့မှစပြီး ကျွန်တော်၊ ကျွန်မတို့ အကြင်လင်မယားအဖြစ် ယူလိုက်ကြပြီဖြစ်ကြောင်း ကြေညာမောင်းခတ်လိုက်ကြသည်။ ကြိုတင်ပြင်ဆင်ဝယ်ယူထားသော(တိမ်တမာန်ကွန်ဒို) တတိယထပ်အခန်းကြီးတွင် ပြောင်းရွှေ့နေထိုင်ကြသည်။

နောက်နေ့တွင်ဖြစ်သည်။ လင်ရယ် မယားရယ်ဖြစ်လာကြသော်လည်း လူမျိုးဓလေ့ထုံးတမ်းစဉ်လာအရသော်လည်းကောင်း၊ တရားရုံးများတွင်သော်လည်းကောင်း၊ ထိမ်းမြားလက်ထပ်လိုကြသည်။ သို့ကြောင့်လည်း (စိန်ဘုရားသားဥပဒေအကျိုးဆောင်အဖွဲ့)သို့ သွားရောက်ပြီးတိုင်ပင်ကြသည်။



'ဒီလိုရှိတယ်ကွာ၊ တရားရုံးမှာ ထိမ်းမြားလက်ထပ်တဲ့ စာချုပ်လုပ်မယ်ဆိုရင် ဘာသာတူရတယ်၊ ဘာသာမတူတော့ တူအောင်တစ်ဦးဦးက မိမိဘာသာကို စွန့်လွှတ်ကြောင်း၊ ဘာသာကူးပြောင်းကြောင်း ကျမ်းကျိန်ရတယ်။ တူသွားတော့မှ လက်ထပ်လို့ရနိုင်မယ်'

တစ်ဦးရဲ့ဘာသာရေး၊ လူမျိုးရေးတို့ကို မထိခိုက်၊ မနစ်နာစေလိုကြပါ။ မိမိတို့ရဲ့ဘာသာဓလေ့ထုံးတမ်းများကို မိမိတို့ဘာသာ လွတ်လပ်စွာကိုးကွယ် ကျင့်သုံးသွားကြရန် စိတ်နှလုံးဒုံးဒုံးချလိုက်ကြရတော့သည်။

လုပ်ဖော်ကိုင်ဖက်များ၊ ဝန်ထမ်းများ၊ အပေါင်းအသင်း ရောင်းရင်းများကို မိမိတို့၏မင်္ဂလာဧည့်ခံပွဲအဖြစ် စင်ထရယ်ဟိုတယ်ကြီးတွင် တခမ်းတနားကျင်းပဧည့်ခံလိုက်ကြလေသည်။ လူကုံထံတို့၏ မင်္ဂလာပွဲတွင် စန္ဒာဒေဝီ၏ မိဘများသာလာရောက်ကြပြီး သက်ပိုင်စိုးနန္ဒ၏မိဘများကား မလာရောက်ကြပေ။

သံသရာအဆက်ဆက် ဘဝအဆက်ဆက်ကပြုခဲ့ဖူးသော ဒါနမျိုးစေ့များ ပေါက်ဖွားလာသောကြောင့်ဟု ဆိုရပါမည်။ သက်ပိုင်စိုးနန္ဒ၏ မိဘများလုပ်ကိုင်ခဲ့သော ဆောက်လုပ်ရေးလုပ်ငန်းများကား တရိပ်ရိပ်ကျဆင်းနေသည်။ ပြဿနာမျိုးစုံ၊ အမှုမျိုးစုံရှင်းနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖအေထက်သားတစ်လကြီးဆိုသကဲ့သို့ ပြောရလောက်အောင် သက်ပိုင်စိုးနန္ဒ၏ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်လုပ်ငန်းများမှာ တစ်နေ့တခြား တိုးပွားအောင်မြင်နေလျက် ရှိသည်။ စီးပွားရေးလုပ်ငန်းများ အဆင်ပြေအောင်မြင်ခြင်းနှင့်အတူ သက်ပိုင်စိုးနှင့် စန္ဒာတို့သည် ဘာသာမတူ၊ လူမျိုးမတူဖြစ်ကြသော်လည်း နှလုံးသားပေါင်းစပ်မှုတို့မှာ တစ်သွေးတည်း တစ်သားတည်းဖြစ်ကြသည်။

'ကိုသက်၊ စန္ဒာက အနုပညာသမားဆိုတော့ ကိုသက်ရဲ့ စီးပွားရေးလုပ်ငန်းတွေကို မလုပ်တတ်ဘူး။ ဝါသနာမပါ စိတ်မပါဘူး။ ဒါကြောင့် စန္ဒာဝါသနာပါတဲ့ ကျွမ်းကျင်တဲ့ စီးပွားရေးလုပ်ငန်းလုပ်ချင်တယ်'

'လုပ်ပေါ့စန္ဒာရယ် ဘာလုပ်ဖို့စိတ်ကူးရှိလဲ'

'နံပါတ်(၁)ကတော့ စန္ဒာ သီချင်းစီးရီးထုတ်ကြည့်မယ်။

'နံပါတ်(၂)ကတော့ အလားအလာကောင်းတဲ့အဆိုတော်တွေကို ငွေရိုက်ထုတ်မြှင့်တင်ပေးပြီး အကျိုးတူလုပ်မယ်ပေါ့ ကိုသက်ရယ်'

'လုပ်ကြည့်ပေါ့အချစ်ရယ်၊ အောင်မြင်တာ မအောင်မြင်တာဆိုတဲ့အချက်ကတော့ ကုသိုလ်ကံ အပေါ်မှာမူတည်ပါတယ်၊ ကြိုးစားရမယ်၊ သည်းခံရမယ်ဆိုတာကတော့



အလုပ်လုပ်သူရဲ့ ဝါယမစိုက်ထုတ်မှုပေါ့အချစ်။ လုပ်သာလုပ်ပါ'

'ငွေရင်းဘယ်လောက်လိုမလဲအချစ်'

'သိန်းငါးရာလောက်လိုမယ် ကိုသက်'

'ဒါဆို အချစ်စိတ်ကြိုက်လုပ်ဖို့ သိန်း(၁၀၀၀)သုံးလိုက်။ အချစ်အတွက် အချစ်နာမည်နဲ့ လိုရမယ်ရသုံးဖို့ထားတဲ့ ဘဏ်ကငွေကိုထုတ်မသုံးနဲ့နော်'

ကတ္တီပါဖိနပ်စီး၊ရွှေထီးဆောင်း၊ သဲဖြူခင်းရာဇမတ်ကာ ဆိုသကဲ့သို့ စန္ဒာဒေဝီ၏အနုပညာစီးပွားရေး လုပ်ငန်းများမှာလည်း မျှော်လင့်သည်ထက်အောင်မြင်သည်။ ဗီဒီယိုရိုက်ကူး ထုတ်လုပ်သောလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လာနိုင်ကြသည်။ လူမင်းချမ်းသာ နတ်မင်းမနေသာဖြစ်နေသည့်အလား။

( ၄ )

သက်ပိုင်စိုးနန္ဒ၊ စန္ဒာဒေဝီတို့၏ အိမ်ထောင်သက်သည်ကား (၅)နှစ်တင်းတင်းပြည့်ခဲ့လေပြီ။ သားသမီးလိုချင်သောကြောင့် ဘိုးတော်၊ နတ် အစရှိသောပုဂ္ဂိုလ်ကျော်များနှင့် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများဖြင့် အားထုတ်သော်လည်း သားသမီးမထွန်းကားခဲ့ကြ။ သောကြာနေ့၏ သန်းခေါင်ယံည

www.burmeseclassic.com

www.burmeseclassic.com



တစ်ညတွင်ဖြစ်သည်။ သက်ပိုင်စိုး တယိမ်းတယိုင်ဖြင့် အိမ်သို့ ပြန်လာသည်။ ခါတိုင်းသောက်လေ့ရှိသော (ဘလက်လေဘယ်) အရက်နံ့မဟုတ်။ မူးတော့မူးနေသည်။ အမူးချင်းမတူပါ။ အရက်မူးသောအချိန်ဆိုပါက ဒေါသဖြစ်တတ်သည်။ အရိုင်းအစိုင်းတွေ ပြောလေ့ရှိသည်။ ယခုမူးနေပုံက ပြုံးရယ်နေသည်။ ခေါင်းလေးတညိတ်ညိတ်ဖြစ်နေသည်။

'ကိုသက် ဘာစားဦးမလဲ'

'ကို ဘာမှမစားတော့ဘူး၊ အိပ်ကြစို့အချစ်'

ခေါင်းအုံးပေါ်သို့ ခေါင်းချလိုက်သည့်တိုင်အောင် ကိုသက်၏ မျက်နှာမှာ ပြုံးနေသည်။ ခေါင်းလေးတခါခါဖြစ်နေသည်။ မျက်နှာ၊ ကိုယ်လုံးတို့ကို ရေဖတ်တိုက်ပေးသည်ကိုပင် သူမကြိုက်။ စိတ်နှလုံးပျော်ရွှင်စွာ အိပ်ပျော်စေရန်အတွက် စန္ဒာသားချော့သီချင်းလေးဖြင့် သိပ်သည်။

'ကိုသက်ရဲ့အိပ်ပါဆို နိုးမငိုလို့ပေး။ နိုးဖြုရယ် နိုးပြာနက်ကယ် ဖမ်းခက်လှသေး။

ကိုသက်ရဲ့ အိပ်ချိန်တန် ဖျိုင်းရှေ့ကပျံ၊ ပျံလေသည့် ကိုရွှေဖျိုင်း ညွတ်တွေကပိုင်း။



ညွတ်ဝိုင်းနဲ့ ရွှေဖျိုင်းဖြူ ကယ်သူရယ်မရှိဘူး။ ဖျိုင်းရှေ့ ကမြူး'

စန္ဒာ၏ သားချော့သီချင်းလေးကို ငြိမ်သက်စွာခံစားရင်း စိတ်ငြိမ်သွားသည်။ ချွေးစေးများပြန်လာသည်။ ခရူးခရောဖြင့် ဟောက်သံများထွက်လာပြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားလေတော့သည်။

အချိန်ကား အရဏ်ကင်းပျောက် အလင်းသို့ရောက်ခဲ့လေပြီ။ ခါတိုင်းနံနက်(၈)နာရီအိပ်ရာမှထလေ့ရှိသော ကိုသက်မှာ (၁၀)နာရီအထိ အိပ်ရာမှမထသေး၊ ဆောက်လုပ်ရေးဆိုက်မှ မန်နေဂျာ၊ ဆောက်လုပ် ရေးပစ္စည်းမှာယူလိုသူများ၏ တယ်လီဖုန်း၊ ဟန်းဖုန်းတို့က တဂွမ်ဂွမ်။

'ကိုသက်ရေ ထပါတော့ ရောင်ခြည်လာလှပေါ့၊ တစ်ကျော့နှစ်ကျော့တေးကိုသီ၊ ငှက်ကျားနှုတ်ပလီ'

'အချစ် ဘယ်နှစ်နာရီထိုးပြီလဲ'

'(၁၀း၃၀)ရှိပြီ ကိုသက်'

'အော် အတော်နောက်ကျနေပြီ ထတော့မယ်နော်အချစ်'

အရက်မူးလော၊ ဘာမူးသလဲ မသိသော စန္ဒာသည်

www.burmeseclassic.com

www.burmeseclassic.com



လင်တော်မောင်ကို စိတ်မချသောကြောင့် အိမ်သာခန်း၊ ရေချိုးခန်းအထိ လိုက်ပို့သည်။

'အချစ်၊ ကို့ကို ဘာစိတ်မချဖြစ်နေရတာလဲ'

'ကိုသက် ညတုန်းက အရမ်းမူးတယ်၊ မူးတာက ခါတိုင်းနဲ့ မတူဘူး။ အခုတော့လည်း ဘာမှမဖြစ်သလိုပဲ'

'အချစ်ရယ် အရက်မူးတာမဟုတ်ပါဘူး၊ ဇိမ်ယစ်[illegible]၊ ဇိမ်မူးတာပေါ့'

'နိုက်ကလပ်တွေမှာ ဆိုကြတယ်၊ ကကြတယ်၊ အဲဒီအ[illegible] မှာ အဆို၊ အကမှာ ခေါင်းလေးတခါခါနဲ့ ဇိမ်ယူကြတယ်၊ ဇိမ်ယံစ်ကြတာယ်ပေါ့အချစ်ရယ်။ အချစ်ဝါသနာပါရင် နောက်သောကြာနေ့လိုက်ခဲ့၊ ကိုသက်နဲ့အတူဆိုကြမယ်၊ ကကြမယ်'

'ကိုသက်ရယ် မိန်းကလေးတစ်ယောက်အနေနဲ့ မသင့်တော်ပါဘူး၊ ကိုသက်ပဲ ဇိမ်ယူပါ၊ ဇိမ်ခံပါ'

နှလုံးသားချင်းပေါင်းစပ်၊ ချစ်ကတိသစ္စာခိုင်မြဲကြသော သက်ပိုင်စိုးနှင့် စန္ဒာဒေဝီတို့လင်မယားတွင် အမုန်းစိတ်၊ မနာလိုစိတ်၊ သံသယစိတ်များမရှိကြပါ။ ခွင့်လွှတ်၊ သည်းခံခြင်းတို့က



လွှမ်းခြုံထားကြလေသည်။ တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ခင်ကြသော အကြင်လင်မယားဖြစ်ကြသည်။

( ၅ )

'သိကြားမင်းရဲ့ ဘုံဗိမာန် နိုက်ကလပ်'တွင်ဖြစ်သည်။ အချိန်ကား ည(၁၀)နာရီခန့်။ (OPEN TO ALL)မည်သူမဆို (ဒန့်စ်)ကနိုင်သည့်ခန်းမတွင် ဝါသနာရှင်ကလပ်မယ်လေးများ ကနေကြသည်။ ဘရိတ်ဒန့်စ် ဝါသနာရှင်လူငယ်များလည်း ကနေကြသည်။ မြူးကြွသော မက်ဒေါနား၏သီချင်း၊ တီးလုံးများကလည်း ကချင်စရာ၊ မြိုင်မြိုင်ဆိုင်ဆိုင်။ သီးသန့်အော်ဒါကလပ်အခန်းတွင်လည်း အော်ဒါလုပ်ထားသူများအလျှိုလျှိုရောက်ရှိနေကြသည်။ KTVအခန်းများတွင်လည်း သူ့အဖွဲ့နှင့်သူ။ လုံခြုံရေးများကလည်း မျက်ခြည်မပြတ် တင်းတင်းကြပ်ကြပ် စောင့်ကြည့်နေကြသည်။

သီးသန့်အော်ဒါခန်းမ(ပပ္ပ[illegible]ပြားဆောင်ခန်းမ)တွင် လူကုံထံအသိုင်းအဝိုင်းမှပဟုထင်ရသော အမျိုးသား၊ အမျိုးသမီးတို့မှာလည်း သာယာငြိမ့်ညောင်းသော (ဖီလင်)သီချင်းများတို့ဖြင့် ကပြကြည်နူးနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သီးသန့်(ပတ္တမြားဆောင်ခန်းမ)ဆီသို့ လူငယ်(၂)ဦးတက်ရောက်လာသည်။ လူကိုမတွေ့ရမမြင်ရသေးမီ လန်ဒန်နိုက် ရေမွှေးနံ့က အရင်ရောက်နေသည်။ မွှေးကြိုင်နေသည်။ ခပ်သုတ်သုတ်လေးတက်လာကြသည်။

'ချပ် ချပ် ဖွက် ဖွက်'

'ဒါ ဘာလုပ်တာလဲဗျာ'

ရဲအုပ်ကျော်စိန်လင်းနှင့်အဖွဲ့က လျင်မြန်သောလှုပ်ရှားမှုဖြင့် လက်ထိပ်ခတ်လိုက်ကြသည်။ နေရာယူထားသည့်အခန်းသို့ ခေါ်သွားသည်။

'တို့က မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ရဲတပ်ဖွဲ့ကပါ ညီလေး၊ တာဝန်အရရှာဖွေပါမယ်'

တပ်ဖွဲ့ဝင်များက လူငယ်(၂)ဦး၏ ဂျင်းဘောင်းဘီအိတ်များသို့ ရှာဖွေကြသည်။ (ATC)အမှတ်တံဆိပ်ပါသော စိတ်ကြွရူးသွပ်ဆေးပြား(၅)ပြားစီပါသော ဘူးတစ်ဘူးစီတွေ့ရှိသည်။

'ညီလေး ဒီပစ္စည်းက ဘယ်ကရသလဲ'

'ကိုသက်ပိုင်စိုးနန္ဒဆီက ဝယ်တာပါ'

'ဘယ်လောက်နဲ့ဝယ်သလဲ'

'တစ်ပြား(၂)သောင်း၊ (၅)ပြား (၁)သိန်းနဲ့ ဝယ်ရပါတယ်'



'သက်ပိုင်စိုးကဘယ်မှာလဲ'

'အခု အပေါ်ထပ်ပတ္တမြား ဆောင်ခန်းမမှာရှိပါတယ်'

'သူဘယ်မှာနေသလဲသိလား'

'သိပါတယ်'

'တိမ်တမာန်ကွန်ဒို တတိယထပ်မှာနေပါတယ်'

'သူ့အိမ်ကဝယ်လာတာလား'

'ဟုတ်ပါတယ် သူ့အိမ်ကဝယ်လာတာပါ'

'တို့ ဆက်လက်စရာတွေရှိသေးတယ်၊ မောင်ရင်တို့ တိုင်းရုံးလိုက်သွားပါ'

'ဆရာထွန်းထွန်း၊ ဆရာစိုင်းလှတို့အဖွဲ့ သူတို့ကို ခေါ်သွားလိုက်ပါ'

'ဆရာ၊ ကျွန်တော်တို့က လူကုံထံသားတွေပါ လက်ထိတ်ဖြုတ်ပေးပါဆရာ၊ ကျွန်တော်တို့ ထွက်မပြေး ပါဘူး'

'လူကုံထံသားသမီးမို့လို့ တို့မှာ တာဝန်ပိုကြီးပါတယ်၊ နားလည်ပေးပါ ညီလေးတို့ရယ်၊ မောင်ရင်တို့ မိဘတွေ စိတ်မပူရအောင် အိမ်ကို မောင်ရင်တို့ရဲ့ဖုန်းနဲ့ အကြောင်းကြားပေးပါမယ်'

www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ်ကျော်စိန်လင်းနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းတပ်ဖွဲ့ဝင်များသည် တစ်ဆက်တည်းပင် ပတ္တမြားဆောင် ခန်းမကြီးတွင် (ဒန့်စ်)က၊ သီဆို၊ စီမံခံနေကြသော ခေါင်းလေး တခါခါ ပွဲဖက်ဇိမ်ယစ်နေသူများအနက်မှ အဓိကသားကောင် သက်ပိုင်စိုးနန္ဒ၊ စိတ်ကြွဆေးသုံးပြီး ဟိရိညတ္တပ္ပ လွတ်နေသူများကို ပစ်မှတ်ထားပြီး စီးနင်းရှာဖွေရန်ပြင်ဆင်လိုက်ကြသည်။

'အားလုံး လက်မြှောက်ထားကြပါ'

'ကျွန်တော်တို့ မူးယစ်ဆေးတိုက်ဖျက်ရေးအဖွဲ့တွေပါ တာဝန်အရ ရှာဖွေကြပါမယ်။ နားလည်ပေးကြပါ ကူညီ ကြပါ'

(ပတ္တမြားဆောင်ခန်းမ)မှ ကြေးစားလူမိုက်ဟုထင်ရသူ တစ်ဦးက တပ်ဖွဲ့ဝင်များကို အသင့်ဆောင်ထားသော တုတ်ဖြင့် ရိုက်နှက်ခုခံရန် သိုင်းကွက်ဖြင့် ဝင်လာသည်။

'ဖြောင်း...ခွမ်း...ဒုတ်...ဒုတ်...အွန့်...အား'

ဒုရဲအုပ်မြင့်လွင်၏ တိုင်ကွမ်တို၊ ဂျူဒိုတို့ဖြင့် လက်ဦးမှု ယူလိုက်ရာ ကြေးစားလူမိုက်ထင်ရသူမှာ မှောက်လဲကျသွားလေ သည်။



တပ်ဖွဲ့ဝင်များက အသင့်ခေါ်ထားသော ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှ လူကြီးများရှေ့တွင် ရှာဖွေကြသည်။ သက်ပိုင်စိုးနန္ဒထံမှ (ATC)တံဆိပ်ပါ မူးယစ်ဆေးပြား(၁၀၀)ပါသော ဘူးတစ်ဘူးရှာဖွေတွေ့ရှိသည်။ ဇော်ဇော်အောင်၊ ထူးထူးတင့်ဝေ၊ ဖြိုးဖြိုး(ခ)မဲကြီး၊ ဇူးဇူး၊ တုတ်တုတ်၊ ဖွေးဖွေး၊ နွေးနွေးတို့ထံမှ လည်း စိတ်ကြွရူးသွပ်မူးယစ်ဆေးပြားမျိုးစုံ တွေ့ရှိသောကြောင့် ပုိင်းရုံးသို့ခေါ်သွားပြီး သီးခြားစီစစ်ကြောရေး လုပ်ကြရသည်။

( ၆ )

ညတွင်းချင်းစစ်ဆေးပေါ်ပေါက်ချက်များအရ - စိတ်ကို ရူးသွပ်စေသော မူးယစ်ဆေးဝါးများကို သက်ပိုင်စိုးနေအိမ်မှ ဝယ်ယူရရှိကြောင်း၊ စစ်ဆေးပေါ်ပေါက်သောကြောင့် ရပ်ကွက် အုပ်ချုပ်ရေးပိုင်းမှ လူကြီးများပါခေါ်ယူပြီး သက်ပိုင်စိုး၏ တိမ်တမာန် ကွန်ဒိုတတိယထပ်အခန်းသို့ ၄င်းအားခေါ်ယူသွားပြီး စီးနင်း ရှာဖွေ ကြသည်။

'ဟင်...ကိုသက်၊ ရဲအရာရှိတွေနဲ့ပါလား၊ ဘာဖြစ်လို့လဲ ဆရာတို့ရယ်၊ ကိုသက်ကို မဖမ်းပါနဲ့။ ကျွန်မ သူ့ဇနီးပါ ကျွန်မကိုဖမ်းပါ၊ သူ့ကိုလွှတ်ပေးပါဆရာတို့ရယ်၊ ကိုသက် ဘယ်လိုဖြစ်ရတာလဲ ကိုသက်ရယ်'

www.burmeseclassic.com

www.burmeseclassic.com



စန္ဒာဒေဝီသည် ဘာမသိ၊ ညာမသိဖြင့် ခင်ပွန်းသည် သက်ပိုင်စိုးအား လက်ထိတ်ဖြင့် ဖမ်းဆီးထားသည့် မြင်ကွင်းကို ကြည့်ပြီး အချစ်စိတ်၊ တဏှာစိတ်ရှုပ်နှင့်ကဲမှုဖြင့် ခံစရာရှိရင် သူ့ပဲခံမည်ဆိုသောစိတ်ဖြင့် (ပဋ္ဌာမြေရှုး)ဖြစ်နေရရှာလေသည်။

'ဒီမှာ ညီမ၊ တာဝန်အရ အလုပ်လုပ်ကြရတာပါ။ နားလည်ပေးပါ။ ဒီမှာ လူကြီးတွေလည်း ပါပါတယ်။ ဆရာတို့ ရှာဖွေရပါလိမ့်မယ်'

'ရှာပါဆရာ ရှာပါ'

'အချစ်၊ သူတို့ရှာချင်တဲ့နေရာ၊ ရှာချင်တဲ့ပစ္စည်းရှာပါစေ အချစ်ရယ်'

သက်ပိုင်စိုး၏စကားအတိုင်း ရှာဖွေကြသည်။ စန္ဒာဒေဝီမှာလည်း လက်မှိုင်ချနေရတော့သည်။ ဘီဒိုသော့တောင်းသဖြင့် စန္ဒာသော့ထုတ်ပေးသည်။ ဘီဒိုအတွင်းမှ စိတ်ကိုရူးသွပ်စေသော စိတ်ကြွမှုးယစ်ဆေးပြား (အင်တာက်စီ) (၅၀၀)စီပါသော ဘူး(၂)ဘူး တွေ့ရှိသောကြောင့် ရှာဖွေပုံစံဖြင့် သိမ်းယူကြသည်။

အမှုတည်ဆောက်ပြီး၍ ဥပဒေအကြံပေးရုံးသို့ တင်ပို့သည်။ မူးယစ်ဆေးဝါးဥပဒေပုဒ်မတို့ဖြင့် တရားစွဲဆိုရန် အကြံပြုသည်။ ခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့သည်။ ပြစ်မှုထင်ရှားသောကြောင့် သက်ပိုင်စိုးနန္ဒ ထောင်ဒဏ် (၁၂)နှစ်ကျခံရလေသည်။



( ၇ )

အင်းစိန်ထောင်ကြီးတွင် ပြစ်ဒဏ်ကျခံနေရသော ထောင်ကျအကျဉ်းသားများအတွက် မိမိတို့မိသားစုနေအိမ်၊ ထောင်မှခွင့်ပြုထားသော အစားအစာများကို တစ်လ(၂)ကြိမ်ရိက္ခာအဖြစ်ပေးခွင့်ရှိသည်။ မိသားစုဖြင့် မိနစ်(၃၀)တွေ့ခွင့်ရှိသည်။ စန္ဒာဒေဝီသည် ခင်ပွန်းသည် သက်ပိုင်စိုးနန္ဒအတွက် ရိက္ခာပို့ပေးသည်။ အလွမ်းပြေစကားဆိုရပေသည်။

'အချစ်၊ အစ်ကို့အတွက် ရိက္ခာမပို့တော့နဲ့၊ အချစ်အနေနဲ့ ဒီကိုလာရတာ၊ အဆင်မပြေနိုင်ဘူး။ အချစ်ဒုက္ခ ရောက်တာပေါ့၊ အစ်ကို့အတွက်(အမား)ကလည်း အမြဲလာပို့နေတယ်။ အစ်ကို့အတွက် ဘာမှပူစရာမလိုဘူး။ အချစ်သာ စိတ်ချမ်းသာအောင်နေပါ'

'စန္ဒာက အစ်ကို့မယားပါ၊ စန္ဒာ့မှာလည်း တာဝန်ရှိပါတယ် အစ်ကို'

'အချစ်ပင်ပန်းမှာစိုးတာရယ်၊ စိတ်မချတာရယ် ပြောတာပါအချစ်ရယ်'

ရက်ကိုလစား၊ လကိုနှစ်စားဖြင့် သက်ပိုင်စိုးထောင်ကျနေရသည်မှာ (၂)နှစ်ရှိလေပြီ။ အဆိုးထဲမှ အကောင်းဆိုသကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



မူးယစ်ဆေးဝါးပြတ်သွားသည့်အတွက် သူ၏ဘဝရှေ့ရေးအတွက် မှာကား အကောင်းဘက်တွင်ရပ်တည်နေပေပြီ။

"ဒေါ်စန္ဒာဒေဝီပါလားခင်ဗျား၊ ကျွန်တော် ခရိုင်တရားရုံးက(ဘီလစ်အရာရှိ)ပါ။ တရားရုံးအမိန့်ဒီကရီအရ အိမ်ခန်းအပ်ဝရမ်းလာပြီးထုတ်ဆင့်တာပါ။ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးပေးပါ"

"ဘာကြောင့် ကျွန်မတို့အိမ်ခန်းကိုအပ်ရမှာလဲ၊ ကျွန်မလည်း ဘာမှမသိပါလား"

"ဟုတ်ကဲ့ ရှေ့နေရှေ့ရပ်များငှားပြီး ဆောင်ရွက်ပေါ့ အစ်မ၊ ကျွန်တော်တို့ကတော့ တာဝန်အရလာပြီး ဆောင်ရွက်ရတာပါ"

မည်သည့်ရုံးစခန်း၊ တရားရုံးကိုမျှ မရောက်ဘူးသော စန္ဒာဒေဝီသည် ခေါင်းမြွေပေါက်သကဲ့သို့ ခံစားနေရသည်။ ဘာလုပ်ရင်ကောင်းမလဲ တိုင်ပင်သည်။ စိန်ဘရားသားဥပဒေ အကျိုးဆောင်အဖွဲ့သို့ သွားရောက်တိုင်ပင်ဆွေးနွေးသည်။

အမှုမှာ သက်ပိုင်စိုးနန္ဒ၏ ဖခင်ကြီးဦးမောင်မောင်စိန်က အင်းစိန်ထောင်တွင် ထောင်ကျနေသော သားဖြစ်သူ သက်ပိုင်စိုး အပေါ် ၎င်း၏ငွေဖြင့်ဝယ်ယူခဲ့ပြီး၊ ၎င်းတို့လင်မယားနေသည့် တိမ်တမာန်ကွန်ဒို တတိယထပ်တိုက်ခန်းတွင် (ခွင့်ပြုချက်ဖြင့် အခမဲ့)နေခွင့်ပြုထားခြင်းဖြစ်သည်။ ခွင့်ပြုချက်ကို ရုတ်သိမ်းပြီး နှင်လိုမှုတရားစွဲသည်။ တရားပြိုင်ထောင်ကျနေသူ သက်ပိုင်စိုးက ဝန်ခံသောကြောင့် ဒီကရီရရှိသည်။ ဇာရီမှုဖွင့်သည်။ ဇာရီမှုအရ အပ်ဝရမ်းထုတ်ဆင့်ခြင်းဖြစ်ကြောင်း စန္ဒာသိရှိရလေသည်။



ဥပဒေအကျိုးဆောင်အဖွဲ့မှ ရှေ့နေကြီးများ၏ အကြံပြုချက်အရ အဆိုပါတိုက်ခန်းကို သက်ပိုင်စိုးနှင့် စန္ဒာဒေဝီတို့(၂)ဦးပိုင်ငွေဖြင့် ဝယ်ယူပိုင်ဆိုင်သော ပစ္စည်းဖြစ်၍ တစ်ကြောင်း၊ သူတို့သားအဖ၏ အမှုတွင် တရားပြိုင်အဖြစ်ပါဝင်ခြင်း၊ သိရှိခြင်းမရှိသောကြောင့် (ဒီကရီကို လိုက်နာရန်မရှိကြောင်း) ထုချေဖြေရှင်းသည်။

ဦးမောင်မောင်စိန်နှင့် သက်ပိုင်စိုးနန္ဒတို့သားအဖကို တရားပြိုင်အဖြစ်ဖြင့် (အခင်းဖြစ်တိုက်ခန်းမှာ) တိမ်တမာန်ကွန်ဒို ဆောက်လုပ်ရေးကုမ္ပဏီထံမှ မိမိတို့နှာမည်ဖြင့် ဝယ်ယူပိုင်ဆိုင်သော တိုက်ခန်းဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု အပြန်အလှန် အမှုများဖြစ်ပွားနေကြရလေပြီ။ လူ့ပြေမှာ အမှုပွေနေကြရလေပြီ။ ငွေကုန်လူပန်းဖြစ်နေကြရလေပြီ။

( ၈ )

ဖြစ်ကြောင်းရယ်တဲ့ကုန်စင်ကို လင်တော်မောင်သက်ပိုင်စိုးသို့ အိမ်သူသက်ထားဇနီးမယားအနေဖြင့် [illegible]ပြောဆိုရန်

www.burmeseclassic.com

www.burmeseclassic.com



အင်းစိန်ထောင်ကြီးသို့ ထောင်ဝင်စာတွေဆုံပြီး တင်ပြပြောဆို ဆွေးနွေးရလေသည်။

'အစ်ကိုရယ် (အပါ)ရဲ့ငွေနဲ့ ဝယ်တာပါလို့ ဘာဖြစ်လို့ ဝန်ခံချေလွှာတင်လိုက်ရတာလဲ'

'အချစ်၊ ဒါတွေ အစ်ကိုဘာမှမသိဘူး၊ အစ်ကို့အတွက် ပြစ်ဒဏ်လျှော့ကျစေဖို့အတွက် (ကုတ်ပါဝါ) တရားရုံး ရှေ့နေပါဝါမှာ လက်မှတ်ထိုးပေးဖို့ ရှေ့နေပါဝါလာတင် တာကြောင့် ထောင်ပိုင်ရှေ့မှာ လက်မှတ်ရေးထိုးပေး လိုက်တာပဲသိပါတယ် အချစ်ရယ်'

အချစ်ဘဝနေရေး၊ ထိုင်ရေးဒုက္ခရောက်အောင် အစ်ကိုလဲ မလုပ်ဘူး အပါတို့လည်း မလုပ်သင့်ပါဘူး။ အချစ်ခုခံ ရင်ဆိုင်ယှဉ်ပြိုင်ပြီး အကာအကွယ်လုပ်တာကို အစ်ကို စိတ်မဆိုးဘူး။ အချစ်လုပ်သင့်တာကိုသာ လုပ်ပါ အချစ်ရယ်။ တရားကိုနတ်စောင့်ပါလိမ့်မယ်'

စန္ဒာဒေဝီသည် မယားဝတ္တရား ငါးပါးနှင့်အညီ မိမိတာဝန်မှ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ရမှုအခြေအနေကို ထောင်မင်းသားသက်ပိုင်စိုးသို့ အစီရင်ခံ တင်ပြရလေသည်။

ဝသန္တ မိုးဦးကာလရောက်ခဲ့လေပြီ (နယုန်မိုးသေး မြက်သားမွေး) မိုးဖွဲကလေးများလည်းရွာနေလေပြီ၊ မြက်နုလေး



များလည်း ပေါက်ရောက်လာချေပြီ။ လေပြေလေညှင်းကလေး များကလည်း အဆွေးဓာတ်ခံရှိသူတို့အား လွမ်းအောင်ဖန်နေ သလား ထင်ရသည်။ မိုးဦးကာလ ခါသမယတွင် အသူရာနှင့် သိကြားမင်းတို့ စစ်ခင်းကြသော ဂျိုးဂျိမ့်သံများလည်း ကြားနေကြ ရပြီဖြစ်သည်။ ချစ်လင်သက်ပိုင်စိုးနှင့် နွေးထွေးစွာနေထိုင်လာခဲ့ ရသော စန္ဒာဒေဝီတွင် အတွေးတွေ၊ အဆွေးတွေခံစားနေရလေ သည်။

'[ဂျိုးဂျိမ့်သံ ××× မာန်တင်းကာပ ××× (အသူရာ) (သိကြားမင်း)က စစ်ခင်းကာပြိုင်တော့သည်]၂ စိတ် မဖြေနိုင် ××× အနိုင်လုတော့ ××× ဆွေးလှပါသည် ××× နွေးစရာ့ဇလာအထည် ××× ဆွေး ××× ဆွေးနှမတာရှည် ×××'

စန္ဒာသည် အဆွေးသီချင်း၊ အတွေးသီးချင်းကိုညည်းတွား ရင်း အတွေးတွေ အစီအရီဖြစ်လာသည်။ ယောက္ခမကြီး ဦးမောင်မောင်စိန်နှင့် စစ်ခင်းနေရသည်ကို ငြီးငွေ့လာသည်။ ခင်ပွန်းသည်နှင့်တိုင်ပင်ရန် အင်းစိန်ထောင်ကြီးသို့ ထောင်စာသွား တွေ့ပြီး တင်ပြသည်။ တိုင်ပင်သည်။

'အစ်ကို၊ စန္ဒာအစ်ကို့အဖေနဲ့အမှုတွေ ဆင်ခြင်ဖြစ်ချင် တော့ဘူး။ သူတို့လည်းစီးပွားပျက်တယ်၊ အချစ်လည်း

www.burmeseclassic.com

www.burmeseclassic.com



အချစ်ရဲ့ စီးပွားရေးလုပ်ငန်းတွေ တုန့်နှေးနေရတယ်၊ စိတ်ပိန်တယ်ပေါ့အစ်ကို'

'အချစ်ပြောတာမှန်တယ်။ နောက်အပတ်(အမာ) လာတဲ့အချိန်မှာ (အပါ)ဘာဖြစ်ချင်သလဲ။ အမှုတွေ ရပ်လိုက်ကြရအောင်လို့ အစ်ကိုပြောပေးမယ်၊ လကုန် အပတ်မှာ အချစ်လာခဲ့နော်'

'တာ့ ... တာ ... ဘိုင့် ... ဘိုင်'

လကုန်ပိုင်းထောင်ဝင်စာ တွေ့ရက်တွင် ဖြစ်သည်။ ဘောက်ကျနေသော ယောက္ခမထံမှ ဘယ်လိုဆန္ဒ သဘောထားတွေ ပေးမယ်ဆိုတာကိုသိလိုဇောဖြင့် လင်တော်မောင်ကိုသက်ထံသို့ အပြေးအလွှား လာခဲ့သည်။

'အချစ် ဒီနေ့အရမ်းလှနေပါလား'

'ကဲ...မနေနဲ့ အစ်ကို၊ ဘာမှ ဘာလို့မရဘူး'

'သံတိုင်ကြားက နှလုံးသားလှိုင်းပုတ်သံပါ အချစ်ရယ်'

'ကဲ...ကဲ(အပါ)က ဘာပြောသလဲဆိုစမ်းပါဦး အစ်ကို'

'တိုရှင်း လိုရှင်းပြောရမှာကတော့၊ အချစ်(တိမ်တာမာန် ကွန်တိုက်ခန်း)က ဖယ်ပေးပါတဲ့၊ အချစ်ကို့ သိန်း(၅၀၀) ပေးမယ်တဲ့'



'အစ်ကိုက နည်းတယ်၊ သူပြန်ဝယ်လို့ရအောင် သိန်း (၆၀၀) ပေးလိုက်ပါလို့ပြောတော့ ပေးလိုက်ပါမယ်တဲ့။ သဘောတူပါတယ်တဲ့'

'ဒါကြောင့် သူ့ဘက်ကရှေ့နေ၊ အချစ်ဘက်ကရှေ့နေကြီး တွေနဲ့ညှိနှိုင်းပြီး အချစ်ကငွေယူလိုက်ပါ။ တိုက်ခန်း လွှဲပြောင်းပေးလိုက်ပါ။ အမှုအားလုံးကြေအေးကြောင်း လျှောက်လွှာတွေ တင်ကြပေါ့ အချစ်ရယ်'

'အချစ်၊ အစ်ကို့စကားမြေဝယ်မကျ နားထောင်ပါ့မယ် အစ်ကို'

သံတိုင်ကြားမှ ချစ်ဇနီးမောင်နှံတို့၏ ငြိမ်းချမ်းရေး ဆွေးနွေးပွဲကြီးကား မိနစ်(၃၀)ကာလအတွင်း ငြိမ်းအေးသွားကြရ လေပြီ။

နှစ်ဘက်ရှေ့နေကြီးများ၏ဆောင်ကြဉ်းပေးမှုကြောင့် အပေးအယူများလည်း အကောင်အထည်ဖော်ပြီးကြပြီဖြစ်သည်။ အမှုအားလုံးကိုလည်း ရပ်သိမ်းလိုက်ကြပြီဖြစ်သည်။

[ လူ့ပြည်မှာ အမှုမပွေကြပါနဲ့။ ]

❑

www.burmeseclassic.com

www.burmeseclassic.com




'ဣတ္ထိ ရုပ်၊ ခနဲ ဥစ္စ'

ဣတ္ထိယ-မိန်းမတို့၏ရုပ် ရုပ်ဆင်းတင့်တယ်လှပခြင်းတို့သည် ခနဲ - ဥစ္စာမည်၏။ စည်းစိမ်ဥစ္စာ ဖြစ်ကုန်၏။

ဘုရားဟောဒေသနာနှင့်အညီ ကလျာညီမ်းညီမ်းစံသည် အစ်ကိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်မိန်းမချောလေး ဖြစ်သည်။ ဗိုလ်ကြီးကတော်၊ မင်းကြီးကတော်၊ သူဌေးကြီးကတော်၊ မင်းကတော်၊ စိုးကတော်တင်မြှောက်လိုသူများ၊ ချေးမတော်လိုသူ မင်းကတော်၊ စိုးကတော်၊' သူဌေးကတော်ကြီးများအလိုရှိအပ်တောင့်တအပ်သော၊' ဥမ္မာဒန္တီ ထိုဣတ္ထိယမဒီကညာအလှရုပ်အလှ ပိုင်ရှင်မလေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတို့ဏှာခေါင်ရွေ့ပေးလိုမရဆိုသည့် စကားပုံအတိုင်းပင် ဖြစ်သည်။ ကလျာညိမ်းညိမ်းစံသည် မိန်းကလေးတို့၏ ဏှာခေါင်သိက္ခာနှင့်အညီ နေထိုင်သွားလာလော့ရှိသော ဏှာခေါင်ရှင်မလေး ဖြစ်သည်။ မင်းပွဲ၊ စိုးပွဲ၊ မင်္ဂလာပွဲများတွင်သာ သူမ၏အချော အလှများကို တွေ့မြင်ခံစားနိုင်ကြလေသည်။

ဤအချက်၊ ဤအလေ့ကိုသိသော ကျော်ဇောမောင်သည် ကလျာညိမ်းညိမ်းစံတို့မိဘများ သွားလာ လှုပ်ရှားမှုများကို မျက်ခြည်မပြတ်စောင့်ကြည့်လာခဲ့သည်။ အထူးသဖြင့် ကလျာညိမ်းညိမ်းစံ ပါဝင်လေ့ရှိသော မင်းပွဲ၊ စိုးပွဲ၊ မင်္ဂလာပွဲများကို အထူးဂရုပြု ထောက်လှမ်းနေသည်။ တဏှာဆားပုလင်းနှင်းမောင် လုပ်နေသည်။

တိုက်ပွဲတစ်ပွဲကို ဆင်နွှဲမည့် စစ်ဆင်ရေးမှူးတို့သည် ရန်သူ၏ အခြေအနေ၊ ရန်သူ၏ပတ်ဝန်းကျင်၊ ရန်သူ၏အင်အားတို့ကို ကြိုတင်လေ့လာသုံးသပ်ရသကဲ့သို့ ကျော်ဇောမောင်မှာလည်း ကလျာညိမ်းညိမ်းစံနှင့် အနီးကပ်၊ နီးစပ်သောပတ်ဝန်းကျင်ကိုလေ့လာသည်။ သူအနီးကပ်ချဉ်းကပ်သော ပုဂ္ဂိုလ်တို့မှာ ဒရိုင်ဘာမောင်မောင်ကြီး၊ အိမ်ဖော်ဒေါ်ခင်သိန်းတို့ဖြစ်သည်။ ဈေးသွားဈေးလာ၊ ကျောင်းပို့ကျောင်းကြိုတို့တွင် ကလျာညိမ်းညိမ်းစံ



တို့၏ကားကို ပိတ်ဆို့ရပ်ထားပြီး ပိတ်ဆို့မှုကိုတောင်းပန်ပြီး ရင်းနှီးမှု၊ ခင်မင်မှုတို့ကို ရယူသည်။ ခင်မင်ရင်းနှီးသွားတော့လည်း တိုက်လိုက်ရသော လက်ဖက်ရည်၊ ကျွေးလိုက်ရသော မုန့်ဟင်းခါးတို့မှာ အကျုံးဝင်ယ်။

ဤသို့ ဤပုံဖြင့်, ဤလှူဘုံတွင် ကလျာညိမ်းညိမ်းစံနှင့် မိဘများ သွားရ၊ လာရ၊ လှူမှုကိစ္စများဖြစ်သည့် အလှူပွဲ၊ မင်္ဂလာပွဲ၊ မင်းပွဲ၊ စိုးပွဲများ ဘယ်နေ့တွင်ရှိသည်ဆိုသောအချက်ကို ကျော်ဇောမောင်တစ်ယောက် အပိုင်အနိုင်၊ အသေအချာသိ ရလေသည်။ ယောက်ျားကြိုက်တော့ စိုက်ပျိုက်လာဆိုသကဲ့သို့ ကလျာညိမ်းညိမ်းစံနှင့် သူမ၏မိဘများနှင့် ရင်းနှီးပေါင်းဖက် ရယူရေးစီမံချက်ကို ရယူတော့မည်ဖြစ်လေသည်။

( ၂ )

လူကုံထံ ကုန်သည်ကြီးများ၏ သားနှင့်သမီးတို့၏ မင်္ဂလာအခမ်းအနားကြီး၊ စီဒိုးနားဟိုတယ်ကြီးတွင် စည်ကားသိုက်မြိုက်စွာကျင်းပသည်။ ကလျာညိမ်းညိမ်းစံနှင့် မိဘများလည်း ဤမင်္ဂလာပွဲကြီးသို့လာကြမည်ကို ကျော်ဇောမောင်ကြိုတင်သိထားသည်။ ကြိုတင်စောင့်ဆိုင်းပြီး ကလျာတို့ကားရပ်ထားသည့်နေရာတွင် သူ၏လင်ခရူဇာကားကို ပိတ်ဆို့ရပ်ထား လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲအခမ်းအနားကြီးတွင် အခြားသောရွှေပွဲလာမင်းပရိသတ်တို့အား ဗီဒီယိုရိုက်သကဲ့သို့ ကလျာညီမ်းညီမ်းစံနှင့် မိဘများကိုလည်း ကျော်ဇောမောင်သည် သူ၏ဗီဒီယိုကင်မရာ၊ ဓာတ်ပုံကင်မရာတို့ဖြင့် ရိုက်ယူသည်မှာ (စိုင်းဘုန်းထူး) ဗီဒီယိုလားထင်ရမလောက်။

မင်္ဂလာအခမ်းအနားများပြီးဆုံးချိန်တွင် - ကျော်ဇောမောင်သည် ကြိုတင်ပြီး မိမိကားနှင့် ကလျာညီမ်းညီမ်းစံတို့ ကားအနီးတွင် ရောက်ရှိနေသည်။ ကလျာညီမ်းညီမ်းစံနှင့် မိဘများရောက်ရှိလာသောအခါ ပျူငှာသောအပြုံး၊ ကြည်သာသောနှလုံးဖြင့် နှုတ်ဆက်ပြီး ပိတ်ရပ်ထားသော သူ၏လင်ခရူဇာကားကို ဖယ်ရှားပေးလိုက်သည်။ အလိုက်သိယဉ်ကျေးလိမ္မာသော သူငယ် အဖြစ်အမှတ်ပေးလိုက်ကြသည်။ တာ့တာ ... ဘိုင့်ဘိုင်ဟုလက်ပြနှုတ်ဆက်ကြသည်။ ကျော်ဇောမောင်အဖို့တော့ ပထမဆုံးရင်းနှီးမှုရရှိလိုက်ခြင်းပင်ဖြစ်သည်။

တိုက်တိုက်ဆိုင်ဆိုင်ဖြစ်သည်။ တကယ်တော့လည်း တမင်တိုက်ဆိုင်အောင်စောင့်ကြိုရသော အခွင့် အရေးဖြစ်ပါသည်။ စက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်း၏ နှစ်ပတ်လည်အခမ်းအနားကြီးတွင်ဖြစ်သည်။ ကျော်ဇောမောင်သည်



ကလျာညီမ်းညီမ်းစံနှင့် မိဘများလာမှာကို ကြိုတင်သိထားပြီးဖြစ်သည်။

အခမ်းအနားကြီးမှစီစဉ်ပေးသည့်ကားပါကင်၌ ကလျာညီမ်းညီမ်းစံတို့ကားဘေးတွင် ကျော်ဇောမောင်က သူ၏လင်ခရူဇာကားကိုရပ်လို့ရအောင် ကားပါကင်တို့နှင့် ဖန်တီးလိုက်သည်။ အခမ်းအနားပြုလုပ်နေချိန်တွင် ကလျာညီမ်းညီမ်းစံတို့၏ ကား(ဝါးတားပိုက်)ရေတိုင်ကီမှပိုက်ကိုဖောက်ချထားသည်။ အခမ်းအနားပြီးစီးသောကြောင့် ပြန်ကြသည်။ ကျော်ဇော်မောင်သည် ကလျာတို့ကားနောက်မှ ထပ်ချပ်မကွာလိုက်ပါလာ သည်။

နာရီဝက်ခန့်အကြာတွင် ကလျာညီမ်းညီမ်းစံတို့ကား ထိုးရပ်သွားသည်။ နောက်မှပါလာသော ကျော်ဇောမောင်မှဆင်းပြီး...

'အန်ကယ် ကား...ဘာဖြစ်သွားလဲ'

'ဟီတက်ပြီး ကားထိုးရပ်သွားတာပဲ မောင်ရင် ဒုက္ခပါပဲကွာ၊ တို့က နောက်ပွဲတစ်ပွဲ သိပ်အရေးကြီးတဲ့ပွဲကိုသွားရဦးမှာ၊ တက္ကစီနဲ့သွားရမယ့်ပွဲမျိုးလည်းမဟုတ်ဘူး'

'ရပါတယ် အန်ကယ်၊ ကျွန်တော့်ကားကိုယူသွားပါ၊ အန်ကယ့်ကားကို စက်ဆရာခေါ်ပြီး ကျွန်တော်ယူသွားလိုက်ပါမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပါပဲ မောင်ရင်၊ ဒီမှာအန်ကယ်တို့ အိမ်လိပ်စာ'

'ဟုတ်ကဲ့…အန်ကယ်၊ အိမ်ပြန်ရောက်တဲ့အခါ ကျွန်တော့် ဆီဖုန်းဆက်ပါ။ ကျွန်တော် ကားလာပို့ပြီး ကျွန်တော့် ကားလာယူပါမယ်အန်ကယ်၊ ဒါကျွန်တော့် လိပ်စာ ကတ်ပြားပါ'

'ကျေးဇူးပါပဲမောင်ရင်'

ကျော်ဇောမောင်သည် သူ၏ဒုတိယအကြိမ် စီမံချက် အောင်မြင်မှုအတွက် များစွာကျေနပ်နေလေသည်။ အန်းကပ် ကြည့်ခွင့်၊ မြင်ခွင့်၊ တွေ့ခွင့်ရရှိခဲ့သော ကလျာညီမ်းညီမ်းစံ၏ မျက်နှာအလှအပလေးကို တရေးရေး မြင်ယောင်မိနေလေသည်။

( ၃ )

'ဟလို အမိန့်ရှိပါခင်ဗျာ'

'အော် ဟုတ်ကဲ့ အန်ကယ်၊ ကျွန်တော် ကျော်ဇောမောင် ပါ ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ကျွန်တော်အခုပဲ လာခဲ့ပါမယ် အန်ကယ်'

ရေငတ်နေတုန်း ရေတွင်းထဲကျဆိုသကဲ့သို့ ကလျာညီမ်းညီမ်းစံ ၏ မိဘများနှင့် ခင်မင်မှု၊ ရင်းနှီးမှုများကို စီမံချက်ချပြီး ရယူခဲ့



ရသော အခွင့်အရေးကြီးကို ရရှိတော့မည်ဖြစ်သောကြောင့် ဝမ်းသာပီတိဂွမ်းဆီထိဆိုသကဲ့သို့ ကျော်ဇော်မောင်တစ်ယောက် ပျော်မဆုံး၊ မော်မဆုံးဖြစ်နေလေသည်။ ချက်ခြင်းပင် ထွက်ခွာ လာခဲ့လေသည်။ ခြံစောင့်မှ ခြံဂိတ်တံခါးကို ဖွင့်ပေးလိုက်သည် နှင့် တပြိုင်နက် ကျော်ဇောမောင်သည် ကလျာညီမ်းညီမ်းစံတို့၏ ကားကိုပို့ပေးပြီး၊ သူ၏ကားကို ပြန်ယူရန်ရောက်ရှိခဲ့လေသည်။

'ထိုင်ပါ မောင်ရင်'

'ဟုတ်ကဲ့ အန်ကယ်'

'အမေကြီးရေ၊ သမီးရေ၊ အအေးယူခဲ့ပါဟေ့။ ဒီမှာ မောင်ကျော်ဇောမောင်ရောက်နေတယ်'

'ဟုတ်ကဲ့ ပါပါ'

'မောင်ရင် ဆောက်လုပ်ရေးလုပ်ငန်းလုပ်တာကြာပြီလား'

'ဟုတ်ကဲ့ အရင်ကတော့ ကျွန်တော့်ပါပါလုပ်ခဲ့တာပါ။ ပါပါ အသက်ကြီးပြီးမလုပ်နိုင်တော့တဲ့အတွက် ရပ်ခဲ့ ပါတယ်။

ကျွန်တော်ဘွဲ့ရပြီးတဲ့နောက် 'ရွှေမီးအိမ် ဆောက်လုပ် ရေး' လုပ်ငန်းတည်ထောင်ပြီး ကျွန်တော်ဦးစီးလုပ်ကိုင် လာခဲ့ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'မောင်ရင်ရဲ့ ဆောက်လုပ်ရေးကအတော်နာမည်ရတာပဲ'

'ဟုတ်ကဲ့ အန်ကယ် အောင်မြင်ပါတယ်၊ လူကြီးတွေနဲ့ ပူးပေါင်းလုပ်ကိုင်ပါတယ်'

'ဩော် မောင်ကျော်ဇောမောင်၊ အန်တီတို့ကို ကူညီတာ အများကြီးကျေးဇူးတင်ပါတယ်'

'ဟုတ်ကဲ့ ညီမ်းလည်း ကျေးဇူးတင်ပါတယ်'

'ဟုတ်ကဲ့ခင်ဗျာ၊ နောင်လည်းလိုအပ်တဲ့ကိစ္စရှိရင် ပြောပါ။

ဒါနဲ့ ညီမ်းညီမ်းက ဗိုလ်တထောင်(၅)ကလား'

'ဟုတ်ပါတယ်။ ညီမ ဗိုလ်တထောင်(၅)က ဆယ်တန်း အောင်ခဲ့တာပါ'

'ဩော် သမီးနဲ့ ကျောင်းနေဘက်တွေပဲ'

'ဟုတ်ပါတယ် ခင်ဗျာ

ကဲ...ကျွန်တော်သွားလိုက်ပါဦးမယ်'

ကျော်ဇောမောင်သည် ကိုယ်၊ စိတ်၊ နှလုံးရွှင်ပြုံးစွာဖြင့် မိမိ၏လင်ခရူဇာကားကိုမောင်းပြီး အိမ်သို့ ပြန်ခဲ့လေသည်။ ကလျာညီမ်းညီမ်းစံကို အချိတ်အဆက်ပြုလုပ်ရန် ရွှေလမ်းငွေလမ်း ပွင့်ခဲ့လေပြီဖြစ်လေသည်။



အောင်မြင်မှုအထိမ်းအမှတ်ဖြင့် ကျောင်းနေဘက် သူငယ်ချင်းများ၊ ဆရာကန်တော့ပွဲဖြစ်မြောက်ရေး အပေါင်း အသင်းရောင်းရင်းများအား အောင်စေပိုင်စေ ဘီယာပွဲပြုလုပ်ပေးခဲ့ ရလေသည်။

( ၄ )

ဥပုသ်လ ဥပုသ်ထွက် အခါကြီးရက်ကြီးများတွင် ဘာသာရေး၊ လူမှုရေး၊ ချစ်ကြည်ရေးအတွက် ဂါရဝတရားရှေ့ထားလျက် မုန့်များ၊ စားဖွယ်များကို ချိုင့်ကြီး၊ ချိုင့်ငယ်တို့ဖြင့် ကလျာညီမ်းညီမ်းစံတို့အိမ်သို့ ပေးရ၊ ပို့ရသည်မှာလည်း ချောင်းပေါက်မတတ်။

ချစ်ခြင်းမေတ္တာတရားတို့သည် နီးစပ်မှုမှ ပေါက်ဖွား ပေါ်ပေါက်သည်ဟု အချစ်အဘိဓမ္မာဆရာတို့က ဖော်ညွှန်းထားလေသည်။ ဟုတ်ပါပေသည်။ မှန်ပါပေသည်။ ချစ်ခြင်းအစ၊ မျက်စိကဆိုသည့်အတိုင်းပင် ကျော်ဇောမောင်နှင့် ကလျာညီမ်းညီမ်းစံတို့ မျက်လုံးချင်းဆုံရင်ခုန်မှုများ၊ မျက်လုံးချင်းစကား ပြောလာကြသည်မှာ နေ့မှလ၊ လမှနှစ်ကြာခဲ့ပြီဖြစ်သည်။ တစ်နှစ်အား သမီးရည်းစားဖြစ်လာခဲ့ပေပြီ။ တိုးတက်မှုအခြေအနေကို အပေါင်းအသင်းများအား ရင်ဖွင့်ခဲ့ရသော ဘီယာပွဲကလေး များလည်း အတော်များခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသောစနေနေ့တွင်ဖြစ်သည်။ ခမ်းနားကျယ်ဝန်းလှသော ရွှေမီးအိမ်ဆောက်လုပ်ရေးကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ကျော်ဇောမောင်၏ရုံးခန်းတွင်ဖြစ်သည်။ အနားယူချိန်၊ အားလပ်ချိန်ဖြစ်သောကြောင့် ကျော်ဇောမောင်နှင့် သူငယ်ချင်း လင်းမောင်သက်တို့ စန္ဒရားကြီးဖြင့် ဂီတရသကိုခံစား နေကြသည်။ ကျော်ဇောမောင်ကဆိုသည်။ လင်းမောင်သက်က တီးသည်။

'တစ်နေ့ကို မမြင်ရရင် တစ်လလောက်ပဲ စိတ်ကထင်တယ်၊ ဩော် တစ်လကိုမမြင်ရရင် တစ်နှစ်လောက်ပဲ စိတ်ကထင်တယ်၊ အသည်းထဲမယ်စွဲမြဲအောင် ချစ်တဲ့ ညိမ်းရယ်'

ဆိုသူကဆို၊ တီးသူကတီးနေသည့် ဂီတသံတို့ကြောင့် ဧည့်ခန်းတွင် ဧည့်သည်ရောက်နေသည်ကိုမသိလိုက်။ စန္ဒယားသံ၊ သီချင်းသံရပ်သွားတော့မှ ဧည့်ခန်းတွင် ဧည့်သည် ရောက်နေသည်ကိုသိရသဖြင့် ထွက်အကြည့်တွင် -

'ဟယ် ကလျာတို့ပါလား၊ စောစောက ဘာလို့အသံမပေးတာလဲ'

'အစ်ကိုတို့ ခံစားမှုပျက်သွားမှာစိုးလို့ပါ အစ်ကို'



'ကဲ…ဆို ကလျာ၊ အစ်ကိုဘာလုပ်ပေးရမလဲ၊ ဘာအကူအညီပေးရမလဲ'

'ကလျာ ဖိတ်စာလာပေးတာပါအစ်ကို'

ကျော်ဇောမောင်တစ်ယောက် ကလျာ့ဖိတ်စာလာပေးတာပါ ဆိုသောစကားသံကြောင့် စိတ်တွေကစင့်ကလျား၊ ကယောင်နေ [illegible] များဖြစ်သွားရသည်။ မျက်နှာမှာလည်း အက်စစ်ဖြင့် ပ[illegible]နေသည့်အလား ပူလောင်သွားခဲ့သည်။

မဝံ့မရဲဖြင့် ဖိတ်စာကိုကြည့်လိုက်သောအခါတွင်မှ 'မွေးနေ့ဖိတ်စာ'ဖြစ်ကြောင်းသိရတော့မှ ကြိုက်မရှက်၊ ငိုက်မရှက် ဆိုသကဲ့သို့ ကလျာအား ပွေ့ဖက်ပြီး -

'မင်း သိပ်ရက်စက်ပါလား'

'အစကတည်းက ကလျာရဲ့ [illegible]ဖိတ်စာလာပေးတာပါလို့ပြောပါလား။ ငါက မင်းရဲ့မင်္ဂလာဆောင် ဖိတ်စာထင်ပြီး တဒင်္ဂ တစ်ခဏ ရူးသွပ်သွားရတယ်။ မင်းသိတယ် မဟုတ်လား'

ကျော်ဇောမောင်သည် ထပ်ဆံ့ပြီး အချစ်ဇော [illegible] ထမည်ပြုစဉ် အိမ်ဖော်ကောင်မလေးပါလာသဖြင့် [illegible]လျာမှ ဟိုးဆရာ ဟိုးဆရာဟု တားမြစ်ခဲ့ရလေသည်။

www.burmeseclassic.com

'ကဲ ကလျာ အချစ်လို့ပဲခေါ်တော့မယ်နော်။ ကိုယ်
ဘာလုပ်ပေးရမလဲ။ ကိုယ် ဘာကူညီရမလဲ'

'ဘာမှမလိုပါဘူးအစ်ကို ကလျာရဲ့မွေးနေ့ပွဲ အစ်ကို
ရောက်လာရင် ကျေနပ်ပါပြီ'

'လာရမှာပေါ့အချစ်ရယ်။ သိကြားမင်းတို့ ငရဲမင်းတို့
တားရင်တောင်မရဘူး၊ လာကိုလာရမှာပေါ့ အချစ်ရယ်'

ကျော်ဇောမောင်သည် ကလျာ့ကို ကိုယ်ထိလက်ရောက်
တဏှာပွားရန် ကြိုးစားသည်။ အိမ်ဖော် ကောင်မလေးရှိနေ
သောကြောင့် ဘာမျှမတတ်သာ။

'ကဲ ပြန်လိုက်ဦးမယ်အစ်ကို'

ကျော်ဇောမောင်သည် ကားပေါ်ရောက်သည်အထိ
ကလျာညီမ်းညီမ်းစံအား အကြင်နာတရားများစွာဖြင့် လိုက်ပို့ပြီး
တာ့တာ ဘိုင့်ဘိုင်လုပ်ရလေသည်။

( ၅ )

ကျော်ဇောမောင်သည် သူ၏မိဘ(၂)ပါးအား
ကလျာညီမ်းညီမ်းစံ၏ မိဘများထံမှ တောင်းပေးရန် ခွင့်တောင်း
သည်။ သားကောင်းတစ်ယောက် ကျောက်ကောင်း တစ်စေ့ဆို



သကဲ့သို့ လိမ္မာရေးခြားရှိပြီး အောင်မြင်နေသည့် စီးပွားရေး
လုပ်ငန်းရှင် ဖြစ်နေသော သားဖြစ်သူ၏အလိုဆန္ဒအတိုင်း မိဘတို
ဝတ္တရားအရ တောင်းရမ်းပေးရန်စီစဉ်ကြသည်။ ကလျာညီမ်းညီမ်းစံ
၏ မိဘများထံသို့ ဆက်သွယ်ကြသည်။ လာရောက် တောင်းရမ်း
မည့်ရက်ချိန်းဆိုကြသည်။

'မင်္ဂလာပါ မင်္ဂလာပါ'

'ကြွပါခင်ဗျာ ကြွကြပါ'

ကျော်ဇောမောင်နှင့် မိဘ(၂)ပါး ဂုဏ်သရေရှိဆွေမျိုး
မိတ်သင်္ဂဟများ ရောက်ရှိလာကြသည်နှင့် တပြိုင်နက်
ကလျာညီမ်းညီမ်းစံ၏မိဘ(၂)ပါးဖြစ်သော ဦးကျော်ညိမ်း၊
ဒေါ်သိန်းသိန်းတို့က ဖက်လှဲတကင်းကြိုဆိုကြသည်။

'ကျွန်တော် + ကျွန်မတို့အနေနဲ့ မိဘတို့ဝတ္တရားအတိုင်း
ဒီက သမီးကလျာညီမ်းညီမ်းစံနဲ့ ထိမ်းမြား လက်ထပ်ဖို့
ပေးပါလို့ တောင်းဆိုကြပါတယ် အောင်ဆိုကြပါတယ်
ခင်ဗျား'

'သမီးကညာရွယ်ရောက်လာ ချိန်ခါမလင့် ထိမ်းမြား
သင့်ဆိုတဲ့အတိုင်း ကျွန်တော်+ကျွန်မတို့ဘက်က လက်ခံ
သဘောတူပါတယ်၊ ကြိုက်နှစ်သက်သလိုသာ စီမံကြပါ'

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ခင်ဗျာ (နေကာရှာရှိ)ပြုလုပ်ပြီး မင်္ဂလာဆည့်ခံ ပွဲအခမ်းအနားပွဲကို စီဒိုးနားဟိုတယ်မှာ စီစဉ်ပါမယ် ခင်ဗျား'

ဇေယျတုသဗ္ဗမင်္ဂလံ - မင်္ဂလာအောင်ဆိုပွဲကို ကျက်သရေ အပေါင်းနှင့် ပြည့်စုံစွာဖြင့် ပြီးစီးအောင်မြင် ခဲ့လေပြီ။

ကျော်ဇောမောင်နှင့် ကလျာညိမ်းညိမ်းစံတို့၏ ကြီးကျယ် ခမ်းနားသော မင်္ဂလာဧည့်ခံပွဲကြီးသည် မင်းပေါင်းခသည့်ပွဲ၊ မင်း၊ သူဌေး၊ လူကုံထံတို့ စုံညီလှသော မင်္ဂလာပွဲကြီးဖြစ်သည်။

သျှောင်နောက်ဆံထုံးပါမြဲထုံးဆိုသည့် ရှေးလူကြီး သူမတို့၏အစဉ်အလာအတိုင်း မင်္ဂလာပွဲကြီးပြီးသည်နှင့် ကျော်ဇော မောင်တို့ မိဘများ၏နေအိမ်သို့ ကလျာညိမ်းညိမ်းစံ လိုက်ပါ နေထိုင်ရလေသည်။

ကျော်ဇောမောင်နှင့် ကလျာညိမ်းညိမ်းစံတို့၏ အိမ်ထောင် သက်ကားတစ်နှစ်တင်းတင်းပြည့်ခဲ့လေပြီ။ ကလျာညိမ်းညိမ်းစံ နှင့် သားသမီးမထွန်းကားသောကြောင့် မီးယပ်သားဖွား သမားတော်ကြီးများထံ ဆေးစစ်ခံရသည်မှာလည်း မမောနိုင်၊ မပန်းနိုင်။



သားသမီးလိုလားနေသော ကျော်ဇောမောင်၏မိဘများ၊ မွေးချင်းများက အမြုံမဟု တီးတိုးပြောဆိုမှုများ၊ မျိုးမအောင်သူ၊ မျိုးမစစ်သူဟု ညည်းညူမှု၊ ငြူစူမှုများ တစ်နေ့တစ်ခြားတိုးပွား နေကြသည်။

ကျော်ဇောမောင်သည် သူ့ရှိုယွင်းချက်လော၊ ငါ့ရှိုယွင်းချက် လော စမ်းသပ်သည့်အနေဖြင့် တပည့်မလေးတစ်ဦးကို ရင်းနှီး ပေါင်းဖက်မှုရယူသည်။ ပွင့်ပွင့်လင်းလင်းတောင်းဆိုသည်။ သူ့နာမည်က စိမ့်စိမ့်စိုးဖြစ်သည်။

'အစ်ကို၊ စိုးမှာကိုယ်လေးလက်ဝန်ဖြစ်လာရင် ဘယ်လို လုပ်ကြမလဲ'

'စိုးကို တရားဝင်လက်ထပ်လိုက်မှာပေါ့. ကိုယ်ဆောက် တဲ့တိုက်တွေထဲက စိုးလိုချင်တဲ့၊ နေချင်တဲ့ အခန်းမှာ နေပါ့။ အစ်ကိုစိုးကို အိမ်တစ်ဆောင်၊ မီးတစ်ပြောင် ထားနိုင်တယ်ဆိုတာ စိုးသိတယ်မဟုတ်လား'

ဤသို့အားဖြင့် ကျော်ဇောမောင်နှင့် စိမ့်စိမ့်စိုးတို့ ရှော တဏှာပွားများလာခဲ့ကြသည်။ အကြင်နာပိုလာကြသည်။ လင်မယားတစ်ဝမ်းကွဲအဖြစ် တိတ်တဆိတ် လူမသိသူမကြား လင်မယားဖြစ်နေကြသည်။ တစ်ဦး၏သိက္ခာကို တစ်ဦးစောင့်

www.burmeseclassic.com

www.burmeseclassic.com



သိသောအနေဖြင့် တိတ်တခိုးအချစ် သံယောဇဉ်ချည်နှောင် လာခဲ့ကြသည်။

ဟုတ်လျှင်ကျော် ပုပ်လျှင်ပေါ် ဆိုရိုးစကားအတိုင်းပင် စိမ့်စိမ့်စိုးတွင် ကိုယ်ဝန်ရှိလာသည်။ တရားသဘောနှင့် သဘော တရားတို့အရ (နေကာဖတ်)၍ အသိအမှတ်ပြုထားကြသည်။ နှလုံးသားလင်မယားဖြစ်သွား ကြလေပြီ။ သံယောဇဉ်ကြိုးလေး တစ်ချောင်းက ချည်နှောင်လိုက်ကြလေပြီ။

( ၆ )

ဝဿဝတီနတ်ပြည်က နတ်သမီးလေးအလား။ အချောအလှ တွေပိုနေသူ ကလျာညိမ်းညိမ်းစံကတော့ လှမြဲလှနေလျက်ရှိ သည်။ ကျော်ဇောမောင် ရှုမညီးသောဇနီးလေးဖြစ်သည်။ အဘယ်သို့သောအကြောင်းကြောင့် သားသမီးမရဖြစ်နေသလဲ ဆိုသောအချက်ကို စူးစမ်းလိုသည်။ သို့ကြောင့်လည်း အလုပ် ကိစ္စဖြင့် ဘန်ကောက်သို့သွားခဲ့ရာတွင် ချစ်ဇနီးကလျာညိမ်းညိမ်းစံ ကိုပါခေါ်သွားခဲ့လေသည်။ ဘန်ကောက်မြို့ရှိ ကမ္ဘာ့အဆင့်မီ ဆေးရုံကြီးတွင် ဆေးစစ်ခံသည်။

ခန္ဓာကိုယ်အစိတ်အပိုင်းများ၊ အသွေးအသားတို့ကို ဘက်စုံစစ်ဆေးပြီးနောက် အဖြေကား သားသမီးမယူလိုသော



ကြောင့် ခေတ်မီဆေးဝါးသုံးစွဲမှုကြောင့်သာ သားသမီးမရရှိခြင်း ဖြစ်ကြောင်း အဖြေထွက်လာသည်။

'ကလျာ မင်းဘာကြောင့် သားသမီးမယူချင်တာလဲ'

'ဘာဆေးဝါးတွေစားသလဲ'

'ဘုရားမကြိုက် နတ်မကြိုက်အလုပ်ကို ဘာကြောင့် လုပ်ရသလဲ'

'အစ်ကို အချစ်ကိုမယုံလို့လား'

'မင်း ဘာဖြစ်ချင်သလဲ'

'ဒီကိစ္စ ပါပါတို့ မာမာတို့သိသွားရင် တို့အိမ်ထောင်ရေး ထိခိုက်နိုင်တယ်'

ကျော်ဇောမောင်၏ မေးခွန်းပေါင်း များစွာကို ကလျာညိမ်းညိမ်းစံမှ မည်သည့်ဆေးဝါးကိုမျှ သုံးစွဲခြင်း၊ စားသုံး ခြင်းမရှိကြောင်း ဖြေဆိုပြောကြားသော်လည်း ခင်ပွန်းဖြစ်သူက အယုံအကြည်မရှိ၊ ဝိရောဓိတွေ ဖြစ်နေကြသည်။

'အစ်ကို ကလျာကိုမယုံကြည်ဘူးဆိုရင် (၂၄)နာရီလုံး အစ်ကိုအနားမှာခေါ်ထားပြီး အတူနေပေါ့ အစ်ကိုရယ်'

သဘောတရားထက် လက်တွေ့က ပိုပြီးချောသည် ဆိုသည့် သဘာဝတရားအတိုင်း ကျော်ဇောမောင် လက်တွေ့

www.burmeseclassic.com

www.burmeseclassic.com



ကျင့်သုံးသည်။ သို့ရာတွင် မျှော်လင့်တောင့်တကြဲစည် အားထုတ်သည့်အတိုင်း ဘာမျှဖြစ်မလာပါ။ ကလျာညိမ်းညိမ်းစံနှင့် မျိုးဆက်သစ်မရရှိခဲ့ပါ။

'အစ်ကို အစ်ကို စိတ်တက်ကြွပျော်ရွှင်မှုဆေးသုံးလို့များ ကလေးမရတာလား အစ်ကို'

'မင်းက ငါ့ကိုစိတ်တက်ကြွဆေးတွေသုံးတယ်။ မူးယစ်ရူးသွပ်ဆေးသုံးတယ်လို့ ကြော်ငြာမောင်းခတ်မလို့လား ငါ့ကိုမစော်ကားနဲ့'

'စော်ကားတာမဟုတ်ဘူးအစ်ကို၊ အမှန်အတိုင်းပြောတာ'

'ပြောဦးကွာ ပြောဦးကွာ ဖျောင်း ဖျန်း အွန့် အွန့်'

'မင်းထွက်သွား၊ မင်းကိုမပေါင်းတော့ဘူး။ မင်းကို ငါမပေါင်းတော့ဘူးလို့ သုံးကြိမ်သုံးခါပြောတယ်။ သွားတော့ သွားတော့'

ကျော်ဇောမောင်နှင့် ကလျာညိမ်းညိမ်းစံတို့ စကားများ၊ ခိုက်ရန်ဖြစ်ပွားနေသည်ကို မိခင်၊ ဖခင်နှင့် မွေးချင်းများ တွေ့မြင်သိရှိကြသည်။ ဘာမှဝင်မပြောကြ။ ပွဲကြည့်ပရိသတ်လုပ်နေကြသည်။ ကျော်ဇောမောင်ဘက်မှ ထောက်ခံအားပေးနေကြသည်။



ကလျာညိမ်းညိမ်းစံသည် မျက်ရည်စိုရွှဲပိုင်ပွဲဆင်လျက် အဝတ်တစ်ထည်၊ ကိုယ်တစ်ခုဖြင့် သူမ၏ မိဘများနေအိမ်သို့ ဆင်းခဲ့ရလေသည်။

တစ်လခန့်ကြာသော် ကျော်ဇောမောင်ဘက်မှ ဆွေမျိုးများက လူမှုရေး၊ ဘာသာရေးတို့အရ ပြန်လည် ပေါင်းသင်းကြရန် ကမ်းလှမ်းပြောဆိုကြသည်။ ကျော်ဇောမောင်ကိုယ်တိုင်က လည်း ဖုန်းဖြင့် တောင်းပန်သည်။ သူမူးလို့ဒီလိုပြောလိုက်တာ၊ ရိုက်လိုက်တာပါဟု တောင်းပန်သော်လည်း ကလျာညိမ်းညိမ်းစံ လက်မခံပါ။ စိတ်အနာကြီးနာခဲ့ရလေသည်။

မိဘ၊ လူကြီးများက ပြန်ပေါင်းရန်ခေါ်ဆိုသည်ကို လက်မခံ။ မိမိကိုယ်တိုင်တောင်းပန်ခယသည်ကိုလည်း လက်မခံသောကြောင့် ကျော်ဇောမောင်သည် ကလျာညိမ်းညိမ်းစံထံသို့ စာဖြင့်အကြောင်းကြားလိုက်သည် ...

'ဒီမှာ ကလျာညိမ်းညိမ်းစံ၊ ချင်းစိမ်းနဲ့မိတ်သလင် သူကြင်မှ ကိုယ်ကြင်တဲ့ - မင်းက ငါ့ကိုမုန်းတယ်။ ငါကလဲ မင်းကိုမုန်းတယ်။ မင်းကို ငါတရားနဲ့အညီ (တာလတ်)သုံးကြိမ်ပေးတယ်။ မင်းကိုငါမပေါင်းတော့ဘူး။ မင်းကို ငါမပေါင်းတော့ဘူး။ မင်းကိုငါမပေါင်း

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး။ မင်းထက်သာတဲ့မိန်းမ (၁၀)ယောက်ယူပစ်လိုက်မယ်'

ကလျာညိမ်းညိမ်းစံသည် အိမ်ထောင်သည်ဘဝမှ လွတ်မြောက်သွားပြီဖြစ်၍ မိဘနှစ်ပါး၏မေတ္တာရိပ်ငြိမ်တွင် အေးချမ်းစွာ နိုနားနေရသည်ကို ကျေနပ်နေသည်။ စိတ်ချမ်းသာနေလျက်ရှိပေသည်။

နောင်သောအခါ ဘဝတစ်ခုတည်ထောင်လိုပါက ဥပဒေ၊ တရားတော်၊ ဓမ္မသတ်၊ ဖြတ်ထုံး အဆုံးအဖြတ်များကိုလည်း ရယူထားခဲ့လေသည်။

( ၇ )

တစ်နေ့တွင်ဖြစ်သည်။ ကလျာညိမ်းညိမ်းစံသည် ကွန်ပျူတာသင်တန်းမှ ပြန်လာသည်။ ရှုမညီးအောင် လှပနေသည့် ကလျာညိမ်းညိမ်းစံ၏ ရုပ်ပါရုံကိုမြင်လိုက်ရသော ကျော်ဇောမောင်မှာ (စွန့်ပစ်လိုက်ရသည်ကလည်း အဆီတဝင်းဝင်း၊ စားခဲ့ရသည်မှာလည်း သဲနှင့်ရှုပ်ရှုပ်)ဆိုသကဲ့သို့ ခံစားလိုက်ရသည်။

ကလျာညိမ်းညိမ်းစံသည် (တစ်ခုလပ်နှင့်အပျိုစင် ဘယ်သင်းသာလို့ယှဉ်)ဆိုရလောက်အောင် လှပနေသည့် တစ်ခုလပ်မလေးဖြစ်သော်လည်း ဘယ်သူမှ တစ်ခုလပ်မှန်းမသိပါ။ သူမဘဝ



ဖြစ်စဉ်ဖြစ်ရပ်ကို သိသူတို့သာ တစ်လင်ကွာ၊ တစ်ခုလပ်မလေးဖြစ်ကြောင်း သိရခြင်းဖြစ်သည်။

ကလျာညိမ်းညိမ်းစံ သင်တန်းကျောင်းမှဆင်းချိန်တွင် ပရာဒိုကား၊ ဆတ်ကား၊ ဒဗလယ်ကတ်ကား၊ လင်ခရူဇာကားတို့ဖြင့် စောင့်ကြိုပြီး ပိုးကြ ပန်းကြသည်မှာလည်း သူ့ထက်ငါ အပြိုင်အဆိုင်။

'ကလျာ မင်းက ကျော်ဇောမောင်ရဲ့ဇနီးမဟုတ်လား။ အစ်ကိုက ကျော်စွာညိမ်းပါ'

'အရင်ကတော့ ဟုတ်ပါတယ်။ အခုမဟုတ်တော့ပါဘူး။ ကျွန်မတို့ ကွဲကွာခဲ့ကြပြီးဖြစ်ပါတယ်'

'ကျွန်တော်လည်းကြားတယ်။ သေချာအောင်လို့မေးတာပါ။ ကျွန်တော် ကလျာ့ကို စိတ်ဝင်စားနေတာ ကြာပါပြီ။ ဒါ့ကြောင့် သင်တန်းဆင်းချိန်မှာ လာပြီးစောင့်နေတာပါ'

'ကျွန်မလည်း ခင်တတ်ပါတယ်'

'ဟာ၊ ကျွန်တော်က ခင်မင်ရုံမကဘူး။ ကလျာ့ကို သားမှတ်မှတ် မယားမှတ်မှတ်ပေါင်းချင်တာပါ'

www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားပါဦး အချိန်တွေရှိပါသေးတယ်။ ကျွန်မ အပျိုစစ်မဟုတ်ဘူးဆိုတာလည်း လေးလေးနက်နက် စဉ်းစားပါ"

ကလျာညိမ်းညိမ်းစံနှင့် ကျော်စွာညိမ်းတို့၏ တရင်းတနှီးဆက်ဆံပြုမူပြောဆိုနေသည့်မြင်ကွင်းကို ကွက်ကွက်ကွင်းကွင်းမြင်ရသော ကျော်ဇောမောင်မှာ (ရည်းစားလူလု အူနုကျွဲခတ်)ဆိုသကဲ့သို့ ခံစားနေရသည်။ အချစ်စိတ်၏ရူးသွပ်မှုကို ခံစားနေရလေသည်။

ကွန်ပျူတာသင်တန်းကျောင်းသို့ သင်တန်းတက်ရန် လာရောက်ချိန်တွင် ကျော်စွာညိမ်းသည် သူ၏ ပရာဒိုကားဖြင့် လိုက်ပို့သည်။ ပြန်ကြိုသည်။ (မထသ)သမီးရည်းစားဖြစ်နေကြဟန်တူသည်။ စနေနေ့ကျောင်းဆင်းချိန်ဖြစ်သည်။ ကျော်စွာညိမ်း၏ ကားမရောက်လာသေးသဖြင့် ပုဏ္ဏာရိတ်ပင်အောက်တွင် ကလျာညိမ်းညိမ်းစံစောင့်နေသည်။ ရုတ်တရက် လင်ခရူဇာကားတစ်စီးထိုးရပ်လိုက်သည်။ ကလျာညိမ်းညိမ်းစံကို ကားပေါ်သို့ အတင်းဆွဲတင်သည်။

"ဒါက ဘာလုပ်တာလဲ"



"မောင်းဟေ့ ခပ်သုတ်သုတ်မောင်း"

"ဒီမှာ ရှင်နဲ့ကျွန်မ ဘာမှမဆိုင်တော့ဘူး မပတ်သက်တော့ဘူး"

"ဆိုင်ပါတယ် မိန်းမရယ်။ မင်းက ငါ့ကိုမုန်းနိုင်ပေမဲ့။ ငါမင်းကို မမုန်းနိုင်ဘူး၊ တို့ဟာန်းနီးမွန်းထွက်ကြမယ် မိန်းမရယ်။ မင်းမိဘတွေကို စိတ်မပူပါနဲ့လို့ပြောလိုက်ရော့ မင်းရဲ့ဖုန်း"

ကလျာညိမ်းညိမ်းစံသည် ချော့ပြန်တော့လည်းပျော့ရတဲ့သူဖြစ်နေရလေပြီ၊ ရူးသွပ်ခဲ့ရသော ကာမစည်းစိမ် ဘဝစည်းစိမ်တို့တွင် ယစ်မူးနေခဲ့ရပြန်သည်။ တဏှာဘီလူးစီးဝင်နေသောကြောင့် အမုန်းတရားများပင်လွင့်စင်သွားနေရပြီဖြစ်လေသည်။

ကလျာညိမ်းညိမ်းစံ၏မိဘများက ရဲစခန်းတွင် လူပျောက်မှု၊ အမှုဖွင့်သည်။ ရဲတပ်ဖွဲ့မှ ကျော်ဇောမောင်၏ မိဘများထံ စုံစမ်းသည်။ ကျော်ဇောမောင်၏ဖုန်းဖြင့် အကြောင်းကြားချက်အရ သူ့မိန်းမ ကလျာညိမ်းညိမ်းစံကို သူခိုးသွားကြောင်း ဝန်ခံပြောဆိုကြသည်။

တစ်ပတ်ကြာခရီးထွက်ရာမှ ပြန်လာသော ကျော်ဇောမောင်က ကလျာညိမ်းညိမ်းစံကို ခေါ်ယူသွားပြီး ရဲတပ်ဖွဲ့စခန်းသို့

www.burmeseclassic.com

www.burmeseclassic.com



သူ့မယားကို သူခိုးယူသွားကြောင်း လှာရောက်သတင်းပို့ ဝန်ခံကြသည်။

ကလျာညီမ်းညီမ်းစံ၏မိဘများကလည်း ဥပဒေအရလည်းကောင်း၊ တရားတော်အရလည်းကောင်း၊ လင်ခန်းမယားခန်းကွာရှင်းပြတ်စဲပြီးဖြစ်၍ သူ့မယားမဟုတ်တော့ကြောင်း၊ ခမ္မသတ်ဖြတ်ထုံး၊ အဆုံးအဖြတ်တို့ကို တင်ပြသည်။ (ခိုးသူကိုလည်း မိသည်။ ခိုးရာပါပစ္စည်းကိုလည်း မိသည်။ သူခိုးက ခိုးကြောင်းလည်း ဝန်ခံဖြောင့်ဆိုသည်။) ထို့ကြောင့် ဥပဒေအရ အမှုဖွင့်အရေးယူပေးရန်နှင့် ခိုးယူထားခြင်းခံရသော သမီးကလျာညီမ်းညီမ်းစံကို ပြန်ပေးရန် ပြန်ခေါ်သွားရန် တောင်းဆိုသည်။

ဤအချိန်တွင် ကျော်ဇောမောင်သည် ကလျာညီမ်းညီမ်းစံအား ရဲစခန်းမှ ခပ်သုတ်သုတ် ခေါ်ယူသွားခဲ့လေ့သည်။ ကလျာညီမ်းညီမ်းစံ၏မိဘများက ဥပဒေအရ ဆက်လက်အရေးယူပေးရန် ထပ်ဆင့်တင်ပြတိုင်ကြားသည်။

ရဲစခန်းမှ ဥပဒေဆိုင်ရာပြဿနာဖြစ်နေသောကြောင့်၊ သက်ဆိုင်ရာဥပဒေရုံး၊ ဥပဒေအရာရှိများ၏ ဥပဒေ အကြံပြုချက်အတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောပြရလေသည်။



'မောင် ဘာဖြစ်လို့မုန်းတာလဲ'

'မောင်ဘာဖြစ်လို့ချစ်တာလည်း ဘယ်လောက်ထိချစ်မှာလဲ။ ကျွန်မ ကလေးမမွေးရင်ကော ချစ်မှာလား'

❑

www.burmeseclassic.com

www.burmeseclassic.com




'ကိုမောင် လက်ထပ်ကြပါစို့လားကိုမောင်ရယ် အတူနေ လာကြတဲ့သက်တမ်းကလည်း ငါးနှစ်တောင်ရှိပြီ မဟုတ်လား'

'ကို တင့်တင့်ကို ကွန်ဒိုတိုက်ခန်းနဲ့ တင့်တင့်တယ်တယ် ထားဖို့စီစဉ်နေပါတယ်။ အားလုံးအဆင်သင့်ဖြစ်မှ လက်ထပ်ကြတာပေါ့အချစ်ရယ်'

ချစ်ဆန်းမောင်နှင့် တင့်တင့်ကျော်တို့ ချစ်ချစ်ခင်ခင် တွယ်တွယ်တာတာ အတူနေထိုင်လာကြသည်မှာ သက်တမ်း အားဖြင့် ငါးနှစ်တာကြာခဲ့ပေပြီ။ မိန်းမတို့၏ အာဝေနိကတရား အရ လင်ယူသားမွေးဖြစ်ခြင်းသော်လည်း တင့်တင့်ကျော်သည် လင်ယူသော တဏှာဝါသော ဗဟုကိစ္စောသာရှိခဲ့သော်လည်း သားမွေးသောစိတ်ဆန္ဒမရှိသောကြောင့် သဘာဝတရားနှင့် ဆန့်ကျင်နေသူဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဆန်းမောင်ဆိုသူမှာလည်း ဆောက်လုပ်ရေးလုပ်ငန်းကြီး၏ဦးဆောင်ဦးရွက်ဖြစ်သောကြောင့် စီးပွားရေးလုပ်ငန်းကောင်းသူဖြစ်သည်။ စီးပွားရေးလုပ်ငန်းကောင်းပြီး ဝင်ငွေကောင်းသော ပုရိသတို့မှာ ရာဂတဏှာအားသန်လေ့ရှိကြသည်။ ဇိမ်ခံဇိမ်ယူသော သာယာမှုကို အတိုင်းအတာတစ်ခုအထိရှိကြသည်။

‘သားအပေါင်းတို့၏အသွေးအသားကို ဖောက်ထုတ်စားသုံးတတ်သော၊ ရက်စက်ကြမ်းကြုတ်ခက်ထန်သော ခြသေ့ံ၌ ခြေလက်လေးဘက်၊ နှုတ်သီးဟူသော လက်နက်ငါးပါးရှိသကဲ့သို့၊ ထို့အတူ မိန်းမတို့တွင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ဟူသော လက်နက်ငါးပါးသည်ရှိ၏။’

ချစ်ဆန်းမောင်သည် အမဲသားနေ့စဉ်စားသုံးသူဖြစ်သည်။ တဏှာရာဂအားသန်သူဖြစ်သည်။ ဣတ္ထိယဟူသော မိန်းကလေးများနှင့် အရောတဝင်နေတတ်သော လူသားတစ်ဦးဖြစ်သည်။

တင့်တင့်ကျော်ဆိုသော မိန်းကလေးမှာလည်း မျက်လုံးဝန်းသည်။ တင်ဆုံကြီးသည်။ ကောက်သည်။ တွဲသည်။ အလှအပအပြင်အဆင်အထုံးပြုလုပ်လေ့ရှိသည်။ ယောကျ်ားများနှင့် အရောတဝင်အကျွမ်းတဝင်နေတတ်သည်။ ပွဲလမ်းသဘင်အပျော်အပါးနှစ်သက်ပြီး သွားလာလေ့ရှိသည်။



သို့ကြောင့်လည်း ချစ်ဆန်းမောင်နှင့် တင့်တင့်ကျော်တို့ တူညီသောဆန္ဒ၊ တူညီသောဝါသနာတို့ဖြင့် ငါးနှစ်၊ ငါးမိုးတိုင်တိုင် တင့်တင့်ကျော်၏နေအိမ်ခန်းတွင် အတူနေထိုင် ဆက်ဆံလာခဲ့ခြင်းဖြစ်ကြလေသည်။ တဏှာဘီလူးနှင့် တဏှာရူးတို့ဖြစ်ကြလေသည်။

တင့်တင့်ကျော်၏အိမ်ခန်းမှာ ဖခင်ကြီးစစ်ဘက်အရာထမ်း၏နာမည်ဖြင့် နေထိုင်ခွင့်ရရှိထားသော အိမ်ခန်းဖြစ်သည်။ မိဘ(၂)ပါးကွယ်လွန်သွားပြီးနောက် သူတစ်ဦးတည်းအပိုင်စီးနေထိုင်သည်။ တင့်တင့်ကျော်၏ ဆွေမျိုးသားချင်းများလက်မခံနိုင်သော (ဆိုရှယ်ကျလွန်းသောအနေအထိုင်အပြုအမူ)တို့ကြောင့် တင့်တင့်ကျော်အား ကြဉ်ထားကြသည်။ ပယ်ထားကြသည်။ သောင်ပြင်လွှတ်ထားသော သတ္တဝါကဲ့သို့ဖြစ်နေရသူလေးဖြစ်သည်။

( ၂ )

‘အစ်မ၊ ကျွန်တော်လေ အစ်မနဲ့ ခင်ခင်မင်မင်ဖြစ်လာတဲ့အချိန်ကစပြီး တခြားမိန်းကလေးတွေကို စိတ်ဝင်စားတော့ဘူး။ အစ်မမျက်နှာကို တစိမ့်စိမ့်ကြည့်နေရရင်စိတ်ပျော်တယ်။ သိပ်ပျော်တယ် အစ်မရယ်’

www.burmeseclassic.com

www.burmeseclassic.com



'မလွန်လွန်းဘူးလား အစားသာကုန်အောင်စား၊ စကားကို ကုန်အောင်မပြောနဲ့တဲ့မောင်လေး'

'တကယ်ပြောတာပါအစ်မရယ်၊ အစ်မအတွက်ဆိုရင် ဘာမဆို ကျွန်တော်စွန့်စားရဲပါတယ်'

'ကဲ…ကဲ ဒါဆိုရင် လူကြီးဆုံရာနဲ့ သားမှတ်မှတ်၊ မယားမှတ်မှတ်ယူပါ့မယ်။ ပေါင်းပါ့မယ်ဆိုပြီး လာတောင်းပေတော့မောင်လေး'

ဤသူငယ်ကား သက်ပိုင်စိုးဆိုသော တစ်ဦးတည်းသော သားလေးဖြစ်သည်။ မိဘများက အလွန်ချမ်းသာသူများ ဖြစ်ကြသည်။ တစ်ဦးတည်းသောသားလေးဖြစ်၍ အလိုလိုက်ထားသူဖြစ်သည်။

သက်ပိုင်စိုးသည် ချိုပြုံးသောမျက်နှာပေး၊ ညင်ညင်သာသာရယ်သံလေးများ၊ မျက်နက်ထောင့်ကပ်ပြီး ကြည့်ခြင်းများ၊ မခံချင်စရာ၊ စိတ်ဆိုးအောင်ဆွပေးခြင်းဖြင့် ပြုမူပြောဆိုခြင်းများ စသည့် စသည့် ယောက်ျားများကို မိမိတို့ ဘက်ပါအောင် ဆွဲဆောင်တတ်သောဆွဲအားစွဲအားတို့ဖြင့် တင့်တင့်ကျော်မှ ဖမ်းစားထားခြင်းခံရသူတစ်ဦးဖြစ်သည်။ (အရူးကို အမဲသားကျွေးထားသလား ထင်ရမလောက်)



'အမေ သားမိန်းမယူတော့မယ်၊ အမေတို့တောင်းပေးပါ'

'ဟဲ့… သား မင်းအသက်(၂၀)ပဲရှိသေးတယ်။ ငယ်ပါသေးတယ်သား'

'သား မနေနိုင်တော့ဘူးအမေ၊ သူနဲ့ပဲနေချင်တယ်၊ သူ့ကိုပဲယူချင်တယ်အမေ'

'ဟယ် သူကဘယ်သူလဲ၊ ဘယ်သူ့သမီးလဲ ဘယ်ကလဲ'

'ဒီမှာ သူ့ဓာတ်ပုံပါအမေ'

'ရုပ်ကလေးကတော့ သားသားနားနားပဲ'

'၃၆-လမ်းမှာနေပါတယ်၊ ကွယ်လွန်သူ ဗိုလ်မှူးဟောင်းရဲ့သမီးပါ။ သူ့မှာ မိဘတွေမရှိကြတော့ပါဘူး အမေ'

'အမေ လေ့လာသုံးစမ်းပါအုံးမယ်သားလေးရယ်'

မိခင်ကြီးဒေါ်သက်သက်စိုးသည် တစ်ဦးတည်းသော သားလေး၏ဆန္ဒ၊ လိုက်လျောရန်သင့်/မသင့်၊ တော်မတော်၊ စုံစမ်းရလေသည်။ လူဆိုသည်မှာ ပတ်ဝန်းကျင်နှင့်နေသော အဝန်းအဝိုင်းရှိသည်။ (လူသတင်း လူချင်းဆောင်၊ ပန်းသတင်း လေညင်းဆောင်)ဖြစ်လေရကား – တင့်တင့်ကျော်၏ (အရှုံးရှယ် အလွန်အမင်း ကျလွန်းသောစရိုက်ဝါဒ)ကို နားနှင့်မဆံ့ ဖဝါးနှင့်

www.burmeseclassic.com

www.burmeseclassic.com



သာ နာချင်လောက်အောင် ကြားသိလာရပေသည်။ သားတော်မောင်အား ရှင်းပြနားချရလေသည်။

'သားလေး၊ မင်းယူချင်တဲ့တင့်တင့်ကျော်က သားထက် (၅)နှစ်ပိုကြီးတယ်၊ ပြီးတော့ သူ့အိမ်မှာ ယောကျ်ားသားတစ်ဦးနဲ့ မရှင်းမရှင်းပေါင်းသင်းနေတာ (၅)နှစ်တောင်ရှိပြီတဲ့'

'အမေ (အပျိုလင်အစဉ်မရှိ၊ လူပျိုစကားအလကားတဲ့) သားလည်း သူ့အိမ်မှာ အဲဒီလိုပဲနေခဲ့တာပဲ အမေရယ်'

မိခင်ကြီးဒေါ်သက်သက်စိုးသည် ငါ့သားလေး နို့နံ့တောင်မပျောက်သေးဘူးလို့ထင်နေတာ၊ အခုတော့ တဏှာရူးသားလေးဖြစ်နေပါလားဆိုပြီး ယူကျုံးမရဖြစ်နေရလေသည်။ အပူလုံးထနေရလေပြီ။

( ၃ )

'တင့်တင့်ရေ ကိုချစ်ဆန်းမောင်က မင်းကို ကွန်ဒိုတိုက်ခန်းနဲ့ တင့်တောင်းတင့်တယ်ထားချင်တယ်ဆို ပြီး၊ အချိန်ဆွဲလာခဲ့တာ ခုတော့ မင်္ဂလာဆောင်ပြီး ညည့်ခံပွဲကြီးတခမ်းတနားပြုလုပ်တာ တင့်တင့် မသိဘူးလား'



'ဘာ ဘာပြောတယ်'

'ဒီမှာဖိတ်စာ၊ ဒီမနက်ကပဲပြီးသွားတယ်'

တင့်တင့်ကျော်သည် ဖိတ်စာကိုကြည့်လိုက်သည်။ သွေးများနားထင်ရောက်တက်လာသည်။ ချွေးတွေပြန်လာသည်။ မူးမေ့သွားသည်။ သူ့အိမ်မှာ ဘယ်သူမှလည်းမရှိ၊ ဒီအတိုင်းကြည့်နေလို့လည်း မဖြစ်သောကြောင့် ဘော်ဒါဘော်ဂျက်ဖြစ်သူထင်လင်းအောင်က ရန်ကုန်ဆေးရုံကြီးအရေးပေါ်သို့ တင်ပို့ပေးလိုက်သည်။ တာဝန်ကျဆရာဝန်ကြီးများက ဂိတ်ဖိစီးမှု လွန်ကဲသွားခြင်းဖြစ်ကြောင်း၊ စိတ်ကစဉ့်ကလျားဖြစ်သွားကြောင်း (SENILE DEMENTIA) (ဦးနှောက်ယိုယွင်းသွားကြောင်း) အချိန်ယူကုသသွားရန် ဖြစ်ကြောင်းသိရလေသည်။

နောက်နေ့တွင်ဖြစ်သည်။ တင့်တင့်ကျော်သည် ဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများကို မျက်လှည့်ပြပြီး လူနာလာကြည့်သောညည့်သည်ဟန်ဆောင်ပြီး မိမိဆန္ဒသဘောဖြင့် ဆေးရုံမှဆင်းသွားသည်။ သက်ပိုင်စိုးကို အကူအညီတောင်းသည်။ ကားယူလာရန်နှင့် အကူအညီပေးရန်တောင်းဆိုသည်။ အချိန်ကာ ညနေ(၆)နာရီကျော်ခန့် ...

'ကဲ အစ်မ ကျွန်တော် ဘာကူညီရမလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အစ်မ ရေကျော်ထဲက လမ်းတစ်လမ်းကိုသွားမယ်၊ လိုက်ပို့ပေးပါ၊ ခပ်လှမ်းလှမ်းမှာစောင့်နေပါ။ အစ်မ (၁၀)မိနစ်အတွင်းပြန်လာခဲ့ပါမယ်'

'ရပါတယ်အစ်မရယ် ကူညီရမှာပေါ့'

တင့်တင့်ကျော်၊ သက်ပိုင်စိုးတို့သည် ရေကျော်လမ်းမကြီးမှတစ်ဆင့် အတွင်းလမ်းတစ်လမ်းသို့ ဝင်သွားသည်။ အိမ်တစ်အိမ်၏ရှေ့တွင် ကားရပ်နိုင်းသည်။ ကားပေါ်မှဆင်းသည်။ အသင့်ယူဆောင်လာသော မြွေရေခွံအိတ်ကိုကားပေါ်မှ ချလိုက်သည်။ သက်ပိုင်စိုးအား ခပ်လှမ်းလှမ်းတွင်စောင့်ရန် ပြောလိုက်သည်။

'ဝုန်း…ဝုန်း…ဝုန်း…ချွမ်…ချွမ်…ဝုန်း…ချွမ်…ချွမ်'

'ဟော့ကောင်ချစ်ဆန်းမောင် ထွက်ခဲ့၊ နင်ငါ့ကို (၅)နှစ် (၅)မိုးသားမယားအဖြစ် ပေါင်းသင်းလာခဲ့ပြီး မယူဘဲ အခုတော့ ဒီကောင်မကိုယူလိုက်တယ်၊ ထွက်ခဲ့ကြ အသက်ချင်းလဲမယ်'

'ဝုန်း…ဝုန်း…ချွမ်…ချွမ်'

ပတ်ဝန်းကျင်မှ လမ်းသူလမ်းသားတွေ ထွက်လာကြသည်။ ဝိုင်းကြည့်ကြသည်။



'ဒီမှာဗျ၊ ပတ်ဝန်းကျင်ကို လမ်းသူလမ်းသားတွေကို စိတ်အနှောင့်အယှက်ဖြစ်တယ်ဗျာ၊ ဒီလမ်းထဲမှာ ဒီတစ်အိမ်တည်းရှိတာ မဟုတ်ဘူး။ ခင်ဗျား အေးအေးဆေး ပြန်သွားပါ။ ကျွန်တော်တို့ (၁၉၉)တိုင်ပြီး အရေးယူရလိမ့်မယ်'

'ကျွန်မ အသည်းကွဲသွားပြီ။ ရှုးမတတ်ခံစားနေရပြီ၊ ဒါကျ တော့ မပြောကြတော့ဘူးလား… အီး အီး အီး'

'ခင်ဗျားနစ်နာမှုတွေ၊ ဆုံးရှုံးမှုတွေရှိရင် သက်ဆိုင်ရာ တရားရုံးမှာ ဥပဒေအရ ဆောင်ရွက်ပါ။ ကျွန်တော်တို့ တစ်လမ်းလုံးကိုတော့ ဆူပူမှုမလုပ်ပါနဲ့'

တင့်တင့်ကျော်သည် တစ်ရွာနှင့် တစ်ယောက်ဖြစ်လေသောကြောင့် ပြန်သွားလေသည်။ သက်ပိုင်စိုး၏ ကားကို ရှာဖွေသည်။ မတွေ့တော့ပါ။ အချင်းဖြစ်မြင်ကွင်းကိုကြည့်ပြီး လစ်သွားခြင်းဖြစ်ပေမည်။

ဤဖြစ်ရပ် ဤအကြောင်းကို သက်ပိုင်စိုး၏ဖခင်ကြီး ဒေါ်သက်သက်စိုး၏ထောက်လှမ်းရေးများ ပြောပြချက်အရ သိရ်သည်။ သားဖြစ်သူကို ပညာပေးရန် ဆုံးဖြတ်လိုက်သည်။

'သားလေး လာဦး၊ ထိုင်ဦး၊ အမေ့သားလေး ဆန္ဒအတိုင်း၊ ကောင်မလေးကိုသွားတောင်းဖို့ပဲ လိုတော့

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ စီဒီးနားပဲကိုတယ်ကိုလည်းငှားပြီးပြီ၊ ဖိတ်စာလဲ စီစဉ်ထားပြီး ရက်လည်းရွေးထားပြီးပြီ'

'ဟာ…ဟာ မှားကုန်ပြီ၊ လွဲကုန်ပြီ၊ သားကိုလည်း ဘာမှ မပြောပါလားအမေရယ်၊ သား သူ့ကို မယူတော့ဘူး။ ကြောက်သွားပြီ။ တွေ့လည်းမတွေ့ချင်တော့ဘူး။ ဘာမှလည်း လုပ်စရာမလိုဘူး၊ သားသူ့ကို တောင်းလည်း မတောင်းတော့ဘူး။ ယူလည်းမယူတော့ဘူး အမေ'

'ဘယ်လိုဖြစ်သွားတာလည်း၊ သားလေး'

'မေမေ ဘာမှမသိဘူး အမေ…မေ ဘာမှမသိဘူး'

'စိတ်လျှော့ပါသားလေးရယ်၊ အမေအားလုံးသိပါတယ်၊ တမင်သက်သက် သားလေးကို စနေတာပါ သားလေး ရယ်'

'မင်းစတာကတော့ကောင်းပြီ၊ တော်ကြာ မင်းသားပါ ရူးသွားအုံးမယ်'

ဖခင်ကြီးဦးအောင်မင်းစိန်ဝင်ပြီး ပြောလိုက်တော့မှ ဒေါ်သက်သက်စိုးမှာ သားလေးအား ကျီစားမှုများ ရပ်သွားခဲ့ လေသည်။



တင့်တင့်ကျော်မှာ တဒိုင်ဒိုင်တရယ်ရယ်ဖြစ်နေခြင်း၊ သတိလစ်သွားခြင်း၊ သူ့ကိုယ်သူထုရိုက်ခြင်းများ ပြုလုပ်နေသည်။ အတူနေ သူငယ်ချင်းများဖြစ်ကြသော ကျော့ကေခိုင်၊ မိမုန်းလှိုင်တို့က ဆေးရုံကြီးသို့ ပြန်လည်တင်ပို့ပေးကြလေသည်။

ဆရာဝန်ကြီးများက ပြန်လည်ပြီး စမ်းသပ်လိုက်သော အခါတွင်မူကား တင့်တင့်ကျော်မှာ - - -

(၁) EMOTION (စိတ်လှုပ်ရှားခြင်း)

(၂) WORRY (စိုးရိမ်ပူပန်ခြင်း)

(၃) SCHIZOPRENIA (စိတ်ကစဉ့်ကလျားဖြစ်ခြင်း)

(၄) SENILEDEMENTIA (ဦးနှောက်ယိုယွင်းခြင်း)

စသည့်ဝေဒနာများရှိနေကြောင်း၊ ရွာသာကြီးဆေးရုံသို့ ပြောင်းပေး ရမည်ဖြစ်ကြောင်း မှတ်ချက်ချခဲ့လေသည်။

တင့်တင့်ကျော်အား ရွာသာကြီးဆေးရုံမှ တစ်လခန့်ကုသ ပေးခဲ့သည်။ အနားနှင့်ဆေးသင့်အောင်ပေး ပျောက်ရေးမခက် ပါဆိုသည့်စကားအတိုင်း ကုသပေးခဲ့ရာ အတော်ကောင်းခဲ့ တည်ငြိမ်လာခဲ့ပြီဖြစ်သည်။ ပြင်ပတွင် စိတ်ရောဂါကုသမားတော်ကြီး များ၊ ဦးနှောက်နှင့် အာရုံကြောရောဂါကုသမားတော်ကြီးများဖြင့် ဆက်လက်ကုသခဲ့ရာ အတော်သက်သာလာခဲ့ပြီဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



( ၄ )

'ဒေါက်…ဒေါက်…ဒေါက်'

'ဒါ…တင့်တင့်ကျော်တို့ အိမ်ပါလားခင်ဗျား'

'ဟုတ်ပါတယ်ရှင့်၊ ကျွန်မတင့်တင့်ကျော်ပါ'

'ကျွန်တော် ပုဇွန်တောင်ရဲစခန်းက ရဲအုပ်ကျော်စိန်လင်းပါ။ ကိုချစ်ဆန်းမောင်က အမှုဖွင့်ထားလို့ စုံစမ်းစရာလေးတွေရှိလို့ စခန်းကို မနက်ဖြန်လာခဲ့ဖို့လာပြောတာပါ'

'ဟုတ်ကဲ့ရှင့် လာခဲ့ပါ့မယ်၊ ကျွန်မ ဆေးရုံကဆင်းတာ တစ်လကျော်လောက်ပဲ ရှိပါသေးတယ်'

'ဘယ်ဆေးရုံက ဆင်းတာလဲခင်ဗျာ'

'ရွာသာကြီးစိတ်ရောဂါကုဆေးရုံကပါရှင့်'

'အေးဗျာ ဆေးကုသစာအုပ်၊ ဆေးစာအုပ်တို့လည်း ယူလာခဲ့ပါ။ မနက်ဖြန် ဘယ်အချိန်လောက် လာနိုင်မလဲ'

'ဟုတ်ကဲ့ရှင့် ဆရာမှာတဲ့အချိန်ကို လာခဲ့ပါမယ်ရှင့်'

'ဒါဆို (၁၀)နာရီလောက်လာခဲ့ပါခင်ဗျာ'

ရဲအုပ်ကျော်စိန်လင်းသည် ကိုချစ်ဆန်းမောင်ဖွင့်ထားသော ခဲပေါက်မှု၊ အကျိုးဖျက်ဆီးမှု၊ ဆဲရေးတိုင်းထွာမှု၊ ဂုဏ်သရေဖျက်



စေမှုများနှင့်ပတ်သက်ပြီး စစ်ဆေးသည်။ တင့်တင့်ကျော်ဘက်မှလည်း သက်သေခံ အထောက်အထားများ၊ ဆေးကုသမှတ်တမ်းစာအုပ် အတူနေသက်သေ(၂)ဦးတို့ဖြင့် အစစ်ဆေးခံတင်ပြသည်။

'မတင့်တင့်ကျော် ရဲ့ဖြစ်စဉ်ဖြစ်ရပ်တွေကတော့ ရင်နာစရာတွေပါပဲ'

'အကြံပြုချင်တာကတော့ ရှေ့နေရှေ့ရပ်တွေနဲ့တိုင်ပင်ပြီး၊ ဒီအမှုကို ခုခံကာကွယ်ပါ၊ ခင်ဗျားမှာ အရှုံးလက်မှတ်ရှိနေတော့ အလားအလာကောင်းနိုင်ပါတယ်။'

'ရာဇဝတ်၊ တရားမကြောင်းတွေနဲ့ မိမိရဲ့ နစ်နာမှုတွေကိုလဲ တောင်းဆိုကုစားပေါ့ဗျာ၊ ကျွန်တော်တို့ရဲ့တာဝန်ဖွဲ့အနေနဲ့ကတော့ အမှုလာဖွင့်ရင် စုံစမ်းတာတို့ စစ်ဆေးတာတို့ကို တာဝန်အရ လုပ်ရပါတယ်'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင့်၊ ပြန်လိုက်ပါဦးမယ်'

တင့်တင့်ကျော်သည် စိန်ဘရားသားဥပဒေအကျိုးဆောင်ဂုရုထံသို့ ရာဇဝတ်မှုစွဲဆိုခံနေရမှုအား ထုချေဖြေရှင်းရန်။ တရားမမှုပြန်လည်စွဲဆိုရန် ငှားရမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခရိုင်တရားရုံးတွင် [တရားဝင်ထိမ်းမြားလက်ထပ်ပါမည် ဆိုပြီး သားမယားအဖြစ် ပေါင်းသင်းလာခဲ့ပြီး ထိမ်းမြားလက်ထပ်ခြင်းမပြုသောကြောင့် နစ်နာကြေးငွေကျပ်သိန်း(၁၀၀၀)ရလိုမှု] နှင့် မြို့နယ်တရားရုံးတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၄၁၇)အရ (ကာမကိုလိမ်လည်ရယူမှု)ရာဇဝတ်ကြီးမှု၊ ဦးတိုက်လျှောက်ထားမှုတို့ကို စွဲဆိုကြလေသည်။

တင့်တင့်ကျော်သည် တရားခံအဖြစ်စွဲဆိုခံရသော ရာဇဝတ်ကြီးမှု၊ မိမိကချစ်ဆန်းမောင်အပေါ် ပြန်လည်စွဲဆိုခဲ့သော ကာမကို လိမ်လည်ရယူခံခဲ့ရသော ရာဇဝတ်မှု ပြစ်မှုပုဒ်မ(၄၁၇) အမှုနှင့် [ထိမ်းမြား လက်ထပ်ရယူပါမည်ဆိုပြီး သားမယားအဖြစ် အပေါင်းသင်းလာခဲ့ပြီးနောက် ထိမ်းမြားရယူခြင်းမပြုသောကြောင့် နစ်နာကြေးငွေကျပ်သိန်း(၁၀၀၀)ရလိုမှု၊ တရားမကြီးမှုတို့ကို ရင်ဆိုင်ဖြေရှင်းလာခဲ့ရသည်မှာ (၃)နှစ်(၃)မိုးပင် ရှိခဲ့ပြီဖြစ်လေသည်။]

နှစ်ဖက်သောအကျိုးဆောင်ကြီးများက မိမိတို့၏အမှုသည်များကို(လူပြည်မှာ အမှုမပွေကြဖို့)လူမှုရေးအရ အမှုကိုပြေငြိမ်းကြဖို့ တရားပြဆုံးမကြသော်လည်း လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ သောကစိတ်တွေ ဇာတ်ရှိန်မြင့်နေသောကြောင့် တရားပောရှေ့နေကြီးများ လက်မှိုင်ချလာခဲ့ရလေသည်။



'လိမ္မာသောရထားထိန်းသည် လျှင်မြန်စွာ သွားလာသော ရထားကိုလမ်းမလွဲအောင် ကောင်းစွာ စောင့်ရှောက်သကဲ့သို့၊ မိမိ၌ဖြစ်ပေါ်လာသောအမျက်ဒေါသကို တားဆီးနိုင်သောသူကို၊ လိမ္မာသော ရထားထိန်းဟု ငါဘုရားဟောတော်မူ၏။ မတားဆီးနိုင်သောသူတို့သည် ကြိုးကိုင်သာဖြစ်ကုန်၏။'

'ဓမ္မပဒ'ဘုရားဟောဒေသနာများကိုလည်း သတိမဝင်ဘဲ၊ သတိလက်လွတ်ငှက်တောင်ကျွတ်ဆိုသကဲ့သို့ ဖြစ်နေလေသည်။

တစ်ခုသော ရုံးချိန်းရက်နေ့တွင်ဖြစ်သည်။ နံနက်ပိုင်းရုံးချိန်းခေါ်ပြီး၍ နေ့ခင်းပိုင်းရုံးပြန် မထိုင်မီကာလတွင် ဖြစ်သည်။ နေရာကားရုံးအနီးရှိ ထမင်း၊ လက်ဖက်ရည်၊ အအေး၊ အသုပ်စုံမျိုးစုံရသော ဆိုင်တွင်ဖြစ်သည်။ ချစ်ဆန်းမောင်သည် အမျိုးသမီးနှင့်စကားပြောနေကြသည်။ အမျိုးသ ကပြောသည်။ 'ဆယ့်ငါးသိန်းတော့ ပေးလိုက်ပါ' ချစ်ဆန်းမောင်က ပြန်ပြောသည်။ 'မူလပြောပြီးတဲ့အတိုင်း ဆယ့်နှစ်သိန်းပဲထားပါ' အမျိုးသမီးက ခဏစဉ်းစားလိုက်သည်။ ပြီးမှ ပြန်ပြောပြန်သည်။ 'မကိုက်လို့ပါ၊ ဆယ့်ငါးသိန်းတော့ ပေးမှဖြစ်မယ်' ချစ်ဆန်းမောင်စိန်အိုက်သွားသည်။ 'အေးဗျာ၊ ကျွန်တော်လဲ မိသားစုကိုပြောပြီးသားဖြစ်နေတယ်။ ညနေပြန်ပြီး အကြောင်းပြန်မယ်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဆန်းမောင်နှင့် အမျိုးသမီးတို့ပြောဆိုနေသော အကြောင်းအရာများသည် ကုန်ရောင်းကုန်စကားမျိုး မဟုတ်ကြောင်း ထင်ရှားသည်။ ရောင်းကုန်၊ ကုန်ပစ္စည်းအကြောင်း ဘာမှမပါချေ။

တင့်တင့်ကျော်သည် ထိုအမျိုးသမီးတစ်ဦးနှင့် ချစ်ဆန်းမောင်တို့ပြောဆိုနေသော စကားများအပေါ် သံသယဖြစ်လာသည်။ သံသယဖြစ်ရသည့်အကြောင်းမှာ ချစ်ဆန်းမောင်သည် ငွေကြေးတတ်နိုင်သည်။ မိမိမှာ ငွေကြေးမတတ်နိုင်သူ ချစ်ဆန်းမောင်သည် (ကြက်မမှ ကြက်ဥဖြစ်လာအောင် လုပ်နိုင်စွမ်းရှိသူဖြစ်သည်။) ထိုကြောင့် တုန်လှုပ်ခြောက်ခြားမှုများကို ခံစားနေရသည်။ မိမိ၏ရှေ့နေကြီးများနှင့် တိုင်ပင်ရန်ဆုံးဖြတ်လိုက်လေသည်။

( ၅ )

(စိန်ဘရားသားဥပဒေအကျိုးဆောင်ဂရု) ရုံးခန်းတွင်ဖြစ်သည်။ အချိန်ကား ရုံးချိန်းများ ပြီးစီးခဲ့ပြီဖြစ်သော ညနေ(၄)နာရီခန့် …

'သမီး…တင့်တင့်လာပြော…ထိုင်၊ ဆိုဗျာ ဘာပြောချင်လဲ'



'ဆရာတို့ပြောတယ်မဟုတ်လား၊ လူပြည်မှာ အမှုမပွေကြပါနဲ့၊ လူမှုရေးအရ ပြေလည်အောင် ဖြေရှင်းကြပါဆိုတဲ့ကိစ္စပါဆရာ'

'သူ့ဘက်က ဘယ်လိုသဘောထားပြောလဲဆရာ'

'သူပြောတဲ့စကား၊ သူ့အကျိုးဆောင်ကမ်းလှမ်းတဲ့စကားအတိုင်း ပြောတာနော်၊ တော်ကြာ ငါတို့ဖိုက်တာကြီးတွေ ဟိုဘက်ကို ဘက်ကူးသွားပြီလို့ မထင်မှတ်နဲ့'

'မထင်ပါဘူးဆရာ၊ ဆရာတို့ရဲ့ဂုဏ်၊ သိက္ခာကို တင့်တင့်လေးစားယုံကြည်ပါတယ်ဆရာ'

'တို့ရှင်း လိုရင်းပြောမယ်ဆိုရင်တော့ နစ်နာကြေးသိန်း(၂၀၀)ပေးမယ်၊ ရာဇဝတ်မှုကိုတော့ အပြန်အလှန်ရုပ်သိမ်းကြဖို့ပေါ့ကွာ'

'ဆရာ သူကမ်းလှမ်းသလို သမီးဆန္ဒအတွက်လဲ ဆရာတို့က ပြန်ပြီးကမ်းလှမ်းပေးပါဆရာ၊ နစ်နာကြေးအတွက်သိန်း(၂၀၀)အစား သိန်း(၃၀၀)ပြင်ပေးပါလို့ ပြောကြည့်ပါဆရာ'

တင့်တင့်ကျော်သည်(ငွေများကရောနိုင်၊ ငွေမရှိကရားရှုံး) ယှက်ကျုံးမရဖြစ်သွားရမှာကို စိုးရိမ်ပူပင်လာသည်။ အမှုတွေ

www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်လာခဲ့ရသည်မှာ သုံးနှစ်သုံးမိုးကြာခဲ့ပြီဖြစ်၍ ငြီးငွေ့လာသည်။ (မစည်ကားရာအရပ်ဖြစ်သော တရားရုံး)သို့ လာရောက်နေရသည်ကိုလည်း ရှက်လာသည်။

'ဟဲလို…အမိန့်ရှိပါရှင်'

'အေး… တင့်တင့်၊ အန်ကယ်တို့ စိန်ဘရားသားအဖွဲ့ကပါ၊ တစ်ဖက်က သဘောထားကို ပြောပြချင်လို့ သမီးလာခဲ့ပါလား'

'ဟုတ်ကဲ့ရှင့် သမီးအခုပဲလာခဲ့ပါမယ်'

တင့်တင့်ကျော်သည် စိန်ဘရားသား အကျိုးဆောင်အဖွဲ့ရုံးသို့ အပြေးအလွှားလာရောက်ခဲ့သည်။

'သမီးရေ တစ်ဖက်ကပြောတယ်။ သိန်း(၂၅၀)ပေးမယ်တဲ့။ ဒါဟာ အတတ်နိုင်ဆုံးပါပဲတဲ့၊ နောက်ထပ်မတတ်နိုင်ပါဘူးတဲ့ဗျာ'

'သမီးလက်ခံရင် ကောင်းမလားဆရာ'

'လက်ခံသင့်တယ်/မသင့်ဘူးဆိုတဲ့ အချက်ကိုတော့ ဆရာတို့ကမပြောလိုဘူး။ သံသယဖြစ်မှာလည်း စိုးရိမ်တယ်ပေါ့ကွာ၊ မိမိဘာသာ မိမိဆုံးဖြတ်ပါ'



'သမီး လက်ခံလိုက်မယ်ဆရာ၊ ဆရာတို့လာမယ့် ရုံးချိန်းနေ့မှာ တစ်ခါတည်းစီစဉ်ပေးပါ'

'ကောင်းပြီ တစ်ဖက်အကျိုးဆောင်ကို အကြောင်းကြားပြီး ဆောင်ရွက်ထားပါမယ်'

ရုံးချိန်းရက်နေ့တွင်ဖြစ်သည်။ နစ်နာမှုလျော်ကြေးငွေကျပ်သိန်း(၂၅၀)ဖြင့် ကျေနပ်သောကြောင့် နှစ်ဖက်သဘောတူဒီကရီ(                    )ချပေးရန်လျှောက်လွှာတင်သွင်းသည်။ ရုံးတော်က လက်ခံပြီးနောက် ငွေရစာချုပ်ပြုလုပ်သည်။ ရာဇဝတ်မှုရုံးချိန်းများတွင် အမှုကြေအေးရုပ်သိမ်းလွှာ၊ လျှောက်လွှာများကို အမှုသည်များ ရှေ့နေများ လက်မှတ်ရေးထိုးကြသည်။

'သတ္တဝါအားလုံးတို့သည် တုတ်၊ လှံတံကို လန့်ကုန်၏။ မိမိအသက်ကို ချစ်မြတ်နိုးကုန်၏။ (မိမိသည်လည်း ကိုယ့်အသက်ကိုချစ်မြတ်နိုးသော သတ္တဝါတစ်ဦးဖြစ်သည့်အတိုင်း) မိမိကိုယ်ကိုပမာထား၍ အခြားသတ္တဝါတို့ကို မညှဉ်းဆဲ မသတ်ဖြတ်ရာ'

ဟူသော 'ဓမ္မပဒ' တရားဒေသနာကိုဖွားများကာ လူပြည်က မိမိတို့၏အမှုတွေကို ရုပ်သိမ်းပြေငြိမ်းလိုက်ကြလေသည်။

'သဗ္ဗေသတ္တာ ကမ္မသကာ'

❑

www.burmeseclassic.com

www.burmeseclassic.com



'ကဲ မိန်းမရေ ဒီဆိုင်ကြီး၊ တို့နေတဲ့တိုက် နဝဒေးအိမ်ရာ၊ တို့စီးနေတဲ့ကား၊ ဒါတွေဟာ တို့ပစ္စည်းတွေ မဟုတ်ဘူး။ တို့ဘောစ့ရဲ့ပစ္စည်းတွေသာဖြစ်တယ်။ တို့ဘဝ ဒီအတိုင်း နေသွားလို့တော့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ ကိုယ်ပိုင် ဖြစ်အောင်လုပ်ကြမှ တို့ဘဝတိုးတက်မယ်'

'ကံပေးသမျှ အေးချမ်းစွာ စားရနေရတာပဲ ကောင်းပါ တယ် အစ်ကို'

'ကံကိုယုံပြီး ဆူးပုံနင်းလို့မဖြစ် ဆိုတာလည်းရှိတယ်။ ကံမရှိ၊ ဉာဏ်ရှိတိုင်းမွဲ ဆိုတာတွေလည်းရှိတယ်။ ဒါပေမဲ့ ဘာမှမလုပ်ရင် ဘာမှမဖြစ်ဘူး။ တစ်ခုခုလုပ်ရင် တစ်ခုခုတော့ ဖြစ်လာမှာပေါ့ကွာ'

'အစ်ကို ဘာကိုဆိုလိုတာလဲ၊ ဘာစွန့်စားခန်းတွေလုပ်ချင် တာလဲ၊ ခင် နားမလည်ဘူး၊ ခင့်ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုကွာ တို့ဘောစ့ကို တို့အလုပ်အကျွေးပြုလာခဲ့တာ အရမ်းချမ်းသာနေပါပြီ။ အရက်ချက်စက်ရုံလည်း တိုးတက်တယ်၊ ဆီစက်ကလည်း တိုးတက်တယ်။ ဒါပေမဲ့ တို့ဘဝကတော့ ဒီတိုင်း ဒီတိုင်းပဲဖြစ်နေရတယ်။ ဒီတော့ တို့လည်း ကိုယ်ပိုင် ကိုယ်တိုင်ချမ်းသာအောင်လုပ်ချင်တယ်ကွာ'

ခင်မောင်သန်းဝင်းနှင့် ခင်ခက်ခက်ခိုင်တို့ ချမ်းသာလိုသောကြောင့် ချမ်းသာဆွေးနွေးခန်း၊ ချမ်းသာအကြံအစည်များကို ဆွေးနွေးခန်းထုတ်နေကြသည်။ ချမ်းသာမည့်စီမံချက် ချမ်းသာစီမံကိန်းကို ပြုလုပ်ကြတော့မည်ဖြစ်လေသည်။

'ဟုတ်ပါပြီအစ်ကို၊ အရင်းအနှီးလုပ်ဖို့က ဘယ်ကငွေရမှာလဲ၊ အစ်ကို့ဘောစ့က သိန်းထောင်နဲ့ချီပြီး ထုတ်ပေးမတဲ့လား'

'မိန်းမရယ်၊ ဒီလောက်အောက်ကျခံစရာမလိုပါဘူး၊ ပြည်မြို့စက်ရုံက ရန်ကုန်ပို့တဲ့ ပဲဆီပေပါတွေ၊ အောင်လံအရက်ချက်စက်ရုံက ဂရင်းစက်ရုံပို့တဲ့ တင်လဲရည်တွေထဲက တစ်လသိန်း(၅၀၀)ဖိုးလောက်၊ နှစ်လဖြောင်လိုက်ရင် သိန်း(၁၀၀၀)ဟာ တစ်လ တစ်လခွဲအတွင်း



ရပါတယ်။ ဒီစာရင်းတွေ မင်းကိုင်နေတဲ့ဟာပဲ လွယ်လွယ်လေးပါ'

'စာရင်းကွာတယ် ငွေကွာတယ်ဆိုပြီး စစ်တဲ့ဆေးတဲ့အခါကျတော့ ဘယ်လိုလုပ်မလဲ'၊

'လစ်ကြတာပေါ့ မိန်းမရယ်'

'မိန်းမသဘောကျရင် သိန်း(၁၀၀၀)ဖြောင်လိုက်မယ်။ အဲဒီငွေနဲ့ နယ်စပ်မှာ အချစ်ကလုပ်ငန်းစတော့၊ အစ်ကိုဖြစ်ပေါ်လာတဲ့ကိစ္စကို ကြည့်ရှင်းမယ်။ မိန်းမသာခြေရာလည်းပျောက်၊ ရေလည်းနောက်ဖြစ်အောင်လှုပ်ရှား၊ အစ်ကိုနောက်မှလိုက်လာမယ်'

ခင်မောင်သန်းဝင်း၊ အောင်ပြည်ဟိန်းဆီစက်ပိုင်ရှင်၊ ဂရိတ်ဂရင်းအရက်ချက်စက်ရုံပိုင်ရှင်သူဌေးကြီး (ဦးဘောဂအောင်)၏လွှယုံမန်နေဂျာ၊ ဇနီးက စာရင်းကိုင်အဖြစ် လခစား၊ ကော်မရှင်စားဖြင့် လုပ်ကိုင်လာခဲ့ရာမှ ယုံကြည်မှု၊ ယုံမှတ်အပ်နှံမှုကို ဖောက်ဖျက်သည်။ စာရင်းလိမ်၊ ငွေလိမ်၊ အလွဲသုံးစားမှုကိုပြုလုပ်ပြီး ချမ်းသာစီမံကိန်းကိုပြုလုပ်လိုက်ခြင်းဖြစ်သည်။

ဆီစက်မှ (ဂျာကြီး)မန်နေဂျာချုပ်၊ အရက်ချက်စက်ရုံမှ(ဂျာကြီး)မန်နေဂျာချုပ်တို့က ပစ္စည်းစာရင်း၊ ငွေစာရင်း သိန်း

www.burmeseclassic.com

www.burmeseclassic.com



(၁၀၀၀)ကျော်ကွာဟနေသောကြောင့် ရန်ကုန်အရောင်းဆိုင်တာဝန်ခံ၊ ခင်မောင်သန်းဝင်း၊ စာရင်းကိုင်ခင်ခက်ခက်ခိုင်တို့ထံသို့ သွားရောက်ပြီး စာရင်းများစစ်ဆေးရန်တင်ပြသည်။ ဦးဘောဂအောင်က စာရင်းများကို ကိုက်ညှိစစ်ဆေးရန်လာမည့်ရက်ကို အကြောင်းကြားလိုက်သည်။ ကွာဟစာရင်းများကိုလည်း ယူဆောင်လာခဲ့သည်။

သို့ရာတွင် ချိန်းဆိုသောရက်တွင် ခင်မောင်သန်းဝင်းမရှိတော့ပါ။ သော့ပိတ်ပြီး တိမ်းရှောင်သွားခဲ့သည်။ ငွေလက်ကျန်များ၊ စာရင်းစာအုပ်များ၊ လယ်ဂျာများ၊ စာရွက်စာတမ်းများပါ ယူဆောင်ပြီး တိမ်းရှောင်သွားခဲ့လေသည်။

ယုံကြည်အပ်နှံမှု အလွဲသုံးစား ပြုလုပ်သွားသော ခင်မောင်သန်းဝင်း၊ ခင်ခက်ခက်ခိုင်တို့အပေါ် မြို့နယ်ရဲတပ်ဖွဲ့စခန်းတွင် ဦးဘောဂအောင်မှ အမှုဖွင့်တိုင်ကြားခဲ့ရသည်။ ရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၄၀၈)ဖြင့် အမှုဖွင့် ဆောင်ရွက်သည်။

( ၂ )

လတ်တလော ထွက်ပြေး တိမ်းရှောင်သွားသော ခင်မောင်သန်းဝင်းအား မြို့နယ်ရဲတပ်ဖွဲ့စခန်း၊ ခရိုင်(အထူး



မှုခင်းဌာန)မှ တပ်ဖွဲ့ဝင်များက ရဲလုပ်ငန်းသဘောတရား တွက်ကိန်းချဆောင်ရွက်သည်။ ရေဆိပ်၊ လေဆိပ်တို့နှင့် အထူးသဖြင့် အဝေးပြေးကားဂိတ်ကြီးများ၊ တာတိုအလတ်စားကားဂိတ်များတွင် (စောင့်ကြည့်ဖော်ထုတ်ဖမ်းဆီး)စီမံချက်ခွင်တွင် စီမံညွှန်ကြားခဲ့သည်။

ရာဇဝတ်မှုပြုလုပ် ကျူးလွန်တတ်သော လူသားမှို ဝတ်စားဆင်ယင်မှုဖြစ်သော နေကာမျက်မှန်တပ်ထားသူ၊ ကိုးကန်းဘောင်းမှောက်ဆိုသကဲ့သို့ စိတ်မလုံမလဲ လှုပ်ရှားသွားလာသူတို့အား သတိထားစောင့်ကြည့်ရှာဖွေသည်။ မြင်ကွင်းပစ်မှတ်အတွင်းသို့ လူသားတစ်ယောက် အောင်မင်္ဂလာအဝေးပြေးကားဂိတ်ကြီးဝင်းရှိ မြဝတီ၊ တာချီလိတ်သို့ သွားမည့်ကားဂိတ်သို့ ရောက်ရှိလာသည်။ နေကာမျက်မှန်အမည်း၊ ဦးထုပ်အမည်း၊ ဘောင်းဘီတိုအမည်း၊ ကျောပိုးအိတ် တစ်လုံးလွယ်ထားသည်။

မြဝတီသို့ထွက်ခွါမည့် ချမ်းမြေ့ကြယ်ခေတ်မီ လေအိတ်ကားကြီးပေါ်သို့ ကားထွက်ခွာရန် (၅)မိနစ်အလိုတွင် နေရာယူလိုက်သည်။ ကားဂိတ်မှတာဝန်ရှိသူ၊ မော်တော်ယာဉ်မှူးတို့ဖြင့် စောင့်ကြည့်တပ်ဖွဲ့ဝင်တို့နှားလည်မှု ယူထားသည်။ အောင်မင်္ဂလာကားကြီးဝင်းဂိတ်အထွက်တွင် လေအိတ်ကားကြီးကို ခေတ္တရပ်စေလိုက်သည်။ ကားပေါ်တွင်အသင့်ပါလာသော တပ်ဖွဲ့ဝင်နှစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



တို့က ပူးညှပ်ဖမ်းဆီးလက်ထိတ်ခတ်လိုက်သည်။ အသင့်စောင့်နေသော ခရိုင်တပ်ဖွဲ့ရုံးမှ ရဲတပ်ဖွဲ့ကားဖြင့် ခေါ်ဆောင်သွားပြီး စစ်ကြောရေးလုပ်သည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးမှ အမှုစစ်ဝါရင့်သော ဒုရဲအုပ်ကျော်စိန်လင်းကို တာဝန်ပေးလိုက်သည်။

'ကဲ ကိုခင်မောင်သန်းဝင်း အမှန်အတိုင်းပြောမလား၊ ငြင်းမလား'

'ကျွန်တော် အမှန်အတိုင်းပြောပါမယ်ဆရာ'

'ကောင်းတာပေါ့ဗျာ၊ အမှန်အတိုင်းပြောတော့ ရဲစိတ်မညစ်ရဘူးပေါ့၊ ခင်ဗျားလည်း သက်တောင့်သက်သာ ဖြစ်တာပေါ့၊ စိတ်ပိန်ပြီးမှ အမှန်ကိုထုတ်ပြောမယ်ဆိုရင် စိတ်ဖိစီးမှုခံစားရတာပေါ့'

'ပထမ ပဲဆီပေပါ(၂၀၀)ကို ခင်ဗျား ရန်ကုန်မသယ်ဘဲ ဘယ်ကိုပို့လိုက်သလဲ'

'ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ပဲခူးကိုတစ်ဆင့်ခံနဲ့ ရောင်းလိုက်ပါတယ်'

'ငွေဘယ်လောက်ရလဲ သိန်း(၇၀၀) ရပါတယ်ဆရာ'

'ဒုတိယပို့လိုက်တဲ့ပဲဆီ(၁၀၀)ပေပါကို ဘယ်မှာရောင်းလိုက်သလဲ'

'ဟုတ်ကဲ့ဆရာ၊ ပုသိမ်က ကုန်သည်တွေဆီကို တစ်ဆင့်ခံနဲ့ရောင်းခဲ့ပါတယ်'



'ငွေဘယ်လောက်ရသလဲ'

'သိန်း(၄၀၀)ရပါတယ်ဆရာ'

'အောင်လံအရက်ချက်စက်ရုံက တင်လဲရည်ပေပါတွေကို ဘယ်လိုလုပ်လိုက်သလဲ'

'လှည်းကူးဘက်က အရက်ချက်ရုံတွေကိုရောင်းတဲ့လူတွေထံ တစ်ဆင့်ရောင်းလိုက်ပါတယ် ဆရာ'

'ငွေဘယ်လောက်ရသလဲ'

'သိန်း(၂၀၀)ရပါတယ်ဆရာ'

'အဲဒီငွေတွေ ဘယ်မှာလဲ'

'ကျွန်တော့်ဇနီး ခင်ခက်ခက်ခိုင်ယူသွားပါတယ်ဆရာ'

'အခု သူဘယ်ရောက်နေလဲ'၊ 'မူဆယ်နန်းခမ်းမှာ အရင်းအနှီးလုပ်မယ်ဆိုပြီး ထွက်သွားပါတယ်ဆရာ၊ ဘယ်ရောက်နေလဲ ကျွန်တော်မသိရပါဆရာ'

'ဒါဆိုရင်တော့ခင်ဗျားတစ်ကွက်ချန်ထားတာပဲ'

'မဟုတ်ပါဘူးဆရာ၊ ကျွန်တော်မလိမ်ပါဘူးဆရာ၊ ကျွန်တော် ဘယ်ရောက်နေလဲ တကယ်မသိတာပါဆရာ'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ရဲစိတ်ညစ်အောင် မလုပ်ရင်ကောင်းမယ်၊ ခင်ဗျားငြင်းနေမယ်ဆိုရင် ကျွန်တော် တခြားအမှုစစ်ကို လွှဲပေးလိုက်မယ်နော်'၊ 'မလုပ်ပါနဲ့ဆရာ'

'ခင်ဗျား ခုလို သူတစ်ပါးပစ္စည်း၊ ခင်ဗျားတို့ရဲ့ သူဌေးပစ္စည်းကို အလွဲသုံးစားလုပ်တာ အပြစ်ရှိတယ်ဆိုတာ မသိဘူးလား'

'ဆရာ ကျွန်တော်က အစုရှယ်ယာဝင်ပါ။ သူပိုင်သလို ကျွန်တော်လည်း ပိုင်ဆိုင်ပါတယ်။ ဒါကြောင့် ကျွန်တော့်မှာအပြစ်မရှိပါဘူး'

'ခင်ဗျားမှာ ဘာအထောက်အထားရှိသလဲ'

'စာချုပ်စာတမ်းရုံးမှာချုပ်ဆိုတဲ့ အစုရှယ်ယာစာချုပ် ရှိပါတယ်ဆရာ'

'အခုစာချုပ်ဘယ်မှာလဲ'

'ဒီစခန်း တာဝန်မှူးထံအပ်ထားတဲ့အိတ်ထဲမှာ ပါ,ပါတယ်ဆရာ'

ရဲအုပ်ကျော်စိန်လင်းသည် တာဝန်မှူးထံအပ်ထားသော အစုရှယ်ယာစာချုပ်ကိုသွားယူသည်။ တရားခံအား ပြသပြီး စစ်ဆေးသည်။



'ဒီစာချုပ်မှာ အစုငွေတစ်ဦးလျှင် (၂၅)သိန်းစီလို့ပါတယ်။ စာချုပ်သက်တမ်းက (၅)နှစ်ရှိပြီ။ ခင်ဗျားတို့ ဘယ်နှစ်ကြိမ်စာရင်းရှင်းလင်းခဲ့သလဲ၊ အမြတ်ဝေစု ဘယ်လောက်ရရှိခဲ့သလဲ'

'ဟုတ်ကဲ့ဆရာ၊ စာရင်းရှင်းတာတို့၊ အမြတ်ငွေခွဲဝေတာတို့တော့မရှိပါဘူး။ အရင်းထဲကိုသာ အမြတ်ကို ပေါင်းထည့်လာခဲ့တာပါ'

ရဲအုပ်ကျော်စိန်လင်းသည် တရားခံပြထွက်ဆိုသူများ၊ ဆက်စပ်သူများ၊ ပတ်သက်မှုရှိသူများကို စစ်ဆေးသည်။ တရားလို ဦးဘောဂအောင်နှင့် သက်ဆိုင်သူများ၊ ပဲဆီစက်ရုံမှ စာရင်းကိုင်ချုပ်၊ စာရင်းစစ်တို့ကိုလည်း စစ်ဆေးပြီး လိုအပ်သော စာရွက်စာတမ်းစာရင်းများကို ရှာဖွေပုံစံဖြင့် သိမ်းယူသည်။

အမှုတည်ဆောက်မှုပြည့်စုံပြီဖြစ်သောကြောင့် စခန်းမှူးထံခွင့်ပြုချက်ယူပြီး မြို့နယ်ဥပဒေရုံးသို့ ဥပဒေအကြံပြုချက်ရယူသည်။ မြို့နယ်ဥပဒေရုံးမှ တရားခံခင်မောင်သန်းဝင်းအား ပြစ်မှုပုဒ်မ(၄၀၈)ဖြင့် တရားစွဲတင်ရန် တရားခံပြေး ခင်ခက်ခက်မိုင်အား တရားခံပြေးမှုဖွင့်လှစ်စွဲဆိုရန်အကြံပြုသည်။

တရားရုံးတော်မှ တရားခံခင်မောင်သန်းဝင်းအပေါ် ပြစ်မှုပုဒ်မ(၄၀၈) ပြစ်မှုကြီးမှုအမှတ်(၀၀၇/၂၀၁[illegible])ဖြင့် လက်ခံ

www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးသည်။ ခင်ခက်ခက်ခိုင်အား တရားခံပြေးဝရမ်းပြေး ကြေညာအမိန့်ချသည်။

( ၃ )

တရားရုံးတော်မှ တရားလိုနှင့် တရားလိုပြသက်သေများကို သက်သေခံအထောက်အထားများနှင့်တကွ စစ်ဆေးခဲ့သည်။ တရားခံခင်မောင်သန်းဝင်းအပေါ် ပြစ်မှုပုဒ်မ(၄၀၈)ဖြင့် စွဲချက်တင်သည်။

တရားခံ ခင်မောင်သန်းဝင်းမှ (စွဲချက်ပယ်ဖျက်ပေးရန်) ခရိုင်တရားရုံး၊ တိုင်းဒေသကြီးတရားလွှတ်တော်ရုံး၊ တရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်အထိ လျှောက်ထားခဲ့သော်လည်း မအောင်မြင်ခဲ့ချေ၊ အချိန်ကာလ (၃)နှစ်ခန့်ကြာခဲ့သည်။

ထို့ကြောင့် မူလမြို့နယ်အမှုစစ်တရားရုံးတော်မှ တရားခံ ခင်မောင်သန်းဝင်းနှင့် တရားခံပြသက်သေများကို စစ်ဆေးခဲ့သည်။ နောက်မှအကြံရပြီး တရားခံ ခင်မောင်သန်းဝင်း၏ စာရင်းစစ်ဆေးချက်တင်သွင်းခဲ့သော်လည်း ရုံးတော်မှလက်မခံပေ။

(၄)နှစ်ခန့်ကြာခဲ့ပြီဖြစ်သော ရာဇဝတ်မှုကြီးသည် တရားလိုဘက်ဆိုက်၊ တရားခံဘက်ဆိုက် အားလုံး စစ်ဆေးပြီးဖြစ်၍ နှစ်ဖက်ရှေ့နေကြီးများ အပြီးသတ်လျှောက်လဲချက် ကြားနာသည်။ အမိန့်ချရန်ချိန်းသည်။



ဤနေ့သည် တရားလို ဦးဘောဂအောင်၊ တရားခံ ခင်မောင်သန်းဝင်းတို့၏အမှုကို အမိန့်ချရန် ချိန်းဆိုထားသောနေ့ဖြစ်သည်။ တရားသူကြီးတရားခွင်သို့ တက်ရောက်လာပြီ။ တရားခွင်စာရေးမှ အမှုခေါ်သည်။

အမိန့်

တရားခံခင်မောင်သန်းဝင်း(ဘ) ဦးဝင်း၏သားသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၄၀၈)ကို ပြုလုပ် ကျူးလွန်ကြောင်း၊ သက်သေခံအထောက်အထားများ၊ သက်သေထွက်ဆိုချက်များအရ မြင်သာထင်ရှားသည်။ ထို့ကြောင့် တရားခံခင်မောင်သန်းဝင်းအား ထောင်ဒဏ်(၂)နှစ်ကျခံစေ။ ချုပ်ရက်ကို ပြစ်ဒဏ်မှ ထုတ်နှုတ်ခံစားစေ။

(မြို့နယ်တရားသူကြီး)

BURMESE CLASSIC .com

( ၄ )

တရားခံပြေး၊ ဝရမ်းပြေးခင်ခက်ခက်ခိုင်သည် ခင်ပွန်းဖြစ်သူ ခင်မောင်သန်းဝင်း၏ဖြစ်အင်ကို မည်သို့မျှ လာရောက်ကြည့်ရှု အားပေးခွင့်မရရှိပါ။ ထောင်မကျမီက ပုန်းအောင်းရာ [illegible]ဒေသမှာ တိတ်တခိုးတွေ့နိုင်ခဲ့ကြသော်လည်း တရားခံပြေးသဘာဝဖြစ်၍ ခင်ပွန်းသည်အပေါ် ထောင်ဝင်စာ စားနပ်ရိက္ခာပင် ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ပေးပို့နိုင်စွမ်းမရှိပါ။ တစ်ဆင့်စကား တစ်ဆင့်နားဖြင့်သာ ဘဝ ရှေ့ရေး၊ စီးပွားရေးကို ပြောဆိုကြားနေရလေသည်။

အင်းစိန်ထောင်ကြီးတွင် ပြစ်ဒဏ်ကျခံနေရသော ခင်မောင်သန်းဝင်းမှ ဆွေမျိုးသားချင်းများမှ တစ်ဆင့်စကားဖြင့် ဇနီးခင်ခက်ခက်နိုင်အား နယ်စပ်ဒေသတွင် (ငါးကြင်းဆီဖြင့် ငါးကြင်းကြော်ရန်) ဦးဘောဂအောင်ထံမှ ရယူခဲ့သောငွေများဖြင့် ချမ်းသာလွယ်သောစီးပွားရေးလုပ်ငန်းကိုလုပ်ကိုင်ရန် ကြားသည်။ ဇယားချပေးသည့်အကွက်ချပေးသည်။ စွန့်စွန့်စားစားလုပ်ကိုင်ရန် လမ်းညွှန်မှုပေးသည်။

ခင်ခက်ခက်နိုင်ကလည်း မိမိတို့ဘဝမထူးတော့သည့် အခြေအနေတွင် မထူးဇာတ်ခင်းရန် ချမ်းသာရေး စီမံချက်၊ ချမ်းသာရေးဆုံးဖြတ်ချက်ချမှတ်လိုက်သည်။ (သေမထူး နေမထူး) စွန့်စားရန်ဆုံးဖြတ်လိုက်သည်။

ဟိုဘက်နိုင်ငံ၊ ဒီဘက်နိုင်ငံ၊ နှစ်နိုင်ငံမြင်တွေနေရသော မြန်မာနိုင်ငံ၏ နယ်စပ်မြို့ကြီးတွင်ဖြစ်သည်။ နိုင်ငံခြားသားများ၊ အဆင့်မြင့်ကုန်သည်ကြီးများတည်းခိုလေ့ရှိသော နိုင်ငံတကာ အဆင့်မြင့်(စာဒိုနီဟိုတယ်ကြီး)တွင် ဖြစ်သည်။ ထိုင်းအမျိုးသမီးလိုလို၊ ဖိလစ်ပိုင်အမျိုးသမီးလိုလို၊ ဗီယက်နမ်အမျိုးသမီးလိုလို၊ အင်္ကျီလည်ဟိုက်၊ ဘောင်းဘီတိုဖြင့် ပျော့ရှော့အမျိုးသမီးကား

BURMESE CLASSIC .com



ခင်ခက်ခက်နိုင်ဖြစ်သည်။ ကျယ်ဝန်းသော မျက်လုံး၊ သက်တံ့ရောင် မျက်ခုံး၊ နီထွေးသော နှုတ်ခမ်းအလှ၊ ဖြူသော ရွှေဝါရောင်အသား၊ ခါး၊ ရင်၊ တင်-အလှအပတွေ စုဝေးနေသည့်မိန်းမချောလေး ဖြစ်သည်။ သူမအသက်(၄၀)နှစ်ဆိုသော်လည်း မည်သူမျှယုံမည် မဟုတ်ပါ။ သူမအသက်(၃၀)ဝန်းကျင်ရှိမည်ဟုသာ ခန့်မှန်း [illegible]သည်။ အမြဲတစေ ပြုံးပြုံးရွှင်ရွှင်နေတတ်သောမျက်နှာ [illegible]ပိုင်ရှင်မလေးဖြစ်သည်။

'မောနင်း လေဒီ'

'မင်္ဂလာပါ ရှင့်'

'ညီမက မြန်မာလား'

'ဟုတ်ပါတယ်ရှင့်၊ ကျွန်မ ကရင်[illegible]ကပြောပါ'

'ကျွန်တော်က ဖိလစ်ပိုင်လား၊ [illegible]လားထင်နေတာ'

'ကျွန်တော့်နာမည်က စိုင်းဖုန်းလွင်ပါ ရှမ်းသုံးမတ်၊ ဗမာ တမတ်ကပြောပါ'

'တွေ့ရတာကျေးဇူးတင်ပါတယ်ရှင့်'

'ကျွန်တော်က . ကုန်သည်ပါ။ အရောင်း[illegible]ယ်နဲ့ ပတ်သက်လို့ရှိရင် ပြောပါ၊ တတ်နိုင်သလော[illegible]ညီပါမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မလည်း အရောင်းအဝယ်တစ်ခုခုလုပ်ဖို့ လာပြီး လေ့လာတာပါရှင့်'

'ဘာအရောင်းအဝယ်လုပ်ဖို့ စီစဉ်ထားလဲ'

'ဘာမှမစီစဉ်ရသေးပါဘူးရှင့်။ အခုမှလေ့လာတုန်း ဖြစ်ပါတယ်'

'ဒါဆိုရင် ကျွန်တော်နဲ့လိုက်ပြီး လေ့လာပါလား၊ ကျွန်တော် ဈေးကွက်အကြောင်း ဈေးကွက်နေရာ ဈေးကွက် လမ်းကြောင်းလိုက်ပြပါ့မယ်။ နေ့လယ်စာလည်း ကျွန်တော် ဧည့်ခံပါရစေ'

'ဟုတ်ကဲ့ ဦးစိုင်း၊ ကျေးဇူးလည်းတင်တယ်၊ ခင်လဲခင် တယ်၊ အားလည်းနာတယ်ဆိုတာလို ဖြစ်နေရပြီ'

'ရပါတယ်၊ ခင်မင်မှု၊ ယုံကြည်မှုက အဓိကပါ မခင် ခက်ခက်နိုင်'

'နိုင်လို့ပဲ ခေါ်ပါလား ဦးစိုင်း၊ နာမည်ကရှည်တော့ ဦးစိုင်း မောနေမှာစိုးလို့ပါ'

'မောတော့ မောတာပေါ့၊ ဒါပေမဲ့ မမောဘူး'

'ဦးစိုင်းက ပျော်တတ်တယ်နော်'

'နိုင်နဲ့တွေ့လို့ပျော်နေတာပါ၊ နောက်ပြီး ပျော်ပျော်နေ သေခဲ့ဆိုတာလည်းရှိတယ်'



'ကဲ...မနိုင် ကျွန်တော်တို့ဈေးကွက်လိုက်ကြည့်ရအောင်'

ကြက်ကန်းဆန်အိုးတိုးလို့ပြောရမည်လား ရေဆာတုန်း ရေတွင်းထဲကျလို့ ပြောရမလားမသိ၊ ခင်ခက်ခက်နိုင်၏ ချမ်းသာ စီမံကိန်း၊ စီမံချက်တော့ အလားအလာကောင်းနေပြီဖြစ်သည်။ ခင်ပွန်းသည် ခင်မောင်သန်းဝင်းနှင့် ပေါင်းသင်းနေစဉ်က လွတ်လပ်မှု၊ ပျော်ရွှင်မှု၊ စားသောက်မှု၊ နေထိုင်မှုများ၊ မခံစားရဘူးသော အတွေ့အကြုံတို့တွင် သာယာကြည်နူးနေလေပြီ။

ဦးစိုင်း၏ ဒဗလယ်ကတ်ကားကြီးဖြင့် နယ်စပ်တစ်ခွင် ပြဲပြဲစင်အောင် လိုက်လံပြသသည်။ အဖြူရောင်နယ် ခရမ်းရောင် နယ်မြေ နယ်စပ်ဒေသအခြေအနေများ၊ စီးပွားရေးကူးသန်း စီးဝင်/စီးထွက်လမ်းကြောင်းများ၊ ဘတ်တာစနစ်စီးပွားရေး လုပ်ငန်းဌာနများ၊ ဟိုဘက်နိုင်ငံမှ ဒီဘက်နိုင်ငံသို့ ဒီဘက်နိုင်ငံမှ ဟိုဘက်နိုင်ငံသို့ 'နေ့ချင်းပြန်' ဒေသခံပြည်သူတို့၏ ဒေသထွက် ကုန်သီးနှံအရောင်းအဝယ်လုပ်ငန်းများကို လိုက်လံပြသလေသည်။

နှစ်ဖက်နိုင်ငံတို့၏စီးပွားရေးဈေးကွက်များ လိုက်လံပြီးသ၊ လိုက်လံကြည့်ရှုခဲ့ပြီးဖြစ်၍ အနားယူရန်အတွက် ([illegible]ပိုတယ် ကြီး)သို့ ဦးစိုင်းနှင့် ခင်ခက်ခက်နိုင်တို့ ပြန်လာ[illegible]ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ…မနိုင် ရေချိုးမယ်၊ ပြီးတော့ ထမင်းစားမယ်၊ ဘာစားမလဲ'

'ဦးစိုင်းကလည်း မနိုင်လို့မခေါ်ပါနဲ့ 'နိုင်'လို့ပဲခေါ်ပါ'

'ကောင်းပါပြီဗျာ ကောင်းပါပြီ၊ နိုင် ဘာစားမလဲ'

'ဒီမှာ ဘာတွေကောင်းလဲ နိုင်မသိဘူး၊ ဦးစိုင်းစားတာ အကုန်စားမယ်'

'ဦးစိုင်းချေးစားမယ်ဆိုရင်ကော'

'နိုင်လဲ စားမှာပဲ'

'ဟဲ…ဟဲ…ဟဲ…ဟဲ…ဟဲ'

ဟိုတယ်၏ရေချိုးခန်းတွင် အတူတကွရေချိုးကြသည်။ ရေချိုးပြီး၍ ဟိုတယ်ဝတ်စုံတို့ဖြင့် စားသောက်ရန် မှာထားသည့် စားဖွယ်ရာများကို စားသောက်ကြသည်။

'ကဲ…နိုင် ဦးစိုင်းကရှမ်းဆိုတော့ အရက်လေးဘာလေး သေးဖြစ်ဝါးဖြစ်သောက်တတ်တယ် ခွင့်လွှတ်နော်'

'နိုင် နားလည်ပါတယ်၊ ဒါဟာ ချမ်းသာသူတွေ၊ အာဏာရှိသူတွေရဲ့ အိမ်ခံပစ္စည်းပါဦးစိုင်း'

ဦးစိုင်းက ဗလက်လေဘယ်သောက်ပြီး အမြည်းစားသည်။



နိုင်က အဆင့်မြင့်ဟိုတယ်အစားအစာများကို အားရပါးရ စားသောက်ကြသည်မှာ- ပျော်မဆုံး။ မော်မဆုံး။ အဆိုတော် မာမာအေး၏ (တူနှစ်ကိုယ်) သီချင်းစာသားလေးအတိုင်း - (ပန်းကန်နှုတ်ခမ်းပေါ်တက်ထိုင်တော့မလို) သဒ္ဒါကြည်ဖြူစားသုံးသူ တို့ ဖြစ်နေကြလေသည်။ အစာရေစာဝင်ခဲ့ကြပြီးနောက် ထိနမိတ္တ ဖြစ်လာကြသည်။ ငိုက်မြည်းလာကြသည်။ အိပ်ချင်လာကြသည်။ အိပ်စက်အနားယူကြလေသည်။

( ၅ )

ဦးစိုင်းနှင့် ခင်ခက်ခက်နိုင်တို့ (စာဒိုနီဟိုတယ်ကြီး)တွင် ဘဝစည်းစိမ်၊ ကာမစည်းစိမ်တို့ကို ခံစားလာခဲ့ကြသည်မှာ (၂)ရက်တိုင်တိုင်ရှိခဲ့ပြီဖြစ်သည်။ ဦးစိုင်းမှာလည်း ခင်ခက်ခက်နိုင်၏ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့တွင် နစ်မွန်းလာခဲ့ရလေသည်။ ခင်ခင်ခက်နိုင်ကတော့ သူမ၏ချမ်းသာစီမံကိန်းကို မေ့ပျောက်မသွားပေ။ တဒင်္ဂ၊ တခဏာသာယာမှုတွင် နစ်မွန်းနေလို့မဖြစ်ဟု သတိရှိနေသည်။ ရည်ရွယ်ချက် ဦးတည်ချက် တို့ကို အလွန်ရိုးသားဖြူစင်သော ဦးစိုင်းကို ဖွင့်ချတိုင်ပင်ရန် အကူအညီယူရန် ဆုံးဖြတ်လိုက်သည်။

'ဦးစိုင်း နိုင့်ကိုခင်ရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'ခင်လည်းခင်တယ်၊ ချစ်လည်းချစ်တယ်၊ သံယောဇဉ်လည်း ဖြစ်တယ်'

'များလှချည်လား၊ ဦးစိုင်းငယ် လျှော့ပါအုံး'

'လျှော့လို့တော့မရဘူး ပိုတောင်ပိုသေးတယ်'

'ခိုင်လည်း ဦးစိုင်းကိုချစ်ပါတယ် ဒါပေမဲ့'

'ဒါပေမဲ့ ဘာဖြစ်လဲခိုင်'

'ဦးစိုင်းဟာ လူကြီးလူကောင်းတစ်ယောက်ဖြစ်တယ်လို့ ခိုင်နားလည်တယ်၊ ဇနီး၊ သား၊ သမီးတွေနဲ့ တင့်တောင်း တင့်တယ်နေတဲ့ ဂုဏ်သရေရှိလူကြီး လူကောင်းတစ်ဦး ဖြစ်မယ်ဆိုတာလည်း ခိုင်နားလည်တယ်၊ ဒါ့ကြောင့် ခိုင်အတွက်နဲ့ ဦးစိုင်း၊ နာမည်ပျက်မှာ သိက္ခာကျမယ့် ဘယ်အလုပ်မှ ခိုင်မလုပ်ဘူး။ ဒါပေမဲ့ အကူအညီတော့ လိုချင်တယ်'

'ဘာအကူအညီလဲခိုင်'

'ခိုင် ယောကျ်ားက အင်းစိန်ထောင်မှာ ထောင်(၂)နှစ်ကျ နေတယ်။ သူ့အတွက် ကူညီဖို့ရယ်၊ ခိုင်တို့ရဲ့ဘဝရှေ့ရေး အတွက်ရယ်၊ ချမ်းသာဖို့ အလုပ်လုပ်ချင်တယ်။ ခိုင့်မှာ



ကျပ်သိန်း(၁၀၀၀)ရှိတယ်၊ အဲဒါဘာလုပ်ရင်ကောင်းမလဲ ကူညီပါ'

'ဒီနေ့ ဒီခေတ်ကြီးမှာ နေ့ချင်း၊ ညချင်း ချမ်းသာဖို့ဆိုတာ ကတော့ မူးယစ်ဆေးဝါးနဲ့ စိတ်ကြွဆေးတွေ ဝယ်/ ရောင်း/သယ်ပို့လုပ်ရဲတဲ့လူတွေပဲ နေ့ချင်းညချင်းချမ်းသာ ကြတယ်။ အဆင်မသင့်လို့ ဖမ်းဆီးခံရပြီး ထောင်ဒဏ် (၁၀)နှစ် (၂၀)နှစ်ကျခံရပြီး၊ ဘဝဆုံးသွားတဲ့လူတွေ ရှိတယ်ပေါ့'

'ခိုင်ကတော့ ဖြစ်ချင်ရာဖြစ် မောင်ဘချစ်ဆိုသလို စွန့်စားချင်တယ်၊ ခိုင့်ဘဝ သိပ်မထူးတော့ဘူးလေ၊ ယောကျ်ားရဲ့အမှုမှာ အမှုတွဲဖြစ်တယ်၊ ပြီးတော့ ခိုင့် အပေါ် တရားရုံးက တရားခံပြေး၊ ဝရမ်းပြေး ထုတ်ထား ခံရတယ် ဦးစိုင်း'

ခင်ခက်ခက်ခိုင်သည် ဘဝတစ်ခုလုံးကို ယုံမှတ်ပုံအပ် ထားသော ဦးစိုင်းအပေါ်တွင် ယုံယုံကြည်ကြည်ဖြင့် သူ့ဘဝ၊ သူ့အခြေအနေ၊ သူ့ဆန္ဒတွေကိုထုတ်ဖော်သည်။ ဝေဒနာကို ကြေညာလိုက်သည်။

'ဒီလိုဆိုရင် နယ်စပ် ခရမ်းရောင်နယ်မြေမှာရှိတဲ့ ဦးစိုင်းရဲ့ မိတ်ဆွေဆီသွားပါ၊ သူက အလုပ်တစ်ခု ခိုင်းလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



သူစီစဉ်ပေးတဲ့အတိုင်း ခိုင်ကလုပ်ပေးရလိမ့်မယ်၊ ခိုင့်အတွက် အကျိုးအမြတ်ငွေသိန်း (၃၀၀၀)ဦးစိုင်းကြိုယူထားမယ်'

'အရင်းမထည့်ရဘဲနဲ့ အကျိုးအမြတ်ရမှာဆိုတော့ ခိုင်ပိုပြီးသဘောကျပါတယ် ဦးစိုင်း'

'ဒါဆိုရင် ဒီစာယူသွား ဒရိုင်ဘာလိုက်ပို့လိမ့်မယ်'

ခင်ခက်ခက်ခိုင်သည် နိုင်ငံရပ်ခြားဟော့ရှော့ ဝတ်စားဆင်ယင်ထားသောပုံခံဖြင့် ဟိုဘက်နိုင်ငံနှင့် ဒီဘက်နိုင်ငံစပ်ကြားသာယာလှပသော တောင်ပြာတန်းဆီသို့ ဦးစိုင်း၏ယာဉ်မောင်းလိုက်ပို့သည့်အတိုင်း လိုက်ပါသွားခဲ့သည်။ အဖြူရောင်နယ်မြေမှ ခရမ်းရောင်နယ်မြေသို့ရောက်ရှိသောအခါ ကားလမ်းမှာ မြေနီလမ်းဖြစ်သည်။ မိုးအကုန်ဆောင်းအကူး လေရူးလေး တသုန်သုန်ဖြင့်ဖြတ်သန်းခဲ့ရာ ခရမ်းရောင်နယ်မြေရှိ ဦးစိုင်းဆက်ပေးသော ပုဂ္ဂိုလ်ကြီးထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိခဲ့လေပြီ။

'တွေ့ရတာဝမ်းသာပါတယ်ခင်ဗျာ'

'ဟုတ်ကဲ့ ခိုင်လည်း ကျေးဇူးတင်ပါတယ်'

'အေးအေးဆေးဆေးအနားယူပါဦး'

နယ်စပ်ဒေသခရမ်းရောင်နယ်မြေဆိုသော်လည်း ခြံနှင့်ဝင်းနှင့် တင့်တောင်းတင့်တယ်နေထိုင်သူများ၊ အရောင်းအဝယ်



လုပ်ငန်းများဖြင့် စည်စည်ကားကား တွေ့ရသောကြောင့် အဘယ်ကြောင့် (ခရမ်းရောင်)ဟု အမည်ပေးထားသလဲ မတွေးတတ်အောင် ဖြစ်နေသည်။

'မခိုင် နံနက်မိုးသောက်အလင်းမရောက်မီ နံနက်(၃)နာရီလောက်မှာ ဒီကနေပြီး အဖြူရောင်လမ်းအထိ လိုက်ပို့လိမ့်မယ်။ ကျွန်တော်တို့ယာဉ်မောင်းနဲ့ တပည့်(၂)ဦးပါမယ်။ မခိုင်က မြန်မာအမျိုးသမီးဝတ်စုံနဲ့ ခံ့ခံ့ညားညား ဝတ်စားဆင်ယင်ပြီးလိုက်ပါသွားပါ။ အထူးသဖြင့် အဖြူရောင်လမ်းပေါ်ရောက်ချိန်မှာ စစ်ဆေးသူများစစ်မေးချိန်မှာ မင်းကတော်စိုးကတော်လို ဆက်ဆံပါ။ အခက်အခဲရှိရင် ကျွန်တော့်တပည့်တွေ ရှင်းလင်းပေးပါလိမ့်မယ်'

'ဟုတ်ကဲ့ ရှင့်ပြောတဲ့အတိုင်း ဆောင်ရွက်ပါမယ်'

ခင်ခက်ခက်ခိုင်သည် မြူမှုံတွေဆိုင်းနေသော တောင်ပြာတန်း တောင်ခြေဒေသရှိ ခရမ်းရောင်နယ်မြေ၊ မြေနီလမ်းအတိုင်းစီးနင်းလိုက်ပါလာခဲ့သည်။ နံနက်မိုးသောက် အလင်းရောက်သော် အဖြူရောင်နယ်မြေရှိ ကတ္တရာလမ်းပေါ်သို့ ရောက်ရှိခဲ့လေသည်။ ခရီးသွားကားများရပ်နားလေ့ရှိသော လက်ဖက်ရည်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွင် သူတို့၏ ဒဗလယ်ကတ်ကားရပ်နားသည်။ ယာဉ်မောင်းနှင့်ပါသူနှစ်ဦးတို့က ဆိုင်သို့ဆင်းပြီး လက်ဖက်ရည်သောက်ကြသည်။ ဒေါ်ခင်ခက်ခက်နိုင် မင်းကတော်စိုးကတော်ကြီး ပုံစံကတော့ အပေါ့အပါးသွားပြီး ကားပေါ်တွင် ခန့်ခန့်ကြီး ပြန်၍ထိုင်နေသည်။ တပည့်(၂)ဦးတို့က လက်ဖက်ရည်နှင့်ကိတ်မုန့်ကို ကားပေါ်သို့ ပို့ပေးရသည်။

စားသောက်ပြီးသောကြောင့် ခရီးဆက်ကြသည်။ စစ်ဆေးရေးဂိတ်များမှာ အစစ်ဆေးခံရန် ရှိရှိသေသေ ကားရပ်ပေးသည်။ ဟိုကြည့် ဒီကြည့်စစ်ဆေးကြည့် လုပ်ကြသည်။

'သွားနိုင်ပါပြီ အစ်မကြီး'

'ကျေးဇူးပဲ သွားတို့ရယ်'

အဖြူရောင်နယ်မြေရှိ စစ်ဆေးရေးဂိတ်များ အသီးသီးဖြတ်ကျော်ပြီးနောက် ဒေသခံသူဌေးကြီး၊ သူကြွယ်ကြီး၊ အာဏာပိုင်အသိုင်းအဝိုင်းမှ လူကုံထံများနေထိုင်သည့် ခြံကြီးဝင်းကြီးအတွင်းရောက်ရှိပြီး ခရီးလမ်းဆုံသို့ ဘေးမသီ ရန်မခဘဲ ရောက်ရှိခဲ့လေသည်။

အမြန်လမ်းခရီးတွင်ကား ဥပဒေနှင့်မကင်းသော မည်သည့်ပစ္စည်းမျှမပါသောကြောင့် ကိုယ်စိတ်နှလုံး ရွှင်ပြုံးစွာဖြင့် ပြန်ခဲ့



လေသည်။ စစ်ဆေးရေးဂိတ်များမှ တာဝန်ထမ်းဆောင်နေကြသူများအတွက် အချိုရည်များပင် လက်ဆောင်ချီးမြှောက်ခဲ့လေသည်။ ခရီးစဉ်လုပ်ငန်းစဉ်ပြီးဆုံးပြီဖြစ်သောကြောင့် ဦးစိုင်းရှိရာ (စာဒိုနီဟိုတယ်)ကြီးသို့ အမြန်ဆုံးပြန်ခဲ့လေသည်။

'ကဲ... ခိုင် ရေမိုးချိုးအနားယူပါ'

'ဒီတစ်ခါတော့ ခိုင်ကျွေးမယ်နော်'

'မလိုပါဘူးခိုင်ရယ် ခိုင်ကျွေးရမှာ တစ်ခုပဲရှိတယ်'

'ဘာလဲ ဦးစိုင်း'

'ဟိုဒင်း ဟိုဟာ ပလာတာပေါ့ကွာ'

ရေမိုးချိုးပြီးသည်နှင့် အလုပ်သဘော ခရီးစဉ်အကြောင်း နှီးနှောဖလှယ်ရင်းဖြင့် စာဖွယ် သောက်ဖွယ်များကို စားသောက်အနားယူကြလေသည်။

'ရော့ ဒါကခိုင်အပ်ထားတဲ့ ငွေသိန်း(၁၀၀၀)၊ ဒါကတော့ ဒီခရီးစဉ်အတွက် ခိုင်ရရှိတဲ့ အကျိုးအမြတ် ငွေသိန်း(၃၀၀၀)'

'ဦးစိုင်းပဲ သိမ်းထားပါ။ ဦးစိုင်းဆီမှာက ပြီးလုံခြုံပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလောက်ဆို ခိုင်ရင်းနှီးလုပ်ကိုင်စားလို့ ရနေပါပြီ၊ လုံခြုံမှုရှိတဲ့နေရာ၊ မြို့နယ်၊ နယ်စပ်တစ်နေရာရာမှာ ရိုးရိုးသားသားလုပ်စားပါတော့'

'ဦးစိုင်းက ခိုင့်ကိုမောင်းထုတ်နေတာလား၊ ဒီလောက် ပိုက်ဆံနဲ့ သူဌေးမဖြစ်နိုင်သေးပါဘူး ဦးစိုင်းရယ်။'

'ခိုင် နောက်တစ်ခွင်လောက် လုပ်ချင်သေးတယ်။ သိန်း(၅၀၀၀)လောက်ရချင်တယ်။ ဒီတစ်ချီလုပ်ပြီး မလုပ်တော့ပါဘူး'

'ဦးစိုင်းကတော့ အားမပေးချင်တော့ဘူး။ မူးယစ်ဆေးဝါးမှုဆိုတာ ထောင်ဒဏ်(၁၀)နှစ်၊ (၂၀)နှစ်ရှိတယ်။ တရုတ်ပြည်မှာဆိုရင် သေဒဏ်ရှိတယ်။ စဉ်းစားပါ ခိုင်'

( ၆ )

ခင်ခက်ခက်ခိုင်သည် ဦးစိုင်း၏ဆိုဆုံးမမှု၊ နားချမှုကို ဘဝင်မကျပေ။ တရားခံပြေး၊ ဝရမ်းပြေးဘဝဖြစ်နေသောကြောင့် လွတ်လပ်စွာစီးပွားမရှာနိုင်သော မိမိဘဝအနေဖြင့် (ခြေရာလည်းပျောက် ရေလည်းနောက်)ဘဝဖြင့် ဇာတ်မြုပ်ပြီး ငြိမ်းချမ်းစွာ



နေထိုင်နိုင်သောဘဝကို ရယူလိုသည်။ ခင်ပွန်းဖြစ်သူ ခင်မောင်သန်းဝင်း လွတ်လာသော်လည်း ပြစ်ဒဏ်မခံရသေးသော မိမိဘဝမှာ တရားခံပြေး၊ ဝရမ်းပြေးဘဝဖြင့်သာ နေရမှာ ဖြစ်လေသည်။ သို့ကြောင့် ဦးစိုင်းကို နောက်ဆုံးတစ်ချီအနေဖြင့် စီစဉ်ပေးဖို့ နားပူရန် ဆုံးဖြတ်လိုက်သည်။

'ဦးစိုင်း ခိုင့်ကိုမုန်းသွားပြီလား'

'ဦးစိုင်းပြောတာက ချစ်လို့ပြောတာပါ။ မုန်းလို့ ပြောခဲ့တာမဟုတ်ပါဘူး'

'ဒီတစ်ခေါက်တော့ ပြောပေးပါဦးစိုင်းနော်··နော်···နော်လို့'

ဦးစိုင်းသည် သူ၏ တပည့်ယာဉ်မောင်းကိုခေါ်ပြီး တောင်ပြာတန်း ခရမ်းရောင်နယ်မြေသို့ လိုက်ပို့ခိုင်းလိုက်ရလေသည်။

'အော် မခိုင်ထိုင်ပါ၊ မခိုင်က ဒီတစ်ခေါက်လုပ်ချင်သေးတယ်ဆိုတာ သိရပါတယ်။ ချမ်းချမ်းသာသာ နေချင်ရင်တော့ ဒီလိုပဲ စွန့်စားကြရတာပါပဲ'

'မခိုင် သေနတ်ပစ်တတ်လား'

'မပစ်တတ်ဘူး ဆရာကြီး'

www.burmeseclassic.com

www.burmeseclassic.com



'ဒီတစ်ခေါက်က ပစ္စည်းလည်းများတယ်။ တန်ဖိုးလည်းများတယ်။ တို့တစ်သက်စာ လှုပ်ရှားမှုလုပ်မှာ ဖြစ်တယ်။ ကိုယ်ခံအနေနဲ့ သေနတ်ပစ်တတ်ဖို့ လိုတယ်။ တို့လေ့ကျင့်ပေးမှာပါ'

'ချိုကြီး...ဘွန်ဇိုင်း...လာဟေ့'

'ဟုတ်ကဲ့ ဆရာကြီး'

'ဒီမှာ ခြံထဲသွားပြီး မနိုင်ကို (ကုတ်ပစ်စတို)(အမ်-၁၆) ပစ်ခတ်နည်းသင်ပေးပါ။ လေ့ကျင့်ပေးပါ။ မနက်ခရီးထွက်ဖို့ ကားအောက်ပိုင်းတွေစစ်ထား'

'ဟုတ်ကဲ့ ဆရာကြီး'

ခင်ခက်ခက်နိုင်နှင့် ယာဉ်မောင်း၊ ဆရာကြီး၏ တပည့်နှစ်ဦးတို့သည် မူးယစ်ဆေးဝါးများအပြင် ခုခံတိုက်ခိုက်နိုင်ရန် လက်နက်များပါယူဆောင်လာကြသည်။ ခင်ခက်ခက်နိုင်ကလည်း သူမ၏ (ကုတ်ပစ်စတို)ကို လက်ကိုင်အိတ်တွင်ထည့်ထားသည်။ ပင်လယ်မြေမျက်နှာပြင်အထက်ပေ(၃၀၀၀)ကျော်မြင့်သော တောင်ပြာတန်းကြီးကို ကျောခိုင်းခဲ့လေပြီ။ ခရမ်းရောင်နယ်မြေရှိ မြေနီလမ်းမှ အဖြူရောင်နယ်မြေကတ္တရာလမ်းပေါ်သို့ ရောက်ခဲ့ကြလေပြီ။ ပထမစစ်ဆေးရေးဂိတ်ကို အေးချမ်းစွာကျော်လွန်ခဲ့လေပြီ။



ဒုတိယစစ်ဆေးရေးဂိတ်တွင်ကား ယခင်အမှုထမ်းများအပြင်၊ မျက်နှာစိမ်းအမှုထမ်းများကို တွေ့နေရသည်။ လျှို့ဝှက်စွာ မှန်ဘီလူးဖြင့် ကားအရှိန်ရှော့ပြီးကြည့်လိုက်သည်။ [မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့(၃၀)] ဖြစ်ကြောင်း တွေ့ရှိရသည်။

တခြားပြေးလမ်းကြောင်းထွက်ပေါက်လည်း မရှိသောကြောင့် စစ်ဆေးရေးဂိတ်ကို ပစ်ခတ်တိုက်ခိုက် မောင်းပြေးသောနည်းလမ်းတစ်ခုသာ ရှိတော့သည်။ ထို့ကြောင့် သေနတ်များကို မောင်းထိုးအသင့်ပြင် ပစ်ခတ်ပြီး မောင်းပြေးရန် စီစဉ်လိုက်ရသည်။ ဂိတ်အနီးအရောင်တွင် ...

'ဒက် ဒက် ဒက် ... ဖောင်း ဖောင်း ဖောင်း'

'အင့် ... အာ ... အား ... '

သေနတ်ထိမှန်သူများ လဲကျသွားကြသည်။ သေနတ်မထိမှန်သူများက ၎င်းတို့၏ရဲတပ်ဖွဲ့ကားဖြင့် နောက်မှလိုက်ပြီး ပစ်ခတ်၊ တိုက်ခိုက်သည်။

'ဒက် ဒက် ဒက် ... ဖောင်း ဖောင်း ဖောင်း ... အုံး ... အုံး'

ခင်ခက်ခက်နိုင်တို့၏ ဒဗလ်ကတ်ကား၏ နောက်ဘီးတစ်ခုကို (၁၂၀-)လောင်ချာထိမှန်သွားသည်။ ကားသည်

www.burmeseclassic.com

www.burmeseclassic.com



ကာစ်ဖက်ရမ်းကန့်လန့်ဖြစ်သွားသည်။ မျက်နှာချင်းဆိုင်အရှိန်ဆင်းမှ ဆင်းလာသော (၁၀-ဘီးတပ်) ကုန်တင်ကားကြီး ဝင်တိုက်လိုက်သည်။ ခင်ခက်ခက်ခိုင်တို့ကား ပက်လက်လန်မှောက်သွားကြသည်။ ယာဉ်မောင်းနှင့် ခင်ခက်ခက်ခိုင်တို့ ပြင်းထန်သော ဒဏ်ရာရရှိခဲ့သည်။ ဆရာကြီး၏တပည့်နှစ်ဦးထွက်ပြေးလွတ်မြောက်သွားသည်။ ခင်ခက်ခက်ခိုင်နှင့် ယာဉ်မောင်းတို့အား ဆေးရုံသို့ ရဲတပ်ဖွဲ့ကားဖြင့်အမြန်ပို့သည်။ ယာဉ်မောင်းမှာ ဆေးရုံအရောက်တွင် အသက်ထွက် ကွယ်လွန်သွားသည်။

ခင်ခက်ခက်ခိုင်မှာ သေတမ်းစစ်ချက်ရယူနေစဉ် ကျွန်မ မှားပါတယ်။ ကျွန်မ မှားပါတယ်။ အားလုံးခွင့်လွှတ်ပါ၊ အားလုံးခွင့်လွှတ်ပါဟု ပြောရင်း အသက်ထွက် သေဆုံးသွားခဲ့လေသည်။

'ဟင်းမွှေသောယောက်မသည် ကာလကြာမြင့်စွာ ဟင်းကိုမွှေသော်လည်း အပေါ့၊ အငန်၊ အဖန်၊ အခါး စသော ဟင်း၏အရသာကို မသိသကဲ့သို့။ သူမိုက်သည် အသက်ရှည်သမျှကာလပတ်လုံး ပညာရှိနှင့်အတူနေ၍ ဆည်းကပ်ငြားသော်လည်း သူတော်ကောင်းတရားကိုမသိပေ'

(ဓမ္မပဒ)

❑




www.burmeseclassic.com

www.burmeseclassic.com

'ငါရဲ့ဆုံးဖြတ်ချက်ကိုတော့ မပြင်နိုင်ဘူး၊ ပြင်လို့လည်း မရတော့ဘူး။ ဒါပေမဲ့ ငါရှင်းအောင်လုပ်မယ် မသိန်းကြည်။'

ဟောဒီ ရွှေတောင်ကုန်းရိပ်ငြိမ်ခြံကို မင်းနဲ့သားသမီးတွေအတွက် မင်းနာမည်နဲ့ပြောင်းပေးမယ်၊ ဘဏ်ငွေအားလုံးထုတ်ပြီး မင်းစာအုပ်ထဲထည့်ပေးမယ်၊ ကားနှစ်စီးလည်း မင်းနာမည်နဲ့ပြောင်းပေးမယ်။ ငါအဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ဆင်းသွားမယ်။ စိတ်အနှောင့်အယှက်ဖြစ်အောင်တော့ မလုပ်ပါနဲ့'

'ဖေဖေပြောတာ တရားပါတယ် မေမေ၊ လူ့အခွင့်အရေးဆိုတာဟာ ဒီနေ့ကမ္ဘာသုံးအခွင့်အရေးတွေ ဖြစ်ပါတယ်'

'ငါ့အတွက်မဟုတ်ဘူး သမီးကြီး။ ဒါတွေဟာ ညည်းတို့



မောင်နှမသုံးယောက်အတွက် ငါပြောနေတာ'

(ဦးမျိုးညွန့်၊ ဗိုလ်မှူးဟောင်းမျိုးညွန့်)သည် စစ်သားပီပီ ရှင်းရှင်းပြတ်ပြတ်လုပ်တတ်သူဖြစ်သည်။ ဆုံးဖြတ်ချက်ကို ပြင်လေ့မရှိ၊ သတ္တိရှိရှိ၊ သစ္စာရှိရှိ၊ မှန်မှန်ကန်ကန်၊ တရားမျှတမှုရှိအောင်လုပ်လေ့ရှိသူဖြစ်သည်။

ဝင်ဒါမီယာရှိရွှေတောင်ကုန်းရိပ်မွန်ခြံကြီးကို မိမိနာမည်မှ ဇနီးဒေါ်သိန်းကြည်နာမည်သို့ပြောင်းပေးသည်။ ဘဏ်တွင်ရှိသောငွေအားလုံးကိုထုတ်ပြီး ဒေါ်သိန်းကြည် ဘဏ်စာရင်းသို့ထည့်ပေးသည်။ သူ့နာမည်ဖြင့်ရှိသော ကားနှစ်စီးကိုလည်း (ကညန)သို့သွားပြီး ဒေါ်သိန်းကြည်နာမည်သို့ ပြောင်းပေးလိုက်သည်။

'သမီး ဖေဖေရဲ့အဝတ်အစားတွေထုတ်လိုက်၊ ဖေဖေ သူ့အိမ်ကိုသွားတော့မယ်'

သမီးကြီးဖြစ်သူ လင်းကြည်ဖြူမျိုးက ဖခင်ကြီး၏ အဝတ်အစားအသုံးအဆောင်များကို သေချာစွာ ထုပ်ပေးလိုက်သည်။ ရွှေတောင်ကုန်းရိပ်မွန်ခြံကြီးမှဆင်းသွားသော ဖခင်ကြီး၏ ကျောကုန်းကို နောက်မှ တရိပ်ရိပ်ကြည့်ရင်း မျက်ရည်များမှ တားမနိုင်၊ ဆီးမရကျလာသည်မှာ သုတ်၍မနိုင်ဖြစ်နေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူ့အိမ်'ဆိုသည်မှာ (နီလာလင်း)၏အိမ်ကို ပြောခြင်းဖြစ်သည်။ 'နီလာလင်း'ဆိုသည်မှာ ဦးမျိုးညွန့်၏တပည့်၊ ကိုယ်ရေးအရာရှိ (ဗိုလ်ကြီးရဲရင့်အောင်) (တိုက်ပွဲကျ)သူရဲကောင်းဘွဲ့ရ၏ ဇနီးဖြစ်သည်။ ဗိုလ်ကြီး ရဲရင့်အောင်သည် ဗိုလ်မှူးမျိုးညွန့်စစ်ဆင်ရေးမှူး၏အသက်ကို ကာကွယ်ရင်း ကျဆုံးသွားခဲ့သူဖြစ်သည်။ အသက်ထွက်ခါနီးတွင် နီလာလင်းကို တာဝန်ယူပေးပါ။ နီလာလင်းကို တာဝန်ယူပေးပါ။ စိတ်ချပါရစေ တတွတ်တွတ်ပြောရင်း အသက်ထွက်ခဲ့ရသော တိုင်းပြည်ရင်သွေးတစ်ဦး ဖြစ်လေသည်။

'ဦးဦး အထုပ်ကလဲ ကြီးလှချည်လား၊ ဘာတွေလဲ'

'ငါ့အဝတ်အစားတွေပါ ငါမင်းအိမ်ကိုအပြီးဆင်းလာတာ၊ အားလုံးကိုလဲ အပြတ်ရှင်းခဲ့ပြီးပြီ'

'ဟာ...ဦးရယ်၊ အန်တီသိန်း စိတ်ဆင်းရဲနေမှာပေါ့၊ သားသမီးတွေလဲ စိတ်ကောင်းကြမှာမဟုတ်ဘူး'

'သူစိတ်ဆင်းရဲတာထက် ငါစိတ်ဆင်းရဲတာကပိုတယ်၊ ဒါကြောင့် သူတို့စိတ်ချမ်းသာအောင်လုပ်ပြီး အပြီးအပိုင်ဆင်းခဲ့တယ်။ ပစ္စည်းတွေအားလုံးလည်း သူ့နာမည်နဲ့လွှဲပေးခဲ့ပြီးပြီ၊ မင်းမှာကလည်း ကိုယ်ဝန်ရှိနေပြီ



မဟုတ်လား၊ မင်းအတွက် ငါတာဝန်ကျေဖို့လည်း ရှိနေတယ်လေ'

'နီလာကတော့ ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား မစဉ်းစားတတ်အောင်ဖြစ်သွားတယ်ဦး'

'ငါ့မှာ ဘာမှမပါလို့ မင်းလက်မခံချင်ဘူးဆိုရင်လဲ ငါတခြား နေရာသွားရုံပဲရှိမယ်'

'ဒီလိုတော့မပြောပါနဲ့ဦးရယ်၊ နီလာမှာ ပြည့်ပြည့်စုံစုံရှိတယ်၊ ဦးနဲ့လက်တွဲပြီး စီးပွားရှာဖို့အချိန်တွေ အခြေအနေကောင်းတွေရှိပါတယ်၊ ဦးစိတ်ချမ်းသာရင်ပြီးတာပါပဲ'

ရတနာရွှေကြုတ်တွင် ရွှေရုပ်ကလေးရှိနေသော နီလာလင်းသည် ဗိုက်မပေါ်လွင်သေးသော်လည်း ဟိုမုန်းဓာတ်၏စုဆောင်းမှု၊ စေ့ဆော်မှုတို့ကြောင့် စနေနှစ်ခိုင်ကလည်း အပြိုင်အဆိုင်လှနေသည်။ အသားအရေကလည်း ဝင်းလက်တောက်ပနေသည်။ နီတျာတျာနှုတ်ခမ်းအစုံတို့ကလည်း ထူပြောပြီး လှချင်တိုင်း လှနေသည်။ မြင်သူတကာ ငေးကြည့်ရလောက်အောင် အလှအပတွေစုဝေးနေသော မိန်းမချော၊ မိန်းမလှလေးဖြစ်နေသည်။ အေး၊ ရင်၊ တင် အချိုးအဆက်ကျနေသည်မှာလည်း ပန်းချီဆရာ၊ ပန်းပုဆရာတို့၏လက်ရာမွန်လေးထင်ရမလောက်။

www.burmeseclassic.com

www.burmeseclassic.com



## ( ၂ )

ဦးမျိုးညွန့်သည် ဆယ်ဘီးတပ်ကုန်တင်ယာဉ်ကြီးနှစ်စီး၏ ဝင်ငွေဖြင့် မရောင့်ရဲ၊ မတင်းတိမ်သေးဘဲ (မထသ)တွင် ခရီးသည်တင်ယာဉ်(၂)စီးထည့်ပြီး စီးပွားရေးလုပ်ငန်းတိုးချဲ့လိုက်သည်။ စီးပွားရေးလုပ်ငန်း တိုးချဲ့မှလည်းဖြစ်ပေမည်။ နီလာလင်းနှင့် ရင်သွေးလေးတို့၏ ဘဝရှေ့ရေးအတွက် ကျန်းမာတုန်း လုပ်ရကိုင်ရ စုဆောင်းရပေမည်။ လသာတုန်းဗိုင်းငင်ရပေမည်။

ကိုးလလွယ်၊ ဆယ်လဖွားအတိုင်းပင်ဖြစ်သည်။ နီလာလင်းသည် သမီးကလေးတစ်ဦး မွေးဖွားခဲ့လေပြီ။ နာမည်က ဇင်မာမျိုးညွန့်တဲ့။

တစ်သားမွေးတသွေးလှဆိုသကဲ့သို့ နီလာလင်းမှာ ခင်ပွန်းဦးမျိုးညွန့် ခေါင်းဖြူစွယ်ကျိုးကြီး စိတ်မချနိုင်လောက်အောင် လှချင်တိုင်းလှနေသည်။

ရက်ကိုလစား၊ လကိုနှစ်စားဖြင့် သက္ကရာဇ်တွက်စစ်သော် သမီးကလေးဇင်မာမျိုးညွန့်သည် အသက်(၅)နှစ် ကျော်ပြီဖြစ်၍ ကျောင်းသူကလေးပင်ဖြစ်လာခဲ့ပေပြီ။



'ဓမ္မပဒ'ဒေသနာတော်တွင် ...

'အဝတ်တန်ဆာတို့ဖြင့် အဆန်းတကြယ်ဖြစ်သော၊ အနာရောဂါတို့၏စုပေါင်းရာဖြစ်သော၊ အရိုးတို့ဖြင့် ဆောက်လုပ်အပ်သော၊ နာကျင်တတ်သောလူတို့သည် အထူးထူးအပြားပြားများစွာ ကြံစည်အပ်သော ဤခန္ဓာကိုယ်ကို ရှုလော့'

ဟု ပြောကြား အဆုံးအမတရားဒေသနာများ အသေအချာရှိငြားသော်လည်း ကိလေသာဝဋ္ဋ်၊ သုံးတောင်ဝတ်ကြောင့် ဦးမျိုးညွန့်တစ်ယောက် သတိလက်လွတ်၊ ငှက်တောင်ကျွတ်အလား အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရားတို့ကို မေ့လျော့နေခဲ့လေသည်။

ထိုနည်းတူစွာပင် - ဒေါ်သိန်းကြည်မှာလည်း သမီးကြီး၊ သားလတ်၊ သမီးငယ်တို့အတွက် လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ တဟုန်းဟုန်းတောက်နေသောကြောင့် ...

'ဤခန္ဓာကိုယ်ရုပ်သည် ဆွေးမြေ့ဟောင်းတတ်၏။ အိုမင်းတတ်၏။ အနာရောဂါတို့တည်ရာလည်းဖြစ်၏။ အပုပ်ရည် အမြဲယိုစီး၍ ပုပ်ဆွေးပျက်စီးတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင်ခြင်းသည် သေခြင်းအဆုံးရှိ၏'

ဟူသော တရားဒေသနာတို့ကို မေ့လျော့လာခြင်းဖြင့် အိုခြင်းတရား၊ နာခြင်းတရားဖြင့် ရှင်သန်လာခဲ့ကြလေသည်။

မြတ်စွာဘုရားရှင်၏အဆုံးအမဖြစ်သော မကောင်းမှုဟူသမျှကို မပြုရာ။ ကုသိုလ်ကောင်းမှုနှင့်ပြည့်စုံ စေရာ၏။ မိမိစိတ်ကို ဖြူစင်စေရာ၏။ ဟူသော အဆုံးအမတို့ကိုလည်း မေ့လျော့လာခဲ့ကြသည်။ ဒါနမှု၊ သီလမှု၊ ဘာဝနာမှု စသော ဟု ဗိုလ်ကောင်းမှုများကို မေ့လျော့ခဲ့ကြလေသည်။

ဒေါ်သိန်းကြည်သည် မွေးဖွားအစ၊ သေခြင်းအဆုံးကိုသည့်အတိုင်း၊ အာယုသက်စစ်(၆၆)နှစ်တွင် ကွယ်လွန်သွားရရှာလေသည်။

နှစ်လခန့်အကြာတွင်ဖြစ်သည်။ ထွက်လာသော စကြာနေမင်းကြီးသည် ဝင်ခြင်းလျှင်အဆုံးရှိသကဲ့သို့ ဦးမျိုးညွန့်မှာလည်း ကွယ်လွန်သွားရှာလေသည်။ သဗ္ဗေသင်္ခါရာအနိစ္စ။

( ၃ )

'ကန့်ကွက်နိုင်ကြောင်းကြော်ငြာ'

'မြေတိုင်းရပ်ကွက်အမှတ်(      )၊ မြေကွက်အမှတ်(        )၊ ဧရိယာ(      )၊ ခြံအမှတ်(        )၊ ရွှေတောင်ကုန်းရိပ်မွန်ခြံနှင့်အဆောက်အဦတို့ကို အမည်ပေါက်ဒေါ်သိန်းကြည်အမည်မှ ဒေါ်လင်းကြည်ဖြူမိုးပါ(၃)ဦးအမည်သို့ ပြောင်းမည်ဖြစ်၍ မည်သူမဆို အထောက်အထားတင်ပြပြီး(၁၅)ရက်အတွင်း ကန့်ကွက်နိုင်သည်'



သတင်းစာကြော်ငြာကိုဖတ်ရှုသိရှိသော မနီလာလင်းသည် မယားပြိုင်ဖြစ်ခဲ့သော သူ့အနေဖြင့် အခွင့်အရေး တစ်စုံတစ်ရာရှိမရှိ (စိန်ဘရားသားဥပဒေအကျိုးဆောင်ဂရု)ထံသို့ သွားရောက်စုံစမ်းသည်။

'လင်သေမယားစံ၊ မယားသေလင်စံဆိုတဲ့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေရှိပါတယ်။ ဒါ့ကြောင့် ဒေါ်သိန်းကြည်သေပြီးနောက် ပိုင်ဆိုင်မှုဟာ ဦးမျိုးညွန့်ထံ စီးဝင်လာပါတယ်။ မူလအမည်ပေါက် ပိုင်ရှင်ကလည်း ဦးမျိုးညွန့်ဖြစ်ခဲ့တယ်။ ဒါ့ကြောင့် မနီလာမှာ ရပိုင်ခွင့် ရှိပါတယ်'

'ဟုတ်ကဲ့ဆရာ ကျွန်မအကျက်အမိကမဟုတ်ပါဘူး။ သမီးလေးနောင်ရေးအတွက်ပါ'

'ဘယ်သူ့အတွက်ပဲဖြစ်ဖြစ်၊ ကျွန်တော်တို့က[illegible] ဥပဒေပါအခွင့်အရေး၊ ဥပဒေအရ ရပိုင်ခွင့်[illegible] ရှင်းပြ

www.burmeseclassic.com

www.burmeseclassic.com



ရမယ်ဆိုရင် လင်သေမယားစံအခွင့်အရေးရှိနေပါတယ်။ သမီးကလေးဇင်မာမျိုးညွန့်အနေနဲ့လဲ ဖအေတူ မအေကွဲ အခွင့်အရေးရှိနေပါသေးတယ်'

'လုပ်စရာရှိတာလုပ်ပေးပါဆရာ ဆရာတို့ကို အယုံးစုံအပ်ပါတယ်ဆရာ'

မနီလာလင်း၏ရှေ့နေကြီးများသည် ကန့်ကွက်ကြော်ငြာခြင်း၊ မြေပုံမြေရာဇဝင်ကူးပေးခြင်း၊ အမည်ပြောင်းပေးခြင်း မပြုရန် သက်ဆိုင်ရာဌာနမှူးများထံသို့ ကန့်ကွက်စာများ တင်သွင်းသည်။

တိုင်းဒေသကြီးတရားလွှတ်တော်သို့ 'အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု' တရားစွဲဆိုလေသည်။ လူ့ပြည်မှာ အမှုပွဲကြလေပြီ။ ဦးမျိုးညွန့်သည် (ရှင်းအောင်လုပ်သော်လည်း ရှုပ်ခဲ့ရလေပြီ။)။

( ၄ )

တရားမဥပဒေသဘောတရား၊ ပြဋ္ဌာန်းချက်တို့အရ အဆိုလွှာ၊ မေးခွန်းမေးခွင့်လျှောက်ထားလွှာ၊ ကန့်ကွက်လွှာ၊ နှစ်ဖက်လျှောက်လဲချက်၊ ရုံးမင်းအမိန့်၊ ရုံးမင်းအမိန့်အရ



ဆောင်ရွက်ခြင်း၊ ချေလွှာတင်သွင်းခြင်း၊ ရုံးကောက်ချက်ချမှတ်ခြင်း၊ နောက်တိုးကောက်ချက်လျှောက်ထားခြင်း၊ ကန့်ကွက်ခြင်း၊ နှစ်ဖက်လျှောက်လဲချက်ပေးခြင်း၊ အမိန့်ချမှတ်ခြင်းများကို ရုံးတော်က ဆောင်ရွက်လာခဲ့ရသည်မှာ (၂)နှစ်ပင်ကြာမြင့်ခဲ့ပြီဖြစ်လေသည်။

တရားလို မနီလာလင်းဘက်၊ တရားပြိုင် မလင်းကြည်ဖြူမျိုးပါ(၃)ဘက်တို့သည် မစည်ကားအပ်သော ဒေသဖြစ်သည့် တရားရုံးတွင် ရုံးချိန်းပေါင်းများစွာ လာရောက်နေရသည်ကို ငြီးငွေ့လာကြလေပြီ။ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတို့မှာလည်း ဓာတ်ရှိန်လျော့ကျလာခဲ့ကြလေပြီ။ နှစ်ဖက်သောလူကြီးများ၊ ဆွေမျိုးများ၏ ဆုံးမဖျန်ဖြေခြင်းကို လက်မခံငြင်းပယ်ခဲ့သူများ သံဝေဂဖြစ်လာကြလေပြီ။

'ဒီလို တရားမမှုတွေဟာ အပေါ်တက်လိုက်၊ အောက်ဆင်းလိုက်နဲ့ (၁၀)နှစ်၊ အနှစ်(၂၀)ကြာသည်အထိ ရှည်လျားတယ်။ အမှုတွေလည်းအို၊ အမှုသည်တွေလည်းအို၊ တရားသူကြီး တွေလည်းအို၊ ပင်စင်သွား၊ ဒါတွေဟာ တကယ်ဆိုတော့ ဒုက္ခတွေပွားနေကြတာပဲ၊ ဒါကြောင့် ညှိလိုက်ကြပါကွယ်'

www.burmeseclassic.com

www.burmeseclassic.com



'သမီးတို့ကပေးရမယ့်ဘက်ပါအဘ၊ အဘအနေနဲ့ လိုချင်တဲ့ဘက်၊ တရားစွဲတဲ့ တရားလိုဘက်ကိုသာ ညှိပါအဘ၊ သမီးတို့ဘက်က ပြေလည်စေချင်ပါတယ်'

'အေးဟုတ်ပြီ၊ ဟိုဘက်ကိုလဲ ပြောရမှာပေါ့ကွယ်'

ဘစိန်၊ ဗိုလ်မှူးဟောင်းဘစိန်သည် မျိုးညွန့်၊ ဗိုလ်မှူးဟောင်းမျိုးညွန့်၏ မိတ်ဆွေရင်းချာများဖြစ်သောကြောင့် တရားလိုဘက်/တရားပြိုင်ဘက်တို့ကို တရားဟော၊ တရားပြခဲ့ရာ ငြိမ်းချမ်းရေးရရန်လက်တကမ်းသာ လိုတော့လေသည်။

နှစ်ဖက်အကျိုးဆောင်ကြီးများထံသို့လည်း ဥပဒေအရနှင့် လူမှုရေးအရ မျှတမှန်ကန်သော၊ တရားမျှတမှု၊ မှန်ကန်မှု၊ စိတ်ကောင်းစေတနာရှိမှုစသည့် လောကပါလတရားနှင့်အညီ ဆောင်ရွက်ပေးကြပါရန် အကူအညီတောင်းခဲ့ရလေသည်။

ဤနေ့သည် နှစ်ဖက်ရွှေနေကြီးများ၊ အမှုသည်များကို ဘစိန်၏နေအိမ်တွင် အမှုပြေငြိမ်းရန် အကြိုညှိနှိုင်းသောနေ့ ဖြစ်သည်။

'ကျွန်တော်ပြောချင်တာကတော့ ဒီနေ့ဒီချိန်မှာ လက်နက်ကိုင်ပြီး 'နှစ်ပေါင်း(၅၀)လောက် တိုက်ခိုက်လာကြတဲ့ ပုဂ္ဂိုလ်တွေတောင် ငြိမ်းချမ်းရေးရနေကြပြီ'



'ဒီဘက်က(၃)ယောက်လည်း မျိုးညွန့်ရဲ့ရင်သွေး၊ ဟိုဘက်ကလည်း ကလေးမကလည်း မျိုးညွန့်ရဲ့ရင်သွေး၊ မင်းတို့တွေဟာ သွေးစည်းဖို့လိုပြီ၊ နှစ်ဖက်အကျိုးဆောင်ကြီးတွေ စီမံပေးတာကို လက်ခံစေလိုတယ်'

'ဟုတ်ကဲ့အဘ သမီးတို့လက်ခံကြပါမယ်'

နှစ်ဘက်အကျိုးဆောင်ကြီးများကလည်း ၄င်းတို့ကြိုတင်တွက်ချက်စီမံထားမှုများကို လူကြီးများ နှစ်ဖက်အမှုသည်များ ရှေ့တွင်ချပြသည်။

'တိုရှင်း လိုရှင်းတင်ပြပါမယ်၊ ရွှေတောင်ကုန်းရိပ်မွန်ခြံကို သိန်းလေးသောင်း ဈေးဖြတ်ထားပါတယ်။ မလင်းကြည်ဖြူတို့ဘက်က မနီလာလင်းတို့ဘက်ကို သိန်း(၁၀၀၀၀) အမ်းပေးပါမယ်ခင်ဗျာ'

'ဒါဟာ မျှတပါတယ်။ လမ်းဆုံးပြီး ရှာတွေ့ဆုံးဖြတ်တဲ့အခါမှာလည်း ဒီအတိုင်းဖြစ်ဖို့ များပါတယ်'

'သမီးလက်ခံပါတယ်ရှင်၊ သမီးသိန်း(၁၀၀၀၀) မယူပါဘူး။ သိန်း(၅၀၀၀)ပဲယူပါမယ်။ ကျန်တာကို ဦးဦးတို့အန်တီသိန်းတို့အတွက် ကျောင်းဆောက်တဲ့အထဲ အလှူငွေထည့်ပါတယ်ရှင်'

'သာဓုဗျာ...သာဓု'

www.burmeseclassic.com

www.burmeseclassic.com



'ကဲ ဒါဆို လာမယ့်ရုံးချိန်းနေ့မှာ အကျိုးဆောင်ကြီးများက အမှုပြေငြိမ်းစာတင်ပေးပါ။ သမီးတို့က အမ်းပေးမယ့် သိန်း(၅၀၀၀)တစ်ခါတည်း ပေးလိုက်ပါ'

'အားလုံးကိုကျေးဇူးတင်ပါတယ်'

'လွှပြည်မှာ အမှုမပွေကြတော့ပါ'

❑



www.burmeseclassic.com

www.burmeseclassic.com

'မင်္ဂလာပါအန်ကယ်'

'မင်္ဂလာပါ'

'အန်ကယ် ရှည်လည်းမရှည်သေးဘူး၊ ဖြူလည်းမဖြူသေးဘူး။ ဇကာ္တဟော့ ကေ္တပ်နော်'

'ဖြူသလား မဖြူသလား လှန်ကြည့်လေ၊ ငါလှန်ပြရမလား'

'မပြပါနဲ့ အန်ကယ်ရယ် မကြည့်ရဲလို့ပါ'

'ယူတို့တွေ မနာလိုမရှုစိမ့်မဖြစ်ကြနဲ့နော်၊ နောင်ဘဝမှာ ချစ်သူမရှိဘဲ တစ်ယောက်တည်း ယောင်လည်လည်ဖြစ်နေကြမယ်'

'နင်တို့က မနာလိုဖြစ်ရလောက်အောင် ကဲနေကြတာကိုကွ'



'ကိုးရီးယားပုလဲ' ဆံပင်အလှပြင်၊ ဆံညှပ်၊ ဆေးဆိုး၊ မျက်နှာသစ်၊ မျက်နှာပေါင်းတင်၊ အလှပြင်ဆိုင်ကြီးတွင်ဖြစ်သည်။ ဝန်ထမ်းအချင်းချင်းပြက်ရယ်ကလူပြုနေကြသည်။ ဝန်ထမ်း(၁၀)ဦးအနက် မိုးသီတာအောင်သည် ဝန်ထမ်းအချင်းချင်း လူချစ်လူခင်များသူဖြစ်သည်။ သူ့ဖောက်သည်အမျိုးသမီး၊ အမျိုးသားများက သူ၏လက်ရာကိုကြိုက်နှစ်သက်ကြသည်။ စိတ်ရှည်သည်။ သဘောကောင်းသည်။ ဆိုင်ရှင်ကလည်း သူ့ကိုဦးစားပေးသည်။ ချိုပြုံးသောမျက်နှာပေးအလှပိုင်ရှင်၊ မျက်လုံးဝိုင်းခြင်း၊ တင်ဆုံကြီးခြင်း၊ အလှအပအမြဲပြင်ဆင်ခြင်း၊ ယောကျ်ားသားများနှင့် အကျွမ်းတဝင်ပြုတတ်ခြင်းတို့ကြောင့် မိုးသီတာအောင်နှင့် ဆံပင်ညှပ်ဖူးသူ၊ ဆံပင်ဆေးဆိုးဘူးသူ၊ မျက်နှာဆေးဖူးသူ (ညှပ်၊ လျှော်၊ ဆိုး၊ ဆေး၊ လျှော်)တစ်ခွင်လျှင် ၁၀၀၀၀ိ/-ဖြင့် ပြုစုယုယခံဖူးသော ဗိုသတ္တဝါကြီး၊ ငယ်မဟူ ပုထုဇဉ်ကြီးများ အစွဲကြီးစွဲသွားကြသည်။

ဤအထဲတွင် ဦးထွန်းမြင့်အောင်သည် မိုးသီတာအောင်၏လက်စွဲဖောက်သည်ကြီးတစ်ဦးဖြစ်သည်။ တစ်လ(၂)ကြိမ် (ညှပ်၊ လျှော်၊ ဆိုး၊ ဆေး၊ လျှော်)ပြုလာသူဖြစ်သည်။ မိုးသီတာအောင်သာမက အခြားသော ဝန်ထမ်းမိန်းကလေးများ

www.burmeseclassic.com

www.burmeseclassic.com



နှင့်လည်း ခင်မင်နေသူဖြစ်သည်။ မိုးသီတာအောင်နှင့် ပေးစားခြင်း ခံရသူလည်းဖြစ်သည်။ သို့ကြောင့်လည်း နောက်ကြ၊ ပြောင်ကြ၊ ပြောကြ၊ ဆိုကြသော ဘော်ဒါဘော်ကျက်တွေဖြစ်လာကြသည်။

'ဒီအထုပ်က ဘာလဲဦး'

'အဲဒါက, မိုးအတွက် ဟန်ဘာဂါ၊ ဟိုအထုပ်က လက်ဖက်သုပ်ဘူးပါ၊ ဟိုဟာမတွေအတွက်'

'ဟော့…ဟော့ ငါ့ဘဲက ယူတို့အတွက်လက်ဖက်သုပ်၊ ရော့ မျှကြစို့ကြ'

'ကျေးဇူးတင်ပါတယ်၊ အသင်တို့နှစ်ဦးရာသက်ပန် ရိုးမြေကျ၊ ညှပ်နိုင်၊ ဆိုးနိုင်၊ လျှော်နိုင်၊ ကလော်နိုင် ရှိကြပါစေ'

'အေး အလိုက်သိနိုင်ကြပါစေဗျား'

မိုးသီတာအောင်သည် အကြင်နာ၊ အယုယ၊ အတွယ်တာ၊ အခရာများဖြင့် ပထမဆံပင်ညှပ်သည်။ ဒုတိယခေါင်းလျှော်သည်။ တတိယဆံပင်ဆေးဆိုးသည်။ စတုတ္ထခေါင်းပြန်လျှော်သည်။ ပဉ္စမ မျက်နှာဆေးပေးသည်။ အားလုံးပြီးသွားချိန်မှာတော့ ဇက်ကြောနှိပ်ပေးသည်။ ပခုံးကြောများနှိပ်ပေးသည်။ လျှပ်စစ်



အနှိပ်သယ်ဖြင့် နှိပ်ပေးသည်။ နောက်ဆုံးတွင်ကား အာဘွားပေးပြီး အဆုံးသတ်လိုက်သည်။

လကုန်ရက် ဆံပင်ညှပ်၊ ဆိုး၊ လျှော်လုပ်ရန် ရက်စေ့သောကြောင့် ဦးထွန်းမြင့်အောင် 'ကိုးရိုးယားပုလဲ' အလှပြင်ဆိုင်သို့သွားခဲ့သည်။ မိုးသီတာအောင်အလုပ်မဆင်း၊ သူ့ဖခင်ကြီး ကွယ်လွန်သောကြောင့် အလုပ်မဆင်းခြင်းဖြစ်ကြောင်း သိရသည်။ ဦးထွန်းမြင့်အောင်သည် ဆံပင်ညှပ်၊ ဆိုး၊ ဘာမှမလုပ်တော့ဘဲ အန်ကယ်သူတို့အိမ် လိုက်သွားပြီး အကူအညီလေး ဘာလေးလုပ်ပေးလိုက်ဦးမယ်ဆိုပြီး (ဒလမြို့)သို့ လိုက်သွားခဲ့လေသည်။

အသုဘချရန်ပြင်ဆင်နေချိန်တွင် ဦးထွန်းမြင့်အောင် ရောက်ရှိသွားသည်။ မျက်ရည်စက်လက်ဖြင့် ငိုကြွေးနေသော မိုးသီတာအောင် အားရစွာဖြင့်ကြိုဆိုသည်။ နေရာထိုင်ခင်းပေးသည်။ ခံ့ညားထယ်ဝါသော လူကြီးလူကောင်းတစ်ဦး လာရောက်ခြင်းကို အာရုံ စူးစိုက်နေကြသည်။

'ဦး ဒါက မိုးအမေပါ'

'ဒါက ညီမလေး၊ ဒါကမောင်လေးပါ'

www.burmeseclassic.com

www.burmeseclassic.com



'မိုး လိုတာသုံးဖို့ ငွေ(၂)သိန်း'

တစ်မိသားစုလုံးဝမ်းသာလွန်းပြီး မျက်ရည်များပင်ကျခဲ့ကြသည်။ မိုးသီတာအောင်မှာ ငိုရလွန်းလို့ မျက်ဝန်းများညိုပြီး မို့မောက်နေသည်။

အသုဘချရန်အချိန်ကျရောက်ပြီဖြစ်သောကြောင့် ကားများလည်းရောက်နေပြီ၊ အသုဘရှုလိုက်ပို့မည့် သူများလည်း တစ်စတစ်စများလာပြီဖြစ်သည်။ ကြေးစည်များတီးခတ်နေချိန်မှာတော့ အသုဘတင်ဆောင်မည့် မော်တော်ယာဉ်ရောက်ရှိလာသည်။ ဦးထွန်းမြင့်အောင်မှ သူ၏ပရာဒိုကားဖြင့် မိုးသီတာအမေနှင့် မိသားစုလိုက်ရန် ခေါ်သည်။ အသုဘယာဉ်နောက်မှ မိုးသီတာတို့မိသားစုပါသည့်ကား၊ နောက်မှ လိုက်ပို့သူတို့၏ကားများ အစီအရီလိုက်ပို့လျက် သေသူ၏နောက်ဆုံး ဘဝရပ်ခန္ဓာပြာဖြစ်ရလေတော့သည်။

ဦးထွန်းမြင့်အောင်သည် သူ၏ပရာဒိုကားဖြင့် မိုးသီတာတို့ မိသားစုအား အိမ်တိုင်ရာရောက်ပြန်ပို့ပေးသည်။

'ကျေးဇူးတင်ပါတယ်ဆရာကြီးရယ်'

'ရပါတယ် လူမှုရေးဆိုတာရှိပါတယ် (မသာတစ်ခေါက် ကျောင်းဆယ်ခေါက်)ဆိုတာ ရှိပါတယ်။ ရှုတတ်ရင် သတိဖြစ်ပါတယ်'



'ဦး…ရက်လည်လာဦးမလား'

'မလာတော့ဘူး မိုး၊ အဲဒီနေ့ နေပြည်တော်ကို သွားဖို့ရှိတယ်၊ လိုတာရှိရင်ဖုန်းဆက်လိုက်နော်'

'ဟုတ်ကဲ့ဦး'

'သွားလိုက်ပါဦးမယ်'

အိမ်နီးချင်းများမှာ တစ်ကြိမ်တစ်ခါမှမလာဖူး၊ မမြင်ဖူးသော လူကြီးလူကောင်းတစ်ဦး၏စေတနာ၊ သဒ္ဓါပွားနေမှုကို စိတ်ဝင်စားစွာကြည့်နေကြသည်။ အကဲခတ်နေကြလေသည်။

( ၂ )

(သေသောသူကြာလျှင်မေ့၊ ပျောက်သောသူရှာလျှင်တွေ့) ဆိုရိုးစကားအတိုင်း၊ ဖခင်ကြီးကွယ်လွန်ခဲ့ပြီး သည်မှာ သုံးလကျော်ပင်ရှိပေပြီ။ မိခင်ကြီးနှင့် ညီမလေး၊ မောင်လေး အရွယ်မရောက်သေးသူ၏တာဝန်ကား မိုးသီတာအောင်၏ တာဝန်ဖြစ်လာသည်။ စား၊ ဝတ်၊ နေရေး၊ ပညာရေးတို့ကို ဦးဆောင်ဦးရွက်ပြုနေရလေသည်။

ပုံမှန်လစဉ် ညှပ်၊ ဆိုး၊ လျှောက်ပြုလုပ်သောနေ့တွင် ဖြစ်သည်။ လလယ်ရက်ဖြစ်သောကြောင့် ဆိုင်တွင် လူရှင်းသော

www.burmeseclassic.com

www.burmeseclassic.com



နေ့ဖြစ်သည်။ အာလာပ သလ္လာပ စကားပြောချိန်ရသော နေ့လည်းဖြစ်သည်။ အချိန်ပိုပေးပြီး ပြုစုနိုင်လေသည်။

'မိုးဖခင် ဝင်ငွေမရှိတော့ မိုးတို့အဆင်ပြေရဲ့လား'

'ချွေချွေတာတာနဲ့ ချင့်ချိန်ပြီး သုံးရတာပေါ့ဦးရယ်'

'လာမယ့်တနင်္ဂနွေနေ့မှာ မိုးနဲ့အေးအေးဆေးဆေး စကားပြောချင်တယ်။ မိုးတို့အတွက် တစ်ခုခုစီစဉ်ပေးရင်ကောင်းမလား စဉ်းစားထားတယ်'

'ကောင်းတာပေါ့ ဦးရယ်၊ မိုးတို့မှာ အားငယ်နေရတဲ့အချိန်မှာ ဦးကကူညီရင် အဆင်ပြေတာပေါ့၊ မိုးလာခဲ့ပါ့မယ်၊ ဘယ်မှာစောင့်ရမလဲ'

'သီတာသဘော်ာဆိပ်မှာ ဦးစောင့်နေမယ်'

'ဟုတ်ကဲ့ ဦး လာခဲ့ပါမယ်'

သန်လျင်မြို့ရှိ အေးချမ်းသာယာသောမြို့စွန်မှ ဟိုတယ်ကြီးတစ်ခုတွင်ဖြစ်သည်။ လတ်ဆတ်သော သား၊ ငါး၊ ပုစွန်၊ ဟင်းသီးဟင်းရွက် အစားအသောက်ကောင်းကြောင်း နာမည်ကြီးသည့်ဟိုတယ်ဖြစ်သည်။

'ဘာသုံးဆောင်မလဲအန်ကယ်၊ ရေခဲသေတ္တာထဲမှာတော့ ဘီယာ၊ အချိုရည်၊ လီပို၊ ရေသန့်တို့ရှိပါတယ်'



'လောလောဆယ် ဘလက်လေဘယ်တစ်လုံးပေးကွာ'

'ဟုတ်ကဲ့ အန်ကယ်'

'မိုး ဘာစားမလဲ စားချင်တာမှာလေ'

'မိုးက ဟိုတယ်အစားအစာတွေ မမှာတတ်ပါဘူး၊ ဦးစားတဲ့ဟာကိုပဲစားပါမယ် ဦး'

'အန်ကယ် ရပါပြီ'

'အေး - ဟုတ်ပြီ၊ ဆိတ်မွှကြော်၊ ကြက်ကုန်းဘောင်၊ ပုစွန်ချိုချဉ်၊ ယိုးဒယားဟင်းချို၊ ထမင်းဖြူပေါ့ကွာ'

ဦးထွန်းမြင့်အောင်က ဘလက်လေဘယ်နှင့် စိမ်ယူနေသည်။ မိုးသီတာအောင် မသောက်ပါရစေနဲ့ဆိုသော်လည်း မြန်မာဘီယာသောက်ရလေသည်။ အားနာတော့ ဝါးပါးဆိုသကဲ့သို့ ကျေးဇူးရှင်ကျေနပ်အောင် ဖြစ်သည်။

ဘလက်လေဘယ်၏ အယ်လာကိုဟောအရှိန်ဖြင့်တက်လာပြီဖြစ်သည်။ ဦးထွန်းမြင့်အောင်သည် သူ၏စေတနာ ရေစီးကမ်းပြိုအစီအစဉ်များကို မိုးသီတာအောင်သို့ မေတ္တာသ[illegible]ထားများကို ချပြတော့မည်ဖြစ်သည်။ စေတနာနှင့် ဝေဒနာ[illegible]ကို ဖွင့်ချတော့မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဦး မိုးနဲ့ အေးအေးဆေးဆေးစကားပြောချင်တယ်။ မိုးတို့အတွက် တစ်ခုခုစီစဉ်ပေးရင်ကောင်းမလား စဉ်းစားတယ်ဆိုတာ ဘာလဲဦး'

'ဟုတ်ပြီ မိုးဒီအလှပြင်လုပ်ငန်းကို အားလုံးနိုင်နိုင်နင်းနင်းလုပ်တတ်သူဖြစ်လို့ ကိုယ်ပိုင်လုပ်လိုသလားဆိုတဲ့အချက်'

'အရင်းအနှီးရှိရင်လုပ်ချင်တာပေါ့ဦးရယ်'

'ဟုတ်ပြီ ဒါဆိုရင် ဦးစီစဉ်ပေးမဲ့အချက်ကို စဉ်းစားပါ၊ ဆုံးဖြတ်ပါ'

'နံပါတ်(၁) လမ်းဆုံလမ်းခွမှာရှိတဲ့ မိုးတို့အိမ်ကို ရှေ့ပိုင်းကဆိုင်၊ နောက်ဘက်ကလူနေဖြစ်အောင် ပြင်ဆင်မယ်'

'နံပါတ်(၂)က (မိုးစန္ဒာ မိတ်ကပ်ဆံပင်အလှပြင်ဆိုင်) ဖွင့်မယ်'

'အိမ်ပြင်တာရယ်၊ ဆိုင်လုပ်တာရယ် (၁၀)သိန်း၊ အလှပြင်ဆိုင်ပစ္စည်းတွေဝယ်ဖို့ (၁၀)သိန်းမှန်းထားတယ်၊ လိုရင်ထပ်ဖြည့်မယ်'

'ဦး ဒီလောက်ငွေတွေအများကြီးပေးတာကို ဦးမိန်းမသိသွားရင် ဘယ်လိုလုပ်မလဲ'



'ဒါ မင်းကိစ္စမဟုတ်ပါဘူး၊ ငါ့ကိစ္စပါ၊ မသိအောင်တော့ လုပ်ရမှာပေါ့ အချစ်ရယ်'

ဘလက်လေဘယ်အရှိန်မြင့်တက်လာခြင်းနှင့်အတူ ဦးတွန်းမြင့်အောင်သည် တဖြည်းဖြည်း လက်ရဲ ဖက်ရဲဖြစ်လာနေသည်။ မိုးသီတာကို သားသားပြော၊ မယားပြောတွေ ဖြစ်လာနေသည်။ မိုးသီတာမှာလည်း ဝမ်းသာလုံးဆို့ပြီး နှစ်ဘီယာ၊ သုံးဘီယာတွေ ဖြစ်လာနေသည်။

'ဦး အဲဒီစီမံကိန်းကို ဘယ်တော့စမှာလဲ'

'အခုအချိန်ကစပြီး စတင်ပါပြီခင်ဗျား၊ ရော့ အိမ်ပြင်ဆိုင်လုပ်ဖို့အတွက် ငွေ(၁၀)သိန်း'

'ဦး မိုးဘက်က ဘာတွေလိုက်နာရမလဲ၊ စည်းကမ်းတွေပြောပါအုံး'

'မင်းနဲ့ငါနဲ့က ချစ်ကြတယ်၊ ခင်ကြတယ်၊ ကြင်နာကြတယ်၊ ဒါပေမဲ့ တို့အချစ်က(စောရအချစ်) အချစ်သူခိုးပေါ့ကွာ၊ တဝမ်းကွဲလင်မယားလို့ ဘယ်သူမှမသိစေ၊ ငါကလည်း မင်းနဲ့ငါနဲ့ ပတ်သက်မှုကို ဘယ်သူမှမသိစေရဘူး'

www.burmeseclassic.com

www.burmeseclassic.com



'နားလည်ပါတယ် လိုက်နာပါမယ်ဦးဦး'

ဦးထွန်းမြင့်အောင်နှင့် မိုးသီတာအောင်တို့၏ ဘဝတစ်ခု အလှပြု ဆွေးနွေးပွဲကြီးမှာ ကန့်ကွက်သူမရှိဘဲ အောင်မြင်စွာ ပြီးဆုံးခဲ့လေပြီ။ သဒ္ဒါလွန်တော့တဏှာကျွန်၊ အချစ်ဇာတ်လမ်းကို စတင်လိုက်ကြပြီဖြစ်လေသည်။

( ၃ )

မိုးသီတာအောင်သည် အိမ်ပြင်သောလုပ်ငန်း၊ ဆိုင်ဖွင့်ရန် ဆိုင်၏ ပြင်ဆင်ထားမှု လုပ်ငန်းများပြီးစီးခဲ့လေပြီ။ မိမိ၏ လုပ်ဆောင်ချက်များကိုပြသရန်နှင့် လိုအပ်သည်များကို ကြားပေးနိုင်ရန်အတွက် ဦးထွန်းမြင့်အောင်အား ဖိတ်ခေါ်ပြသရန် စီစဉ်သည်။

'ဦး ဆိုင်ဖွင့်ဖို့ ပြင်ဆင်ထားတာကို လာကြည့်ပါဦး'

'အေး ငါ့နည်းငါ့ဟန်နဲ့ လာကြည့်မယ်။ အများမသိအောင် ဆားပုလင်းနှင်းမောင်ပုံစံမျိုးနဲ့ လာကြည့်ပေးမယ် မိုး'

'မိုး တွေ့ရင် မြင်ရင် နှုတ်မဆက်နဲ့'

'နှုတ်မဆက်ရရင်ငိုချင်တယ်ဦး'



'နားလည်ပေးပါ အချစ်လေးရယ်'

ဦးထွန်းမြင့်အောင်သည် ယောင်လည်လည်ပုံစံဖြင့် မိုး၏ ဆိုင်ခန်းပြင်ဆင်ထားမှုများကို ကြည့်ရှုသည်။ လိုအပ်သည်များကိုမှာကြားသည်။ လိုအပ်ချက်များကို ထပ်ဆင့်ဖြည့်ဆည်းပေးသည်။

ဦးထွန်းမြင့်အောင်နှင့် မိုးသီတာတို့သည် ဆိုင်အတွက် ဆံပင်ညှပ်ခုံများ၊ မှန်တင်ခုံများ၊ ဆံပေါင်းပေါင်းအိုးများ၊ အသုံးအဆောင်ပစ္စည်းများ ဝယ်ယူစုဆောင်းကြသည်။ အလှကုန်ပစ္စည်းများ လိုလေသေးမရှိ ဝယ်ယူကြသည်။

မိုးသီတာသည် သူမ၏အလုပ်ရှင်၊ ဆိုင်ရှင်ထံသို့ ကိုယ်ပိုင်ဆိုင်ဖွင့်မှာမို့လို့ နှုတ်ထွက်ခွင့်ပြုရန် တောင်းပန်သည်။ ဆိုင်ရှင်ကလည်း ဝမ်းမြောက်ဝမ်းသာခွင့်ပြုလေသည်။

ဆိုင်ဖွင့်ဆိုင်းဘုတ်တင်သောနေ့တွင် ဖြစ်သည်။ လုပ်ဖော်ကိုင်ဖက်၊ ဘဝကူအလုပ်သမားအားလုံးကလည်း လာရောက်ကူညီကြသည်။ အားပေးကြသည်။ ဆိုင်ဖွင့်သောနေ့အထိမ်းအမှတ်အဖြစ် (မိုးစန္ဒာမိတ်ကပ်ဆံပင် အလှပြင်)ခြင်းကို အလှပြင်ဆင်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေတ်နာရေယ်၊ ပညာရယ်ပေါင်းစပ်ပြီး အလှပြင်လုပ်ငန်းများကို လုပ်ကိုင်ပေးသောကြောင့် ဒလမြို့တစ်ခွင် ပြုပြင်အောင် နာမည်ကြီးသော အလှပြင်ဆိုင်ဖြစ်လာသည်။ ညီမလေး (စိုးမိုးနန္ဒာ)အား မိတ်ကပ်၊ ဆံပင်၊ အလှပြင် အတတ်ပညာကို လက်တွေ့ပြသ၊ သင်ကြားလာခဲ့သည်။ ဆိုင်လုပ်ငန်းကို မျက်နှာလွှဲရသည်အထိ ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်နေပြီ ဖြစ်လေသည်။ ထို့ကြောင့်လည်း ဦးထွန်းမြင့်အောင်နှင့် မိုးသီတာအောင်တို့သည် မကြာခဏ အပန်းဖြေအပျော်ခရီးထွက်နိုင်ကြခြင်း ဖြစ်လေသည်။

ဦးထွန်းမြင့်အောင်နှင့် မိုးသီတာတို့၏ (စောရအချစ်) (တစ်ဝမ်းကွဲလင်မယား)ဘဝတ်လမ်းခင်းလာခဲ့ကြသည်မှာ (၃)နှစ်၊ (၃)မိုးပင်ရှိခဲ့ပြီဖြစ်လေသည်။ မိုးသီတာမှာလည်း ရွှေတွဲလောင်း၊ ငွေတွဲလောင်းဖြစ်လာခဲ့ချေပြီ။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းတို့နှင့် ပြည့်စုံလာသောကြောင့် ရုပါရုံမှာလည်း မင်းကတော်၊ စိုးကတော်ရုပ်ဖြစ်နေလေသည်။

ပူအိုက်လှသောနွေရာသီကာလ၊ ဧပြီလ၏ သင်္ကြန် ကာလ၊ သင်္ကြန်ရက်များတွင်ဖြစ်သည်။ ဦးထွန်းမြင့်အောင် သည်တစ်လံခန့် ကြိုတင်ပြီး ငွေဆောင်ကမ်းခြေတွင် မိုးသီတာ နှင့် အနားယူအပန်းဖြေရန် စီစဉ်ထားသည်။ စီစဉ်ထားသည့်



အတိုင်း သင်္ကြန်ရက်အားလုံးတွင် အနားယူအပန်းဖြေသည်။ အနောက်တိုင်းသားများလား ထင်ရလောက်အောင် ဦးထွန်းမြင့်အောင် နှင့် မိုးသီတာတို့ဝတ်စားဆင်ယင်ပြီး သွားလာ နေထိုင်ကြသည်။ ရေချိုးကြသည်။ ရေစိမ်ကြသည်။ စိမ်ခံကြသည်။

ဤမြင်ကွင်းကို မြင်နေရသူကား တစ်ချိန်က မိုးသီတာ အောင်၏ဖောက်သည်တစ်ဦးဖြစ်သော (ကျားကြီးမြင့်ဆွေ) ဖြစ် သည်။ ဟိုတယ်တစ်ခုတည်းတွင် တည်းခိုသူဖြစ်သည်။ ဟိုတယ် တွင် တပ်ဆင်ထားသော (စီစီတီဗွီ)နေရာတွင် သူ၏ (စီစီတီဗွီ) တပ်ဆင်ရယူခြင်း၊ ဦးထွန်းမြင့်အောင်နှင့် မိုးသီတာတို့၏ လှုပ်ရှားမှု ဓာတ်ပုံ၊ ဗွီဒီယို၊ စီစီတီဗွီများကို ရယူသည်။

(ကျားကြီး)သည် ရန်ကုန်သို့ပြန်ရောက်ခဲ့ကြပြီးနောက် မိုးသီတာအောင်ကိုမတွေ့ တွေ့အောင်ဖန်တီးသည်။ တွေ့ဆုံချိန်တွင် ကား သူနှင့်လည်း ငွေဆောင်ကမ်းခြေသို့ အပန်းဖြေခရီးထွက်ရန် တောင်းဆိုသည်။ မိုးသီတာက ငြင်းဆန်သည်။ ငြင်းဆန်သော အခါ ဦးထွန်းမြင့်အောင်နှင့် မိုးသီတာအောင်တို့၏ ငွေဆောင် ကမ်းခြေမှာ အပန်းဖြေကဲကြသည့်ပုံရိပ်များကို (အင်တာ[illegible] တင်မည်) ဦးထွန်းမြင့်အောင်၏ဇနီး၊ သားသမီးတို့ထံသို့ပေးပစ် လိုက်မည်ဟုအကြပ်ကိုင်တောင်းဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးသီတာအောင်သည် (ကျားကြီးမြင့်ဆွေ)၏ အချစ်ဓားပြတိုက်နေမှုကို စဉ်းစားရကြပ်နေသည်။ လိုက်လျောလျှင်လည်း ဦးထွန်းမြင့်အောင်ကျေးဇူးရှင်ကြီးအပေါ် သစ္စာဖောက်ရာရောက်မည်။ မလိုက်လျောလျှင်လည်း ဦးထွန်းမြင့်အောင်၏ ဂုဏ်သိက္ခာနှင့် အိမ်ထောင်ရေးပြဿနာဖြစ်ပွားမှာကို စိုးရိမ်ရသည်။

'ကဲ ဒီလိုလုပ်ပါ ကိုမြင့်ဆွေ၊ ကျွန်မ ငွေဆောင်တို့၊ ချောင်းသာတို့ မလိုက်နိုင်ဘူး။ ရှင်လိုချင်တာ တကျာရာက ကိစ္စမဟုတ်လား၊ ဒီတော့ ရန်ကုန်မှာရှိတဲ့ဟိုတယ် တစ်ခုခုမှာတွေ့ပါ၊ ကျွန်မ ဒီလောက်ပဲ လိုက်လျောနိုင်မယ်'

'ရပါတယ် ကိုက မိုးနဲ့ပျော်ချင်တယ်၊ မိုးရဲ့ ရူပါရုံ၊ သဒ္ဒါရုံ၊ ဖောဋ္ဌဗ္ဗာရုံကို ရယူခံစားချင်တာပါ'

(မချစ်သော်လည်း အောင့်ကာနမ်း၊ မနမ်းသော်လည်း ပင့်သက်ရှူ)ဆိုသကဲ့သို့ မိုးသီတာအောင်သည် မိမိတို့အခက်အခဲများကို ကျော်လွှားနိုင်ရန်အလို့ငှာ ကျားကြီးမြင့်ဆွေ၏အလိုသို့ လိုက်လျောခဲ့ရလေသည်။



( ၄ )

ရန်ကုန်ဘက်ကမ်းသို့ ပစ္စည်းဝယ်ရန်တက်လာသောနေ့တစ်နေ့တွင်ဖြစ်သည်။ ကျားကြီးမြင့်ဆွေသည် မိုးသီတာအောင်ကို တမင်စောင့်နေသည်။ မိုးသီတာနှင့် စကားပြောလိုကြောင်း ...ာင်းဆိုသည်။ ပန်းဆိုးတန်းရှိလက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင်...က်သည်။

'ရှင် ကျွန်မကို ဘာနောက်ယှက်ဦးမလဲ'

'မိုးသီတာက သူဌေးရဲ့အသည်းကျော်မလေးဆိုတော့ ကျွန်တော် ငွေလိုချင်တယ်'

'ကျွန်မ သူ့မယားမဟုတ်ဘူးရှင်'

'အဲဒါ အတွက်ပေါ့ မယ...မဟုတ်ဘဲနဲ့ မယားလုပ်နေတာကို၊ မိုးမပေးရင် သူ့အဘွားကြီးဆီမှာ တောင်းရမှာပေါ့'

'ရှင်ဟာ လူကိုယူတယ် ပြီးတော့ ငွေကိုပါလိုချင်သေးတယ်။ ကျွန်မကို ထဘီချွတ်ပြီးလွှတ်ချင်တဲ့ လူယုတ်မာပဲ ရှင်လုပ်ချင်တာလုပ်၊ ကျွန်မဂရုမစိုက်ဘူး

www.burmeseclassic.com



စိတ်ဒေါသကိုမထိန်းနိုင်တော့သောကြောင့် မိုးသီတာအောင်သည် ကျားကြီးမြင့်ဆွေကိုစိန်ခေါ်ပြီး လက်ဖက်ရည်ဆိုင်မှ ထွက်သွားလေသည်။

ကျားကြီးမြင့်ဆွေကလည်း သူ၏ငွေညှစ်လိုမှုကို အရှိန်မြင့်ပြီး လုပ်ဆောင်ရန် အကြံထုတ်သည်။ စီစဉ်လိုက်သည်။

"ခြံအမှတ်(၃၄)၊ (စံရိပ်ငြိမ်စိန်ရိပ်သာခြံ)၊ အစ်မကြီးခင်ဗျား- ဒီစာနှင့်အတူ ဒီဗွီဒီ၊ စီစီတီဗွီ၊ အခွေနဲ့ ဓာတ်ပုံတွေပါရှိပါတယ်။ အစ်မကြီးရဲ့ခင်ပွန်း ဦးထွန်းမြင့်အောင်၏မယားငယ်နဲ့ ပျော်မြူးတဲ့ပုံရိပ်တွေ ဖြစ်ပါတယ်။ ကျွန်တော် အင်တာနက်တင်ပြီး၊ ဂျာနယ်တွေနဲ့ဖွဲ့ဖို့ စီစဉ်နေပါတယ်။ ဒါပေမဲ့ ငွေသိန်း(၅၀) အစ်မကြီးပေးမယ်ဆိုရင် ကျွန်တော်မလုပ်ပါဘူး။ မပေးရင်တော့ လုပ်စရာရှိတာလုပ်ရပါလိမ့်မယ်၊ ဖုန်းနဲ့ အကြောင်းပြန်ပါ"

(ကျားကြီးမြင့်ဆွေ)

ဒေါ်စိမ်းမြမြစိမ်းသည် ခွေတွေကိုဖွင့်ကြည့်သည်။ ဓာတ်ပုံများကိုကြည့်သည်။ ကြည့်ရင်းကြည့်ရင်း ဒေါသအမျက်ချောင်းချောင်းထွက်လာသည်။ ချွေးတွေပျံလာသည်။ သွေးတွေ



တက်လာသည်။ သားနှင့်သမီး(၂)ယောက်တို့က ဆရာဝန်ခေါ်ပြီး ပြသကုသခဲ့ရသည်။ ဆရာဝန်က စိတ်ဒေါသ၊ စိတ်မောဟ၊ စိတ်သောကတွေ လျှော့ပါဟုမှာကြားခဲ့ရလေသည်။

သားသမီးများက ဘာလုပ်ရင်ကောင်းမလဲ၊ ဦးထွန်းမြင့်အောင်ကို ဘာပြောရင်ကောင်းမလဲ၊ ဒူးတိုက်ဆွေးနွေးကြသည်။ ([illegible]ကျောင်းသားဥပဒေအကျိုးဆောင်ဂရု)မှ ဥပဒေပညာရှင်များနှင့် [illegible] တင်ပြညှိနှိုင်းသည်။

"ဒေါ်စိမ်းမြမြစိမ်း - စိတ်လိုက်မာန်ပါမလုပ်ပါနဲ့၊ မယားငယ် ဟုတ်ချင်မှလည်း ဟုတ်မှာပါ။ ယောကျ်ားသားတွေအဖို့ ဖိုမကိစ္စလိုလားတောင့်တမယ်ဆိုရင် ဒီခေတ်ကြီးမှာ မယားငယ်ယူဖို့ မလိုတော့ဘူး။ ဘယ်သူမှလည်း ပုတ်နဲ့ ခြင်းနဲ့ လှောင်စားတဲ့သူ [illegible]ပါဘူး။ အခြေအနေကို စောင့်ကြည့်ပါ။ ဦးထွန်းမြင့်အောင်ကို [illegible] မေးပါ။ ပြောပါ။ ပြီးတော့ ကျွန်တော်တို့အဖွဲ့ကို ဆက်သွယ်ပါ"

ဒေါ်စိမ်းမြမြစိမ်းသည် ဥပဒေပညာရှင်များ၏ [illegible]ပြုချက်အတိုင်း ဦးထွန်းမြင့်အောင်အား မေးမြန်း[illegible] ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com



'ဒါလင် သူက ဒါလင်ရဲ့မယားငယ်လား၊ တိတ်တိတ်ပုန်းလား (လစ်ဗင်းတူဂဲသားလား)'

ဒေါ်စိမ်းမြမြစိမ်းသည် ဓာတ်ပုံများကိုပြကာ ပြကာဖြင့် ခင်ပွန်းဖြစ်သူကိုမေးသည်။ ခွေတွေကိုပါ ဖွင့်ပြပေးသည်။

'ဒီကောင်မလေးက ဖာသည်မပါကွာ၊ ဒီပုံရိပ်တွေ ခွေတွေကိုရိုက်ယူတဲ့သူဟာ တို့ဆီကငွေညှစ်ဖို့ လုပ်တာကွ၊ အကြံပက်စက်တဲ့လူယုတ်မာ တစ်ယောက်ရဲ့ လက်ချက်ပဲ'

'ဟုတ်ပါတယ် ဒါလင်၊ စိမ်းဆီကို သိန်း(၅၀)တောင်းတယ်။ မပေးရင် အင်တာနက်တင်မယ်၊ ဂျာနယ်တွေနဲ့ ဖွမယ်ဆိုပြီး ခြိမ်းခြောက်ထားတယ်'

'ဒီမှာစိမ်း သိန်း(၅၀)မပြောနဲ့ (ငါးပြား)လည်းမပေးဘူး။ ဒါမျိုးကို ဒါလင်လက်မခံဘူး။ အင်တာနက်မကလို့ တစ်ကမ္ဘာလုံးကြော်ငြာ ဂရုမစိုက်ဖူးကွ၊ ထွန်းမြင့်အောင် အကြောင်းသိမယ်'

ဒေါသအမျက် ချောင်းချောင်းထွက်လာသော ဦးထွန်းမြင့်အောင်သည် ငွေညှစ်သူကျားကြီးမြင့်ဆွေဆိုသူအား စိန်ခေါ်လိုက်လေသည်။



'စိတ်လျှော့ပါ ဒါလင် စိတ်လျှော့ပါ၊ စိမ်း ဆန္ဒသဘောထားပြောရရင်တော့ မိုးသီတာအောင်ဆိုတဲ့ ကောင်မလေးနဲ့ တွေ့ချင်တယ်၊ တွေ့ပေးစေချင်တယ်၊ မယားငယ်လား၊ တိတ်တိတ်ပုန်းလား၊ ဖာလားဆိုတာ သိချင်တယ်၊ မိသားစုစိတ်ရှင်းသွားအောင်ပေါ့ ဒါလင်ရယ်'

'ဒါလင် စီစဉ်ပေးပါ့မယ်'

ဦးထွန်းမြင့်အောင်သည် ဇနီးနှင့် သားသမီးတွေစိတ်ရှင်းသွားအောင်၊ စိတ်ချမ်းသာအောင် ပြောပေးဖို့အတွက် မိုးသီတာအောင်ကို ပြောရ၊ ဆိုရ၊ စည်းရုံးသိမ်းသွင်းရပေမည်။

( ၅ )

'မိုး အရေးကြီးကိစ္စပြောစရာရှိတယ်၊ ရန်ကုန်ဘက်ကို လာခဲ့ပါ။ နန်းသီတာစားသောက်ဆိုင် မြေညီထပ်မှာ စောင့်နေမယ်'

မိုးသီတာအောင်သည် အရေးကြီးကိစ္စတိုင်ပင်ဖို့ ပြောဆိုရန် ရှိသည်ဆိုသောကြောင့် စိတ်ကသိကအောက်ဖြင့် ရန်ကုန်ဘက်သို့ကူးလာသည်။ နန်းသီတာစားသောက်ဆိုင်ကြီး မြေညီထပ်သို့သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဦး ဘာတွေများအရေးကြီးလို့လဲ ဦး'

'တို့ ငွေဆောင်မှာ သွားလာနေထိုင်ပျော်မြူးခဲ့တာတွေကို ကျားကြီးမြင့်ခွေဆိုသူက ဓာတ်ပုံ၊ ဗီဒီယိုပုံတွေခိုးပြီး ရိုက်ယူခဲ့တယ်။ ပြီးတော့ အဘွားကြီးဆီကို သိန်း(၅၀) ပေးဖို့တောင်းတယ်။ မပေးရင် အင်တာနက်တင်မယ်၊ ဂျာနယ်တွေနဲ့ ဖွမယ်ဆိုပြီး ငွေညှစ်တယ်'

'ဓာတ်ပုံတွေ၊ ဗွီဒီယိုတွေမှာ အနောက်တိုင်းပုံတွေလို ဟာမျိုးတွေပါနေသလားဦး'

'အကုန် အစုံပါတယ်ကွာ'

'အဘွားကြီးနဲ့ သားသမီးတွေက မိုးနဲ့ဘယ်လိုပတ်သက်သလဲ (မယားငယ်လား) (တိတ်တိတ်ပုန်းလား) (အပျော်လား)မေးကြတာပေါ့ကွာ'

'ဦး ဘယ်လိုပြောလိုက်သလဲ'

'မိန်းမရှင်မလေးပါလို့ ပြောလိုက်တယ်'

'မိုး ဘာလုပ်ပေးရမလဲဦး'

'အဘွားကြီးနဲ့တွေ့ပေးမယ်၊ တွေ့တဲ့အချိန်မှာ ကျွန်မ မိန်းမရှင်ပါ၊ ကြေးစားအပျော်လိုက်သွားတာပါလို့ ပြောပေးပါမိုး'



'ဦးစိတ်ချမ်းသာအောင်လည်းပြောပါမယ်၊ ဦးတို့ မိသားစု စိတ်ချမ်းသာအောင်လည်း ပြောပါမယ်၊ ဘာမဆို မိုးလုပ်ပေးပါမယ်ဦး'

'ဝမ်းသာပါတယ်မိုး၊ မနက်ဖန်ဒီနေရာမှာပဲ၊ မနက်(၁၀) နာရီလာခဲ့ပါ။ ဒီမှာ အဘွားကြီးနဲ့သားသမီးတွေရဲ့ ဓာတ်ပုံ'

ဦးထွန်းမြင့်အောင်သည် လိမ္မာရေးခြားရှိသူ၊ ကျေးဇူး တရားသိတတ်သူ၊ မိုးသီတာအောင်အပေါ် ဝမ်းသာကျေနပ်နေ သည်။ ဇနီးဖြစ်သူဒေါ်စိမ်းမြမြစိမ်းနှင့် သားသမီးတို့ကျေနပ်အောင် ပြုမူပြောဆိုပေးလိမ့်မည်ဟုလည်း ယုံကြည်နေမိသည်။

ချိန်းဆိုထားသည့်အတိုင်း မိုးသီတာအောင်သည် နံနက် (၁၀)နာရီတွင် နန်းသီတာစားသောက်ဆိုင်ကြီးသို့ ရောက်ရှိလာ ခဲ့သည်။ အစိမ်းနုရောင်ဝမ်းဆက်ကို သေသေသပ်သပ်ဝတ်စား လာသည်။ မျက်လုံးအစုံဖြင့် ကြည့်နေကြသော ဒေါ်စိမ်းမြမြစိမ်း နှင့် သားသမီးတို့က ခပ်လှမ်းလှမ်းမှနေပြီး သူများလားဟု ထင်ယောင် ထင်မှားကြည့်နေကြသည်။

'အစ်မကြီး ဒေါ်စိမ်းမြမြစိမ်းပါလားရှင်'

'ဟုတ်ပါတယ်ကွယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ မိုးသီတာအောင်ပါ၊ သံသယကို ဖြေရှင်းဖို့ ဦးထွန်းမြင့်အောင်က သွားတွေ့ပေးပါဆိုလို့ ညီမ လာခဲ့တာပါ'

'ဝမ်းသာပါတယ်ကွယ်၊ ဒါက သမီးကြီး၊ ဒါက သားလတ်ပါ'

'ဟုတ်ကဲ့ရှင့်၊ ကျွန်မ ဘာလုပ်ပေးရမလဲ၊ ဘာပြောပေးရမလဲရှင့်'

မိန်းမရွှင်မလေးဟု ထင်ရလောက်အောင်၊ ယူဆရလောက်အောင် ပုံစံလည်းမဟုတ်၊ ရုပ်ရည်လည်း မဟုတ်သော မိုးသီတာအောင်ကို မေးခွန်းများထုတ်ရမှာကိုပင် အားတောင့်အားနာဖြစ်နေကြရလေသည်။ သို့ရာတွင် (မပြောမပြီး - မတီးမမြည်)ဆိုသကဲ့သို့ ပြောစရာရှိတာပြောရပေမည်။ မေးစရာရှိတာမေးရပေမည်။

'ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့၊ အန်တီမေးတာကို အမှန်အတိုင်းပြောစေချင်ပါတယ်'

'ဟုတ်ကဲ့ရှင် မိုး အမှန်ကိုအမှန်အတိုင်းပြောပါမယ်ရှင့်'

'မိုးနဲ့ ဦးထွန်းမြင့်အောင်တို့ တရားဝင်လက်ထပ်ထားတဲ့ လင်မယားလား(မယားငယ်လား)'



'မဟုတ်ပါဘူးရှင့်'

'ဒါဆိုရင် တစ်ဦးနဲ့တစ်ဦး နားလည်မှုနဲ့ပေါင်းသင်းနေကြတဲ့ တရားမဝင်တိတ်တိတ်ပုန်းလား'

'ဒါလည်းမဟုတ်ပါဘူးရှင့်'

'ညီမက ကြေးစားအပျော်လုပ်စားတဲ့ မိန်းမရွှင်ဆိုရင်ကော'

'ဒါလည်းမဟုတ်ပါရှင့်၊ ညီမမှာ ကိုယ်ပိုင်(မြူတီဆိုင်)ရှိပါတယ်'

'ငွေဆောင်ကမ်းခြေကို ညီမ ဘယ်လိုပုံစံနဲ့ ဦးထွန်းမြင့်အောင်နဲ့ လိုက်သွားခဲ့တာလဲ'

'ကျေးဇူးရှိတာရယ်၊ ခင်မင်ယုံကြည်မှုရယ်တို့ကြောင့် အလိုလိုက်ပြီး လိုက်သွားခဲ့တာပါရှင့်'

'ကျေးဇူးရှိတယ်ဆိုတာ ဘာကိုဆိုလိုတာလဲ'

'ညီမ ဆိုင်စဖွင့်တုန်းက ငွေ(၁၀)သိန်းချေးယူဘူးတဲ့ ကျေးဇူးပါရှင်'

'ပြန်ဆပ်ပြီးပြီလား'၊ 'မဆပ်ရသေးပါဘူးရှင့်၊ ညီမ ဆပ်မှာပါ'

www.burmeseclassic.com

www.burmeseclassic.com



'နောက်ဆုံးတစ်ခုမေးချင်တယ်'

'မေးပါ အစ်မကြီး ထပ်ပြီးလဲမေးနိုင်ပါတယ်'

'ညီမနဲ့ ဦးထွန်းမြင့်အောင်တို့ စီးပွားရေး၊ အိမ်ထောင်ရေး၊ ဘာမှမပတ်သက်ဘူး၊ မသက်ဆိုင်ဘူးဆိုတဲ့ ကျမ်းကျိန်လွှာ တရားရုံးမှာ လုပ်ပေးနိုင်မလား'

'လုပ်ပေးပါမယ် အစ်မကြီး'

'တခြား ဘာမဆိုလည်း ထပ်ပြီးလုပ်ပေးပါမယ်အစ်မကြီး'

'ကျေးဇူးတင်ပါတယ်ညီမ၊ အစ်မကြီးတို့သားအမိအပေါ် ဘယ်လိုမှ မအောက်မေ့ပါနဲ့'

'မအောက်မေ့ပါဘူးရှင့်၊ ဒါဟာ အစ်မကြီးတို့မိသားစုနဲ့ ဦးဦးတို့အတွက် အရေးကြီးတဲ့ကိစ္စဖြစ်လို့ ညီမအပေါ် သံသယရှင်းအောင် ဖြေရှင်းခွင့်ရတာကိုပဲ ညီမ ကျေနပ်လှပါတယ်'

ဒေါ်စိမ်းမြမြစိမ်းနှင့် သမီးကြီး၊ သားလတ်တို့သည် မိမိတို့၏လိုအင်ဆန္ဒပြည့်စုံခြင်း၊ သံသယကင်းရှင်းသွားပြီ ဖြစ်သောကြောင့် စိတ်လက်ပေါ့ပါးသွားခဲ့ရလေသည်။ မိုးသီတာ အပေါ် အားလည်းနာတယ်၊ ခင်လည်းခင်တယ်၊ ကျေးဇူးလည်း တင်တယ် ဖြစ်သွားရလေသည်။



'ကဲ ညီမ အအေးသောက်လိုက်ပါဦး၊ မုန့်တွေလည်း စားပါဦး'

မိုးသီတာအောင်သည် အအေးသောက်ပြီး အမော ဖြေလိုက်သည်။ ကျားကြီးမြင့်ဆွေက သူ့အပေါ် အကြပ်ကိုင် အနိုင်ယူခံခဲ့ရမှုကို ပြောသင့်မပြောသင့်စဉ်းစားလိုက်သည်။ ပြောပြအန်ထုတ်ဖို့ ဆုံးဖြတ်လိုက်သည်။

'အစ်မကြီး ကျားကြီးမြင့်ဆွေဆိုတဲ့သူက သူရိုက် ထားတဲ့ဓာတ်ပုံ၊ ဗွီဒီယိုခွေတွေကို ပြပြီး သူ့နဲ့လည်း ချောင်းသာ၊ ငွေဆောင်ကိုလိုက်ရမယ်၊ မလိုက်ရင် ဦးထွန်း မြင့်အောင်နဲ့ ကျွန်မသိက္ခာကျအောင်၊ အင်တာနက် တင်မယ်ဆိုပြီး အကြပ်ကိုင်ခံရပါတယ်။'

'ညီမ အရှက်နဲ့ ဂုဏ်သိက္ခာကို ကာကွယ်တဲ့အနေနဲ့ ငွေဆောင်၊ ချောင်းသာတော့ မလိုက်နိုင်ဘူး။ သူ့ရဲ့ လိုဘကို ရန်ကုန်ဟိုတယ်တစ်ခုခုမှာတွေ့ပါလို့ ပြောပြီး ညီမအနစ်နာခံပြီး ဖြေရှင်းခဲ့ရပါသေးတယ်။'

'အဲဒီနောက်ပိုင်းမှာ အစ်မကြီးတို့ဆီကို ထပ်ပြီး ငွေညှစ်တဲ့ အကြောင်း၊ ဦးဦးပြောလို့သိရပါတယ် အစ်မကြီး'

www.burmeseclassic.com

www.burmeseclassic.com



မိုးသီတာအောင်သည် သူမအား ကျားကြီးမြင့်ဆွေက တဏှာစေးပြတိုက်ခံရမှုကိုပါ ပွင့်ပွင့်လင်းလင်း ပြောပြလိုက်လေသည်။

'ဓမ္မပဒ' တရားတော်အရဆိုရင် - - -

အမှုတစ်ခုခုကိုပြုလုပ်သည့်အတွက် နောင်တ တဖန် ပူပန်ရတတ်သည်။ မျက်ရည်စက်လက်ငိုကြွေးလျက် ဆင်းရဲခံရတတ်လျှင် ထိုအမှုသည် မကောင်းတဲ့။'

တရားသဘောအရ သူ့အကုသိုလ်နဲ့သူခံစားရမှာပေါ့ ညီမ'

'ဟုတ်ကဲ့ရှင့် ညီမပြန်လိုက်ပါဦးမယ်'

'ကောင်းပါပြီ၊ မနက်ဖန်ကျမ်းကျိန်လွှာလုပ်ပေးဖို့ ဒီကိုပဲ လာခဲ့ပါ။ ပြီးတော့ တရားရုံးသွားကြတာပေါ့'

'ဟုတ်ကဲ့ရှင့် ဆက်ဆက်လာခဲ့ပါ့မယ်'

တရားရုံးတွင် 'ကျမ်းကျိန်လွှာ' ပြုလုပ်ပေးပြီးအပြန်တွင် အအေးဆိုင်တွင် အအေးသောက်ကြသည်။ ဒေါ်စိမ်းမြမြစိမ်းမှ မိုးသီတာအောင်ကို ငွေဆယ်သိန်းပေးသည်။



'မပူပါရစေနဲ့ အစ်မကြီး ညီမလည်း ကျားကြီးမြင့်ဆွေလို ငွေညစ်သူဖြစ်သွားပါမယ်'

အစ်မကြီးတို့ရဲ့အိမ်ထောင်ရေးကို မိုးသီတာအောင်ဆိုတဲ့ ညီမအနေနဲ့ ဘယ်သောအခါမှ ဘာကိစ္စမှ မလုပ်ပါဘူး လို့လဲ ကတိပေးပါတယ်အစ်မကြီး'

အသည်းနုသော ဒေါ်စိမ်းမြမြစိမ်းသည် မိုးသီတာအောင်၏ ဖြူစင်သောနှလုံးသားရိုက်ခတ်မှုဒဏ်ကြောင့် မျက်ရည်များပင် ဝဲလာခဲ့ရလေသည်။

[ကတိသစ္စာ၊တည်သောအခါဝယ်
ဩဇာလေးနက်၊ ပေါ်ဆီတက်၍
နွယ်မြက်သစ်ပင်၊ ဆေးဘက်ဝင်၏။]

❑

www.burmeseclassic.com

www.burmeseclassic.com




'ကလင် ကလင် ကလင်'

ခြံဂိတ်မှ လူခေါ်ခေါင်းလောင်း(ဘဲလ်)တီးသံကြားသောကြောင့် ဒေါ်စိန်ဆင့်သည် ခြံဝသို့ လှမ်းကြည့်လိုက်သည်။ မိမိအိမ်သို လာဖူးသောဧည့်သည်ဖြစ်သောကြောင့် တံခါးဖွင့်ပေးရန် ဆင်းလာခဲ့သည်။

'ဟယ် သဇင်ပါလား'

'ဘယ်ကလှည့်လာသလဲ'

'ခရီးသွားဈေးသည်ဆိုတော့ ခရီးသွားရင်းဈေးရောင်း၊ ဈေးရောင်းရင်းခရီးသွားဆိုသလိုပေါ့ အစ်မရယ်'

သဇင်စိုးသည် တောင်ကြီးမြို့နေ လှကုံထံ ဒေါ်စိန်ဆင့်၏ နေအိမ်သို့ ဒေါ်စိန်ဆင့်၏ညီမဝမ်းကွဲတော်သူ မြမြထွေးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ပြီး ဧည့်သည်အဖြစ်လာဖူးသူ ရောက်ဖူးသူဖြစ်သည်။ မန္တလေးမှ ကူးလာသူဖြစ်သောကြောင့် မန္တလေးထိုးမုန့်၊ လမုန့်၊ အရိုးတောင်းလက်ဖက်တို့ကို လက်ဆောင်အဖြစ်ထုတ်ပေးသည်။

'အစ်မ ရောင်းဖို့ပါလာတဲ့ပစ္စည်းလေးတွေကို မင်းကတော်၊ စိုးကတော်၊ သူဌေးကတော်တို့ကိုပြပေးပါ။ ကြိုက်ရင်လည်းဝယ်ပေါ့မကြိုက်တော့လည်း မိတ်ဖြစ်ဆွေဖြစ်ပေါ့'

'အေးအေးဆေးဆေးနားလိုက်ပါဦးသဇင်။ မနက်ဖန်မှပြတာပေါ့'

သဇင်စိုးသည် သူမှာရောင်းဖို့ပါလာသည့် ကျောက်စိမ်းဝမ်းဆက်၊ ပတ္တမြားဝမ်းဆက်၊ နီလာဝမ်းဆက်၊ ပုလဲဝမ်းဆက်၊ စိန်အလွတ်ရတနာပစ္စည်းများရောင်းချရန် ဈေးကွက်ရှာလိုက်လေသည်။

ဒေါ်စိန်ဆင့်၏နေအိမ်သို ရောက်ဖူးသူဖြစ်သောကြောင့် အိမ်၏အခြေအနေကို ကျွမ်းကျင်နေပြီးသူ ဖြစ်သည်။ အိမ်သူအိမ်သားအလား မီးဖိုခန်းဝင်ပြီး ချက်ပြုတ်လုပ်ကိုင်ပေးသည်။ လျှော်ဖွပ်စရာများကိုလည်း လျှော်ဖွပ်ပေးလေသည်။



တောင်ကြီးမြို့၊ (၅)ရက်ဈေးနေ့ဈေးသို့သွားပြီး မိမိကြိုက်သောဒေသခံအစားအစာများ၊ ဒေါ်စိန်ဆင့်ကြိုက်တတ်သောအစားအစာများကိုဝယ်ယူပြီး ချက်ပြုတ်ကြော်လှော်ပေးလေသည်။ ထိုသို့အလိုက်သိတတ်သော ဧည့်သည်ဖြစ်သောကြောင့်လည်း အိမ်ရှင်ဒေါ်စိန်ဆင့်သည် ဧည့်သည်မိန်းမချောလေး သဇင်ကို ခင်မင်ကြည်ကြည်ဖြူဖြူ။

'အညီရှိတော့ယင်အုံ' ဆိုသကဲ့သို ဒေါ်စိန်ဆင့်၏ နေအိမ်ရှေ့၊ ဟိုဘက်၊ ဒီဘက်အိမ်နီးချင်းများမှ ဖိုသတ္တဝါတို့က ပျိုကညာမိန်းမချောလေး သဇင်စိုးကို ပိုးကြေးပန်းကြေးဖြင့် မှန့်ပဲသွားရေစာများ မကြာခဏလာပို့ကြ၊ မိတ်ဆက်ကြသည်မှာလည်း တောင်ပေါ်သားတို့၏ ဓလေ့စရိုက်။

သဇင်စိုးမှာလည်း ရှုပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံတို့ဖြင့် ပုရိသကြီးငယ် မဟူတို့အား ဖမ်းစားနိုင်သော ရုပ်ချော မိန်းကလေးဖြစ်သည်။

( ၂ )

နောက်နေ့တွင်ဖြစ်သည်။ ဒေါ်စိန်ဆင့်၏နေအိမ်သို့ တောင်ကြီးမြို့မှ မြို့မျက်နှာဖုံး မင်းကတော်၊ စိုးကတော်၊ သူဌေး

www.burmeseclassic.com

www.burmeseclassic.com



ကတော်များ အလျှိုလျှိုရောက်ရှိကြသည်။ သဇင်စိုးရောင်းချမည့် ရတနာပစ္စည်းဝမ်းဆက်များကို ကြည့်ရှုကြသည်။ ဈေးဆိုသူကဆို၊ ဈေးဆစ်သူကဆစ် အရောင်းအဝယ်စကား ကမ်းလှမ်းနေကြသည်။

အဆင်သင့်ဝတ်ဆင်နိုင်ပြီး လက်ရာကောင်းသော ကျောက်စိမ်းဝမ်းဆက်၊ ပတ္တမြားဝမ်းဆက်၊ ပုလဲဝမ်းဆက် အရောင်းအဝယ်ဖြစ်သည်။ သဇင်စိုးသည် ရောင်းထွက်သွားသော ပစ္စည်းရှင်များထံသို့ သတ်မှတ်ရောင်းဖိုးငွေများကို တောင်ကြီးမြို့ရှိ ကမ္ဘောဇဘဏ်မှ ရန်ကုန်သို့ချက်ချင်းလွှဲပို့သည်။ မိမိအတွက် အသားတင်အမြတ်ငွေကိုလည်း ရန်ကုန်မြို့နေ မိခင်ကြီးထံသို့ လွှဲပို့ပေးသည်။

'အစ်မ၊ မနက်ဖန်သဘက် ညီမပြန်တော့မယ်။ ဟောဒီ စိန်ထည်ထဲက အစ်မအတွက် နားကပ်တစ်ဆင်စာ လက်ဆောင်ပေးမယ်။ အစ်မကြိုက်တာရွေးယူပါ။'

'အားလည်းနာတယ်၊ ခင်လည်းခင်တယ်၊ ကျေးဇူးလည်းတင်တယ်၊ အစ်မမှာ ပြည့်စုံပါတယ်ကွယ်။ မယူတော့ပါဘူး'



'ဟာ အစ်မရယ် ဒီလိုမလုပ်ပါနဲ့၊ နောက်မလာရဲအောင် မလုပ်ပါနဲ့။ အရင်တစ်ခေါက်တုန်းကလည်း ရောင်းကောင်းတယ်၊ ဒီတစ်ခေါက်လည်းရောင်းရတယ်၊ အစ်မ ကျေးဇူးကြီးပါတယ်။ ဒါလေးကိုတော့ လက်ခံပါ'

'ကဲ…ကဲ ဒီလောက်ဖြစ်နေရင်လည်း သဇင်ကြိုက်တဲ့ ပစ္စည်းရွေးပေး သဇင်ပေးတာကိုအစ်မလက်ခံပါမယ်'

ဒေါ်စိန်ဆင့်သည် စိန်ချည်သည့်မလေး သဇင်စိုးလက်ဆောင် ပေးသော စိန်နားကပ်တစ်ဆင်စာ စိန်ထည်လေးများကို လက်ခံရယူလိုက်လေသည်။

ဒေါ်စိန်ဆင့်သည် သီပေါစော်ဘွားကြီး၏ သားစဉ်မြေးဆက်မှ ပေါက်ဖွားလာသော ရုပ်ချော၍ စွာပေါ် နွယ်အဆက်ဖြစ်သည်။ ခေတ်ကာလအလှည့်အပြောင်း နိုင်ငံရေးအလှည့်အပြောင်းတို့ကြောင့် တောင်ကြီးမြို့သို့ ခြေရာလည်းပျောက် ရေလည်းနောက်ဆိုသကဲ့သို့ ခြေရာပျောက်ပြီး အခြေချနေထိုင်လာသော မိသားစုဖြစ်သည်။

'ကလင် ကလင် ကလင်'

'ဟဲလို ကျွန်မဒေါ်စိန်ဆင့်ပါ'

www.burmeseclassic.com

www.burmeseclassic.com



'သြော်...ရန်ကြားပန်လား ပြော ဘာကိစ္စ'

'သြော် ဒါဆိုသဇင်နဲ့ပြောပေါ့'

'သဇင်ရေ ရန်ကြားပန်က စကားပြောချင်လို့တဲ့'

'ဟုတ်ကဲ့အစ်မ'

'ပြောပါရှင် ကျွန်မသဇင်ပါ'

'ဟုတ်ကဲ့ ကိုရန်ကြီး၊ သဇင်လာခဲ့ပါ့မယ်'၊

'လူနဲ့ ပစ္စည်းအတွက် စိတ်ချရပါတယ်နော်'

'ဟဲ ဟဲ ဟဲ လာခဲ့မယ်နော် လာခဲ့ပါ့မယ်'

သဇင်စိုးသည် သိက္ခာမ်းခင်မင်သော တောင်ကြီးမြို့လူ ကုံထံ ကိုရန်ကြားပန်(ခ)ကိုရန်ကြီးက ပါလာသောပစ္စည်းများ ရောင်းချနိုင်ရန်အတွက် တောင်ကြီးဟိုတယ်သို့ လာရောက် ပြသရန်မှာကြားသည်ကို လာရောက်ပြသရန်ပြောလိုက်လေသည်။

'အစ်မရေ ကိုရန်ကြီးက တောင်ကြီးဟိုတယ်မှာ ဝယ်လက်ချိန်းထားလို့ ပစ္စည်းလာရောက်ပြသပေးဖို့ ပြောတာပါ ညီမသွားပြလိုက်ဦးမယ်နော်'

'အေး အေး သူဌေးရဲ့သားကိုယူရင် သူဌေးရဲ့ချွေးမတဲ့။ သူဌေးကိုယူမှ သူဌေးကတော်ဖြစ်တယ်တဲ့'



'ရန်ကြားပန်ကို အပီအပြင်ပြောပြီးမှ အရောင်းအဝယ် လုပ်ပေါ့'

ဒေါ်စိန်ဆင့်သည် ရွှေဧည့်သည်မလေး သဇင်စိုးအား ရောင်းမှား၊ ဝယ်မှားမဖြစ်စေရန် မှာကြားလေသည်။ ရတနာ ဈေးသည်မလေး သဇင်စိုးသည် မင်္ဂလာဆောင်သွားမည့်သူ အလား၊ အချောဆုံး၊ အလှဆုံး၊ ခပ်ဟော့ဟော့ဝတ်စားဆင်ယင်မှု လေးဖြင့် ဈေးရောင်းသွားလေတော့သည်။

'ကလင် ကလင် ကလင်'

'ဟဲလို ကျွန်မ ဒေါ်စိန်ဆင့်ပါ'

'သြော် အစ်မ ကျွန်မသဇင်ပါ၊ အားလုံးအဆင်ပြေတဲ့ အကြောင်း သတင်းပို့တာပါ။ ကိုရန်ကြီးက ဒီည ညစာစားပွဲလုပ် မယ်၊ အစ်မလာမလားလို့မေးတာပါ။ အစ်မလာမယ်ဆိုရင် ကိုရန်ကြီးက သူ့ကားလွှတ်လိုက် မယ်တဲ့။'

'မလာတော့ပါဘူး သဇင်၊ အစ်မ အစားမှားလို့ပါဘူး။ အစားမှားရင်သွေးတိုးတယ်၊ အိမ်ဖော်မိန်းမလည်း ပြန် မလာသေးဘူး၊ ဒါ့ကြောင့်မလာတော့ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ရန်ကြီးပန်နှင့် သဇင်စိုးတို့သည် တောင်ကြီးဟိုတယ်တွင် ရတနာပစ္စည်းဈေးရောင်းပွဲတော်ပြုလုပ်ကြပြီး ညစာစားပွဲကြီးပျော်ရွှင်စွာ ကျင်းပခဲ့ကြလေသည်။

( ၃ )

နံနက်မိုးသောက်အလင်းရောက်သော်… ရွှေစည်သည်မလေးသဇင်စိုးသည် ဒေါ်စိန်ဆင့်၏ နေအိမ်သို့ ပြန်လည်ရောက်ရှိခဲ့လေသည်။ ငွေထုပ်ဟုထင်ရသော အထုပ်တစ်ထုပ်လည်း ပါလာလေသည်။ မနေ့ကဝတ်ဆင်သွားသော အဝတ်အစားများလည်း နေထိပန်းအလား နွမ်းလျှနေလေသည်။

'သဇင်ရေ အစ်မ ကမ္ဘောဇဘဏ်ကို သွားလိုက်ဦးမယ်၊ အိမ်ကိုလူစိမ်းလာရင် တံခါးဖွင့်မပေးနဲ့နော်'

'ဟုတ်ကဲ့အစ်မ'

'သြော် အစ်မ၊ ညီမရဲ့ပိုက်ဆံအမေ့ဆီ လွှဲပို့ပေးပါလား အစ်မ'

'ရပါတယ် ညီမ ဘယ်လောက်လဲ'

'သိန်း(၅၀)ပါအစ်မ ဟောဒီမှာ'

'အေး…အေး'



သဇင်စိုးသည် ရန်ကြီးပန်ဝယ်လိုက်သော ပစ္စည်းဖိုးငွေအနက်မှ သိန်း(၅၀)ကို ဘဏ်သို့သွားသော ဒေါ်စိန်ဆင့်မှ မိခင်ကြီးထံပို့ပေးပါရန် အပ်နှံလိုက်လေသည်။

ဒေါ်စိန်ဆင့် ကမ္ဘောဇဘဏ်သို့ရောက်ရှိလောက်မည့် အချိန်တွင် သဇင်စိုးသည် ဒေါ်စိန်ဆင့် နေအိမ်အတွင်းခန်းရှိ ထုထည်ကြီးမားလှသော ကျွန်းဘီဒိုကြီး၏အပြင်မှခတ်ထားသော သော့ကြီးကို တူကြီးဖြင့် ရိုက်ချိုးဖျက်ဆီးဖွင့်ဖောက်သည်။ ဘီဒိုကြီးအတွင်းမှ စော်ဘွားများနန်းစဉ်နန်းဆက် ထိန်းသိမ်းလာခဲ့သော နန်းစဉ်ပတ္တမြားလက်စွပ်ကြီးနဲ့တကွ ရတနာပစ္စည်းမျိုးစုံနှင့် တစ်တုံးလျှင် ၂၀-ကျပ်သားရှိသော ကျားခေါင်းတံဆိပ် ရွှေတုံးကြီး(၃)တုံးတို့ကို ရယူသည်။ အစ်မကြီးတံခါး၊ ခြံတံခါးတို့ကို ပိတ်ဆို့ပြီး ထွက်ပြေးသွားလေသည်။

ကမ္ဘောဇဘဏ်မှ ပြန်လာသော ဒေါ်စိန်ဆင့်သည် ခြံတံခါးသော့ပိတ်ထားသည်ကိုတွေ့ရသောကြောင့် ရင်ထဲတွင် စနိုးစနောင့်ဖြစ်သွားသည်။ အိမ်၏ဝင်ပေါက်တံခါးမကြီးကိုလည်း သော့ခတ်ထားသည်ကို တွေ့ရပြန်သောကြောင့် ရင်ထဲတွင် စိုးရိမ်စိတ်များတုန်ခါလာသည်။ သဇင်စိုး၏ကျောင်းသိပ်ထားသည့်နေရာကို ကြည့်လိုက်သောအခါ မတွေ့ရတော့၊ စိတ်

www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားမှုများ ပိုလာသည်။ မိမိအိမ်ခန်းတွင်းရှိ ကျွန်းဘီဒိုကြီးကိုကြည့်လိုက်သည်။ တူဖြင့်ရိုက်ချိုးဖျက်ဆီးထားသည်ကို တွေ့ရသည်။ နန်းစဉ်ပတ္တမြား လက်စွပ်ကြီးနှင့်တကွ ရတနာစိန်ရွှေပစ္စည်းများထားသည့် အံဆွဲတွင်ကြည့်လိုက်သောအခါ ဘာမျှမရှိတော့၊ နှလုံးများတုန်လာသည်။ ရင်ခုန်မှုများတိုးလာပြီး ရင်ထဲတွင် တလှပ်လှပ်ခံစားနေရသည်။ မူးမေ့မသွားရန် သတိကြီးစွာထားနေရသည်။ နှလုံးတုန်ရင်ခုန်မှုသက်သာသွားချိန်တွင် ရဲစခန်းသို့သွားရောက်ပြီး အမှုဖွင့်တိုင်ကြားရန် သတိရှိလာသဖြင့် တိုင်ကြားခဲ့သည်။

စခန်းမှူး၏တာဝန်ပေးချက်အရ …

အမှုစစ်ရဲအရာရှိ၊ ဒုရဲအုပ်ကျော်စိန်လင်းနှင့် တပ်ဖွဲ့ဝင်တို့သည် အခင်းဖြစ်နေရာသို့ကြည့်ရှုစစ်ဆေးသည်။ ဓာတ်ပုံများရိုက်ကူးသည်။ ထုရိုက် ဖွင့်ဖောက်ထားသောတူ၊ သော့အပျက်တို့ကို သက်သေခံအဖြစ် သိမ်းဆည်းသည်။ သဇင်စိုးကျန်ရစ်ခဲ့သော ဖိနပ်တစ်ရံကိုလည်း သိမ်းဆည်းသည်။ တရားခံလှူပ်ရှားမှု မြေပုံကြမ်းရေးဆွဲသည်။ တရားခံသဇင်စိုး၏ ပုံပန်းသဏ္ဌာန်၊ ရုပ်လက္ခဏာတို့ကို မှတ်ချက်ယူသည်။ သဇင်စိုး၊ ဒေါ်စိန်ဆင့်နှင့် ဆက်သွယ်ပုံ၊ သဇင်စိုးတောင်ကြီးမြို့တွင် အခြားသောရင်းနှီးသူ၊ ပတ်သက်



သူတို့၏ အဆက်အစပ်များကို ခွင်းဆက်များရယူသည်။ တောင်ကြီးမြို့တစ်ခွင် ပြုပြစင်အောင် ရှာဖွေရေးလုပ်သော်လည်း သဇင်စိုးအား အစအနပင်မတွေ့ရ။

တောင်ကြီးမြို့မှ တခြားမြို့ရွာများသို့ ထွက်ပေါက်လမ်းကြောင်းများကို ရဲအုပ်ကျော်စိန်လင်း၊ ဆားပုလင်းလုပ်သည်။ တောင်ကြီး၊ မန္တလေးကားဂိတ်ရှေ့ရှိ ဘီယာဆိုင်ထဲသို့ဝင်ပြီး အနားယူလိုက်သည်။ ဒေါ်စိန်ဆင့်အိမ်ရှေ့တွင်နေထိုင်သော စိုင်ခမ်းလင်းသည် အရက်မူးပြီး အသံကွဲသီချင်းဆိုနေသည်။

စိုင်းခမ်းလင်းသီဆိုနေသည့် အသံကွဲသီချင်းလေးကား…

*. နေကာမျက်မှန်လေးနဲ့ လေးနှမရယ် ယဉ်ပါတယ်၊

*တစ်ပြေတစ်ရွာစီဆက်ဆံရေးကြောင့် ဝေးကြရမယ်ထင်ပါတယ်

* နေကာမျက်မှန်လေးနဲ့ ကလေးနှမရယ် တစ်ပြေတစ်ရွာဆီ ဆက်ဆံရေးကြောင့် ဝေးကြရမယ်ထင်ပါတယ်၊

*အသည်းညှာနဲ့ခင်ကညာရယ်၊ မခွဲခွာခဲ့ချင်ပါတယ်

သဲညှာနဲ့ခင်ကညာရယ် အမြဲသာလာခဲ့ချင်ပါတယ်။

*ငှက်ခါးလေးတွေ အခါခါနားလို့ သက်ထားလေးဆီ

www.burmeseclassic.com

www.burmeseclassic.com



စာလွှာပါးရင်း တစ်ဖက်သား အရေးတွေ သာယာစေကြောင်း တောင်းဆုပြုပါတယ် …

ရဲအုပ်ကျော်စိန်လင်းသည် စိုင်းခမ်းလင်း၏ အသည်းကွဲသီချင်းလေးကို စိတ်ဝင်စားနေသည်။ သူ၏ သားကောင်(သဖင်စိုး)သည် နေကာမျက်မှန်တပ်ဆင်လျက် ကားဂိတ်သို့လာရောက်သော မိန်းကလေးဖြစ်နေမလား။ စိတ်တွင် သံသယဖြစ်လာသည်။

'ညီလေး ဆိုနေတဲ့သီချင်းက အသဲကွဲသီချင်း၊ ရင်လဲမှာခံစားနေရတဲ့သီချင်းနဲ့တူတယ်'

'ဟာ မှန်လိုက်လေအစ်ကိုရယ် ကျွန်တော်နှလုံးသားဒီမနက်မှာပဲ ဟက်တက်ကွဲသွားရပါတယ် အစ်ကိုရယ် အချစ်ကြောင့်ပေါ့ …'

'ညီလေးအချစ်က တောင်ပေါ်ကလား မြေပြန့်ကလားညီလေး'

'တောင်ပေါ်ကဆို လွယ်ပါတယ်အစ်ကိုရယ်၊ အခုကရန်ကုန်သူ ရန်ကုန်သူအစ်ကိုရေ'

ရဲအုပ်ကျော်စိန်လင်းသည် တောင်ကြီး၊ မန္တလေးကားဂိတ်မှကားဖြင့် နေကာမျက်မှန်တပ်ဆင်ထားသော မိန်းကလေး



တစ်ယောက် ဖောက်ပြန်ထွက်ခွါသွားခဲ့လေပြီဟု မှတ်ချက်ချနိုင်လေပြီ။

( ၄ )

အမှုဖွင့် အကူအညီတောင်းခံသူ နှစ်နာဆုံးရှုံးခံနေရသူ တရားလိုများအနေဖြင့် တရားခံဖမ်းဆီးရမိပြီး၊ မိမိ၏ပစ္စည်းများပြန်လည်ရရှိရေးအတွက် စိတ်ဆန္ဒတွေစောနေကြသည်မှာ ဓမ္မတာဖြစ်ပါသည်။ အမှုကိုင် ရဲအရာရှိ ရဲအုပ်ကျော်စိန်လင်းမှာလည်း ရဲအရေးပိုင်သော ရာဇဝတ်ပြစ်မှုပေါင်း (၁၀)မှု၊ (၁၅)မှုလောက်ကိုင်တွယ်နေရသောကြောင့် အလုပ်၊ တာဝန်အလွန်များပြားလှပါသည်။ အားမလိုအားမရဖြစ်နေကြသည့် တရားလိုနစ်နာသူတို့အား နှစ်သိမ့်ရသည်မှာလည်း မမောနိုင် မပန်းနိုင်။

ရဲအုပ်ကျော်စိန်လင်းသည် တရားခံ၏ပြေးလမ်းကြောင်းသဲလွန်စရထားသည့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့လက်ဆည်ကန် အဝေးပြေးကားဂိတ်အပိုင်ရဲစခန်း၊ မန္တလေးမြို့ဟိုတယ်ဖုန်များရှိရာ ရဲစခန်းများသို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ထားသည်။

တောင်ကြီးမြို့သင်္ကေတ- ဒဗလယ်ကတ်ကား စီးနှင့်ရှမ်းတရုတ်အမျိုးသားတစ်ဦး+ နေကာမျက်မှန် လို တပ်ဆင်

www.burmeseclassic.com



သည့် ရုပ်ရည်ခပ်ချောချောအမျိုးသမီးတစ်ဦးတို့ (အိုး ဟိုက်ဝိုး ဟိုတယ်ကြီး)တွင် လာရောက်တည်းခိုလျှက်ရှိကြောင်း၊ ဆက်စပ်သတင်းကို ရဲအုပ်ကျော်စိန်လင်းရရှိသည်။ လူပုံသဏ္ဌာန်များလည်း တူညီနေသည်။ သို့ကြောင့် မန္တလေးသို့ချက်ခြင်းပေါက်လာပြီး ထောက်လှမ်းစုံစမ်းသည်။

အလာကောင်းသော်လည်း အခါနှောင်းခဲ့လေသည်။ (အိုဟိုက်ဝိုး ဟိုတယ်)ကြီးတွင် နေကာမျက်မှန်လေးတို့ စုံတွဲကို မတွေ့ရတော့။ သို့ရာတွင် တောင်ကြီးသင်္ကေတ ဒဗလယ်ကက်ကားမှာ တောင်ကြီးမြို့မှ ဦးစိုင်းဖုန်းထူး၏ အမည်ပေါက်ကားဖြစ်ကြောင်း သတင်းအခိုင်အမာရရှိသည်။

ဦးစိုင်းဖုန်းထူးထံသို့ စုံစမ်းသည်။ ၎င်း၏သားဖြစ်သူ (ရန်ကြားပန်)လွှန်ခဲ့သော တစ်ပါတ်က မန္တလေးသွားကြောင်း၊ ကားကိုယူသွားကြောင်း သတင်းကွင်းဆက်ရရှိလေသည်။

ရဲအုပ်ကျော်စိန်လင်းသည် ရန်ကြားပန်ကို စုံစမ်းမေးမြန်းသည်။ သဇင်စိုးထံမှ ပတ္တမြားတစ်ဆင်စာ၊ နီလာတစ်ဆင်စာ၊ စိန်ပွင့်ချော(၃၀)လုံးဝယ်ယူခဲ့ကြောင်း၊ ဈေးသည်နှင့် ဈေးဝယ်အဆင့်သာ ဆက်သွယ်မှုရှိခဲ့ကြောင်း အစစ်ဆေးခံထွက်ဆိုလေသည်။



ရဲအုပ်ကျော်စိန်လင်းသည် မျက်ရည်နှင့် မျက်ခွက်ဖြစ်နေရသော ဒေါ်စိန်ဆင့်၏ လိုလေသေးမရှိ ဆောင်ရွက်ပံ့ပိုးပေးမှုဖြင့် ရန်ကုန်မြို့နေ သဇင်စိုး၏မိခင်ကြီး ဒေါ်လုံးကျင်ထံသို့ စုံစမ်းထောက်လှမ်းသည်။ ဒေါ်လုံးကျင်သည် ၎င်း၏မွေးရပ်၊ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်၊ သပြေကုန်းရွာသို့ ပြန်သွားပြီဖြစ်ကြောင်း သိရပြီး၊ သူ့သမီးသဇင်စိုးဘယ်မှာနေကြောင်းမသိဟု သိရသည်။ သဇင်စိုး၏ဓာတ်ပုံကို သူ့မိခင်ထံမှရရှိခဲ့လေပြီ။

ပေါက်ခေါင်းမြို့ရဲစခန်းဖြင့် ပေါင်းစပ်ပြီး သဇင်စိုး၊ သူ့မိခင်ထံ ရောက်ရှိလာပါက ထိန်းချုပ်ထားပေးရန် ညှိနှိုင်းပေါင်းစပ်ခဲ့သည်။ သဇင်စိုးနှင့် နောက်ဆုံးဆက်စပ်ပတ်သက်ခဲ့သော (ရန်ကြားပန်)၏လှုပ်ရှားမှုကို အဓိကသော့ချက်အဖြစ် စောင့်ကြည့်သည်။

ဟဲဟိုးလေဆိပ်၊ တောင်ကြီးမြို့မှ နယ်လေးရပ်သို့ ကုန်းတွင်းပိုင်း ထွက်ပေါက်လမ်း၊ ကားဂိတ်၊ ရွှေညောင်ရထားလမ်းကြောင်းတို့တွင် ရန်ကြားပန်ခရီးထွက်ခွာရန် (လက်မှတ်ရယူချိန်တွင် ရဲစခန်းသို့ ချက်ချင်းဆက်သွယ်ရန် ညှိနှိုင်းပေါင်းစပ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကြားပန် ဟဲဟိုးမှ မန္တလေးသို့ လေယာဉ်လက်မှတ်ဝယ် ယူထားကြောင်း သတင်းရသည်။ ရဲအုပ်ကျော်စိန်လင်းသည် ထိုလေယာဉ်ဖြင့် တပ်ကြပ်ကြီးထွန်းထွန်းကို တစ်ပါတည်းထည့်လိုက်သည်။ နေကာမျက်မှန်တပ် သဇင်စိုးနှင့် ရန်ကြားပန်တို့ ထိတွေ့နိုင်သောကြောင့် ထိတွေ့ပါက ချက်ချင်းဖမ်းဆီးနိုင်စေရန် ဖမ်းဝရမ်းပါစီစဉ်ပေးထားသည်။ သဇင်စိုး၏ဓာတ်ပုံကိုပါ ပေးလိုက်သည်။ မန္တလေးအပြည်ပြည် ဆိုင်ရာလေဆိပ်အပိုင် ရဲစခန်းသို့လည်း ချိတ်ဆက်ထားလေသည်။

( ၅ )

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးသို့ ဟဲဟိုးမှ ထွက်ခွာလာသော လေယာဉ်ဆိုက်ရောက်လာလေပြီ။ လာရောက်ကြိုဆိုသူများ၊ သူ့လူ၊ ကိုယ့်လူ ကြည့်ရှုရှာဖွေနေကြလေသည်။ တပ်ကြပ်ကြီးထွန်းထွန်းကိုမူ မည်သူမျှကြိုဆိုသူမရှိ။ တပ်ကြပ်ကြီး ထွန်းထွန်းသည်ကား လေဆိပ်ရောက်သည်နှင့် နေကာမျက်မှန် တပ်လေမလား၊ မျက်မှန်မတပ်ဘဲလာရောက်ကြိုဆိုမည်လား အတွေးများစွာဖြင့် သဇင်စိုးကိုရှာဖွေကြည့်ရှုရသည်မှာ မျက်လုံးများ ကျွတ်ထွက်မတတ်။

လာရကျိုး ရှာရကျိုးနပ်ပါသည်။ သဇင်စိုးသည် နေကာမျက်မှန်တပ်ပြီး ရန်ကြားပန်ကို ကြိုဆိုလျက်ရှိသည်။ အဆင်သင့်



ငှားလာသော ဆန်နီဆူပါဆလွန်းတက္ကစီကားဖြင့် လေဆိပ်မှ ထွက်ခွာကြသည်။ တပ်ကြပ်ကြီးထွန်းထွန်းသည် လေဆိပ် အပိုင်ရဲစခန်း၏အကူအညီဖြင့် သားကောင်(သဇင်စိုး)နှင့် ရန်ကြားပန်တို့ သွားလာလှုပ်ရှားမှုနောက်သို့ ထက်ကြပ်မကွာလိုက်သည်။

ရန်ကြားပန်နှင့် သဇင်စိုးတို့ တောင်ထိပ်ပန်းဟိုတယ်ကြီးတွင် တည်းခိုကြသည်။ တပ်ကြပ်ကြီး ထွန်းထွန်းလည်း သူတို့ တည်းခိုသောအထပ်တွင် တည်းခိုလိုက်သည်။

'ရေပြာမှ မြတ်လေး - ရေပြာမှမြတ်လေး၊ ပစ်မှတ်ကို
ထိန်းချုပ်နိုင်ပြီ၊ ရထားဖြစ်လား၊ ရတားဖြစ်လား'

တပ်ကြပ်ကြီးထွန်းထွန်းသည် အမှုကိုင်အရာရှိ ဒုရဲအုပ်ကျော်စိန်လင်းထံ ဆက်သွယ်သည်။ မြို့နယ် ရဲတပ်ဖွဲ့စခန်း၏ အကူအညီဖြင့် သားကောင်တရားခံ(သဇင်စိုး)ကို ဖမ်းဆီးလိုက်သည်။ အားပေးကူညီသူ ရန်ကြားပန်ကိုလည်း အားပေးကူညီမှုဖြင့် ထိန်းချုပ်လိုက်သည်။

တရားခံသဇင်စိုးနှင့် ကူညီအားပေးသူ ရန်ကြားပန်တို့အား တောင်ကြီးမြို့ရဲစခန်းသို့ ခေါ်ဆောင်ခဲ့လေသည်။ ရဲလုပ်ငန်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ကြလေသည်။ အဓိကာစစ်ကြောရေး လုပ်ငန်းကို လုပ်လို့ရပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



( ၆ )

'ကဲ မသဇင် ညည်းငါတို့ရဲ့တပ်ဖွဲ့ဝင်တွေကို တော်တော် အလုပ်ပေးခဲ့တာပဲ။ ခရိုင်ကဆူ တိုင်းကဆူနဲ့ ငါတို့ခေါင်းတွေလည်း တော်တော်ပူခဲ့ရတယ်၊ ရာဇဝတ်ဘေးပြေးမလွတ်တဲ့ ကြားဘူးလား'

ရဲအုပ်ကျော်စိန်လင်းသည် သဇင်စိုးကိုစစ်ကြောရေးမလုပ်မီ ရဲတပ်ဖွဲ့ဝင်တို့၏ တွေကြုံခံစားရချက် ကလေးများဖြင့် နိဒါန်းပျိုးလိုက်လေသည်။

'အဲဒီတော့ မင်းအမှန်အတိုင်းပြောမလား၊ ဆက်ပြီး လိမ်ဦးမလား ရှောင်ဦးမလား'

'ဆရာ ကျွန်မ အမှန်အတိုင်းပြောပါ့မယ်ဆရာ'

'အေး ရန်ကြားပန်က အမှန်အတိုင်းပြောပြီး အမှန်အတိုင်းထွက်ဆိုအစစ်ခံပြီးပါပြီ၊ မင်းပြောဖို့တောင် မကျန်တော့အူးလားမသိ'

ရဲအုပ်ကျော်စိန်လင်းသည် ထောက်လှမ်းစုံစမ်းရေး ပရိယာယ်ဖြင့် သဇင်စိုးအား စစ်ကြောရေးလုပ်နေခြင်း ဖြစ်သည်။ တကယ်ဆိုတော့ ရန်ကြားပန်ကို မစစ်ရသေးပါ။ ရဲပရိယာယ် ကြောင့် သဇင်စိုးမှာ အတော် တုန်လှုပ်ချောက်ချားသွားသည်။



ငါလိမ်နေရင်လည်း စိတ်ပိုင်းဆိုင်ရာနာကျင်မှု၊ ရုပ်ပိုင်းဆိုင်ရာ နာကျင်မှုသာ အဖတ်တင်မည်ဟု စိုးရိမ်စိတ်များဖြစ်သွားလေသည်။

'အေးလေ သူ့အပိုင်းက သူ့အပိုင်း၊ မင်းအပိုင်းက မင်းအပိုင်း အမှန်အတိုင်းပြောတာကောင်းပါတယ်'

'သူ့ပုံချ ကိုယ့်ပုံချ လုပ်နေတာတော့မကောင်းပါဘူး၊ ပြုလုပ်မှုက အတူတူပါပဲ'

'ရန်ကြားပန်က ပစ္စည်းတွေသဇင့်ဆီမှာလို့ပြောပြီး သူလွတ်ရုန်းနေတယ်'

'ဘယ်က ဟုတ်ရမှာလဲဆရာ သူ့အဖေအိမ်အောက်ထပ်၊ ရန်ကြားပန်အခန်းထဲက မီးခံသေတ္တာထဲမှာ သိမ်းထားတာပါဆရာ'

'အေးလေကွာ ပစ္စည်းသိမ်းတဲ့အခါကျတော့သိမှာပေါ့၊ သူ့ဆီမှာလား မင်းဆီမှာလား ပေါ်လာမှာပေါ့'

'ဆရာ သူနဲ့ကျွန်မ အဲဒီမီးခံသေတ္တာထဲမှာ အတူတူထည့်ထားတာပါဆရာ'

'အေးလေ အမှန်အတိုင်းဖြစ်မှာပေါ့ကွာ သဇင်ခေါ်လိုက်ပါဦး၊ စားချင်တာပြောပါ ဆရာကူညီမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'အမေလာရင် တွေ့ချင်တယ်ဆရာ'

'တွေ့ရမှာပေါ့ အမေနဲ့သမီးပဲဟာ'

ရဲအုပ်ကျော်စိန်လင်းသည် စစ်ကြောရေးလုပ်ငန်းကို ရပ်ဆိုင်းလိုက်သည်။ စခန်းမှ မာဇဒါဂျစ်ဖြင့် စစ်ဆင်ရေးပုံစံဖြင့် ရန်ကြားပန်တို့အိမ်၏အောက်ထပ်၊ ရန်ကြားပန်၏အခန်းကို စီးနင်းလိုက်သည်။ ပြီးမှ ရန်ကြားပန်ကို စခန်းမှခေါ်ယူပြီး သော့တောင်းကာ မီးခံသေတ္တာသော့ကို တောင်းသည်။

'ဆရာ သဇင်စိုးရဲ့ကီးနဲ့ ကျွန်တော့်အိပ်ခန်းက မီးခံသေတ္တာနဲ့ မပတ်သက်ဘူးဆရာ့၊ သော့လည်းမရှိဘူးဆရာ'

'ဒီမှာ ရန်ကြားပန်၊ ရဲစိတ်ညစ်အောင်မလုပ်ပါနဲ့။ မင်း ဘယ်လောက်ဖုံးဖုံး သဇင်စိုးက အကုန်ဖော်ကောင် လုပ်ပြီးပြီ မင်းစိတ်လျှော့လိုက်ပါ အေးအေးဆေးဆေး ပေးပါ'

ချွေးသီးချွေးပေါက်များကျနေသည့် ရန်ကြားပန်သည် ၄င်းအခန်းမှ ဘီဒိုတွင်ဝှက်ထားသော မီးခံသေတ္တာသော့ကို အပ်ပေးသည်။ တပ်ဖွဲ့ဝင်တို့က သော့ဖွင့်သည်။ မီးခံသေတ္တာ အတွင်းမှ ဖွင့်ဖောက်ခိုးယူခဲ့သော ခိုးရာပါပစ္စည်းများကို တွေ့ရှိ



သည်။ သက်သေခံပစ္စည်းများကို သက်သေရပ်မိရပ်ဖလူကြီး များရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းယူသည်။

တရားခံသဇင်စိုး၊ ရန်ကြားပန်တို့က အမှန်အတိုင်း ဝန်ခံ ထွက်ဆိုကြသည်။ တရားခံများ၏ ဖြောင့်ဆိုချက်ကိုလည်း တရားရုံး၊- တရားသူကြီးထံသို့ 'ဖြောင့်ချက်' ကို လွတ်လပ်စွာ ပေးစေပြီး ရယူသည်။

တောင်ကြီးခရိုင်ဥပဒေရုံး၏ဥပဒေအကြံပြုချက်အရ တောင်ကြီးခရိုင်တရားရုံးတော်သို့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ- ၃၈၀/၅၁၁၊ ပြစ်မှုကြီးမှုအမှတ်-/၂၀၁၀ ဖြင့် စစ်ဆေးကြားနာခဲ့ သည်။

တရားလိုနှင့် သက်သေများ၏ထွက်ဆိုချက်၊ တရားခံနှင့် ခံပြသက်သေများ၏ထွက်ဆိုချက်များ ကြားနာခဲ့ပြီးနောက် တရားခံသဇင်စိုး(ဘ)ဦးခင်မောင်စိုး၏သမီးအား အလုပ်နှင့် ပြစ်ဒဏ် (၇)နှစ်၊ တရားခံ ရန်ကြားပန်(ဘ)ဦးစိုင်းဖုန်းထူး ၏သားအား ပြစ်ဒဏ်(၇)နှစ်ချမှတ်လိုက်လေသည်။

'ရာဇဝတ်ဘေးပြေးမလွတ်'

www.burmeseclassic.com

www.burmeseclassic.com




'သူ့ကိုမှချစ်မိနေပါတယ် - တွေ့နေမြင်နေကျမို့ ဖြေဖျောက်လို့လဲမလွယ် - မျက်စိထဲတစ်ဝဲတစ်ဝဲ လည်လည် သူအလှပင့်ကူမှေးသဖွယ် ရစ်ပတ်ဖွဲ့နှောင်ထားလို့ ရုန်းထွက်ဖို့လည်းခက်လှတယ် - ကိုယ့်ကိုကွယ် စိုးမိုးနိုင်လွန်းတယ်---'

ရောဝတီမြို့၊ ကမ်းနားပိုင်းရပ်တွင် တည်ရှိသော နေအိမ်လေးမှာ မြစ်ပြင်မှတိုက်ခတ်လာသော၊ လေကောင်းလေသန့်ကလေးများ ရှူရှိုက်ရသည်။ မြစ်ပြင်သို့ ရေတက်ရေကျမြင်ကွင်းကလေးများကို မြင်ရတွေ့ရသည်မှာလည်း ပန်းချီကားချပ်ကလေးများကို ကြည့်ရှုခံစားနေရသည့်အလား ကဗျာဆန်လှပေသည်။

ထိုအိမ်ကလေးတွင် - အိမ်ပိုင်ရှင် - ဒေါ်ကြည်ကြည်ငွေး (သား)ဇော်မင်းထွန်းတို့မိသားစု၊ အိမ်ငှား- ဒေါ်ဝင်းစန္ဒာ၊ (သမီး)

www.burmeseclassic.com

www.burmeseclassic.com



ဖြိုးစန္ဒာဝင်း မိသားစုတို့နေထိုင်ကြသည်။ ကပြားမလေးဂိုရာရန် သီချင်းကို ပြန်လည်ကြားယောင်မိသည်။ ဖြိုးစန္ဒာဝင်းမှာ ကပြားမလေးဖြစ်သည်။ နှာခေါင်းအနည်းငယ်ချွန်သည်။ မျက်ခုံးကောင်းသည်၊ အသားဖြူသည်၊ ကိုယ်လုံးကိုပေါက် အချိုးအဆစ်ကျကျ လှပနေပါသည်။ နှုတ်ခမ်းမွှေးရေးရေးလေးက- သူမ၏ အလှကိုထင်ပေါ်စေသည်။ အသက်(၁၄)နှစ်ဟုဆို သော်လည်း၊ အသက်(၂၀)ခန့်ဟု ထင်ရသော လုံးကြီးပေါက်လှဖြစ်သည်။

နံနက်မိုးလင်းမျက်စိနှစ်လုံးပွင့်ချိန်မှ၊ ညအိပ်ချိန်ကာလအထိ၊ တွေ့ရ၊ မြင်ရလေသောကြောင့်၊ ဇော်မင်းထွန်း သည်၊ တီတီတခိုးလေးတဖုံ၊ ပြောင်ပြောတစ်မျိုး-ဖြိုးစန္ဒာဝင်း၏ရုပါရုံကို မြင်နေရသောကြောင့်၊ ရာဂ-တပ်မက်ချင်း ဝေဒနာကိုခံစားနေရသည်။ အချစ်တပ်မက်မှု၏လှုံ့ဆော်မှုကို ရင်ဝယ်ပိုက်နေရသည်။

နှစ်ဖက်မိဘများအနေဖြင့်၊ လူ့စည်း၊ ဘီလူးစည်း ဆိုသကဲ့သို့နေထိုင်ကြသည်။ တရင်းတနှီးနေထိုင်ကြခြင်းမရှိ။ သူတို့အိမ်ထောင်စုနှစ်စုသည် မျိုးနွယ်စုမတူညီခြင်း၊ ဘာသာရေးမတူညီခြင်းတို့ကြောင့်- တရင်းတနှီး မဆက်ဆံကြခြင်း ဖြစ်ပေသည်။

(အဘိစန္ဒတံရော)- မြူတိမ်ကင်းစင်သော လပြည့်ညတွင်ဖြစ်သည်။ ဖိုးလမင်းကြီး၏အေးမြသော အလင်းရောင်



အောက်တွင် - သစ်ပင်ပန်းမာန်များ၏အလှအပကို ဖိုးလမင်းကြီးက မီးမောင်းထိုးပြနေသကဲ့ ဖြစ်နေသည်။ ညမွှေးပန်း၏ အမွှေးနံ့သာကလည်း အိပ်မပျော်သေးသူတို့အား စိတ်ကိုကြည်လင်အေးမြစေသည်။

ဇော်မင်းထွန်းက ဖြိုးစန္ဒာဝင်းအား အချစ်စကားလေးများ ပြောခွင့်ပေးသော်လည်း၊ မျက်လုံးချင်းကတော့ စကားပြောနေကြသည်။ နှလုံးသားတွင်- ချစ်မြတ်နိုးသော ခံစားမှုများအား ရှိနေကြသည်။ သိနေကြသည်။

နှလုံးသားတွင် ခံစားနေရသော အချစ်စိတ်ကို၊ ဇော်မင်းထွန်း တစ်ယောက်မြိုသိပ်၍ မထားနိုင်တော့။ သို့ကြောင့်လည်း- သူ၏ဂီတာကို အဖော်ပြုအကူအညီရယူခြင်း- တွံတေးသိန်းတန်၏ (ဖိုးလမင်းကို အောင်သွယ် ခိုင်းမယ်)ဆိုသော ရင်တွင်းဖြစ်သီချင်းလေးကို၊ ခံစားချက်အပြည့်အဝဖြင့် တီးခတ်သီဆိုပြီး သူ၏အချစ်စိတ်ကို ဖွင့်ဟာသွန်ချနေလေသည်။

( ၂ )

ရှူး- ရှူး

အသံကြားရာဘက်သို့ ဇော်မင်းထွန်းလှည့်ကြည့်လိုက်သည်။ လူကိုမမြင်ရ- လက်ကိုသာမြင်လိုက်ရသော

www.burmeseclassic.com

www.burmeseclassic.com



နေရာသို့ ကြည့်လိုက်သည်။ စာရွက်ခေါက်ကလေးကိုတွေ့ရှိသောကြောင့် ကောက်ယူဖက်ကြည့်လိုက်သည်။

'ကိုဇော်ရယ်-ဖြိုးလည်း ကိုဇော့်လိုပဲ ခံစားနေရပါတယ်၊ ဖြိုးကိုဇော်နဲ့ တွေ့ချင်ပါတယ်၊ မနက်ဖက် နေ့ခင်း(၁)နာရီ ပန်းခြံထိပ်ကစောင့်နေပါ- ဖြိုးဆက်ဆက်လာခဲ့မယ်၊ ကိုဇော်အိပ်တော့နော်။'

ဇော်မင်းထွန်းသည် ဝမ်းမြောက်ကျေနပ်မှုများကို ရင်ဝယ်ပိုက်ပြီး အိပ်စက်လိုက်လေသည်။ နောက်နေ့တွင် ဖြိုးစန္ဒာဝင်းနှင့်တွေ့ရမည့် အစီအစဉ်များကို စိတ်ကူးရင်ပြီး-အိမ်မက်များပင် မက်နေလေသည်။

နောက်နေ့(၁)နာရီပန်းခြံထိပ်တွင် ဇော်မင်းထွန်းတစ်ယောက် ဝိရိယကြီးစွာဖြင့် ဖြိုးစန္ဒာဝင်းကို စောင့်ကြိုနေသည်။ သူမ ရောက်လာသည်နှင့် ကျည်ကွယ်၊ မျက်ကွယ်ကောင်းသော၊ ချစ်သူတို့နှီးနှောဖလှယ်လေ့ ရှိသည့်နေရာသို့သွားကြသည်။ ချစ်သူအတွဲများမှအပ အခြားသူများမရှိကြ။ တိတ်ဆိတ်လှပေသည်။

'ဖြိုး-ကိုယ်တော့ဖြိုးကို လက်မလွှတ်နိုင်ဘူး၊ ဘာသာရေးတို့၊ လူမျိုးနွယ်တို့ကိုကျော်လွှားပြီး-အသက်ထက်ဆုံး ပေါင်းကြပါစို့လားအချစ်ရယ်'



'ဖြိုးလည်း ကိုဇော်ကိုတဲ ဆုံးဖြတ်ထားပါတယ်၊ အရေးကြီးတာက-မိဘတွေမသိဖို့ အရေးကြီးတယ်၊ သူတို့သိသွားရင်တော့ ဖြိုးတို့ ကိုဇော်တို့ ရည်မှန်းချက်တွေ ပျက်ကုန်လိမ့်မယ်နော်'

'ဒါကြောင့် -အိမ်ပြန်ရောက်ရင်စိတ်ထိန်းပါ -ကိုဇော်မကဲနဲ့နော်...နော်'

ဖြိုးစန္ဒာဝင်းသည်၊ ဇော်မင်းထွန်း၏ရင်ခွင်တွင် ရင်ငွေ့ခံလျက် ချစ်သူတို့၏ ဘဝရှေ့ရေးတိုင်ပင်ဆွေးနွေး နေကြရသည်ကို၊ အားမရ၊ မတင်းတိမ်နိုင်ဖြစ်နေကြလေသည်။

ဣတ္ထိဝက် ကျမ်းအဆိုအရ မိန်းမတို့၏သဘာဝသည်၊

ကာမဂုဏ်အာရုံငါးပါးတို့တွင်၊ ယောကျ်ားတို့ထက်အဆ(၈)ဆသာသည်ပင်အဖြစ်ကြောင့်၊ ဆိတ်ကွယ်ရာ ရောက်ရှိပါက၊ ကာမဂုဏ်ငါးပါးနှင့်ပတ်သက်ပြီး ဖောက်ပြန်လွယ်သောသဘောရှိသည်။

သို့ကြောင့်လည်း-(သောက်လေသောက်လေငတ်မပြေဆားငံရည်သို့တည်း) ရှေးပညာရှိတို့၏အဆိုအမိန့်အရ ဇော်မင်းထွန်းနှင့်ဖြိုးစန္ဒာဝင်းတို့သည် တဏှာနွံအတွင်းသို့ မကြာခဏ

www.burmeseclassic.com

www.burmeseclassic.com



သက်ဆင်းမိကြပါန်တူသည်။ လူသတင်းလူချင်းဆောင်၊ ပန်းသတင်း လေညင်းဆောင်ဆိုသကဲ့ ဖြိုးစန္ဒာဝင်း၏ မိခင်ကြီး ဒေါ်စန္ဒာဝင်း သိရှိသွားလေသည်။ ဒေါ်စန္ဒာဝင်းသည် ဘာသာရေး အလွန်ကိုင်းရှိုင်းသူဖြစ်သောကြောင့်၊ ဘာသာရေးမတူသော ဇော်မင်းထွန်းနှင့် ညှိတွယ်ခြင်းမရှိနိုင်စေရန် စီစဉ်လေသည်။

( ၃ )

'သမီး-ရန်ကုန်မှာ ငါတို့ဆွေရိပ်မျိုးရိပ်မကင်းတဲ့ အမေရဲ့ မောင်တော်သူရှိတယ်။ သူကစီးပွားရေးလုပ်ငန်းရှင်ကြီးလည်းဖြစ်တယ်၊ ဂုဏ်သရေရှိလူကြီးလည်း ဖြစ်တယ်၊ သူ့နာမည်က ဦးမောင်မောင်အေးတဲ့၊ သူ့မိသားစုကို ဝိုင်းဝန်းလုပ်ကိုင်ပေးရမယ်၊ နောက်ပိုင်းသမီး ရန်ကုန်မြို့ မှာသွားတတ်လာတတ်ဖြစ်လာတဲ့အချိန်မှာ သမီးကို အလုပ်လုပ်ဖို့ သူစီစဉ်ပေးလိမ့်မယ်၊ သမီးသွားရမယ်နော်။'

'မသွားရင်မဖြစ်ဘူးလားအမေ-သမီးဒီမှာပဲ ဈေးရောင်းဘို့ စီစဉ်ပေးပါလို့ပြောပေးပါလား-အမေ'

ဖြိုးစန္ဒာဝင်းသည် မိခင်ကြီးဒေါ်စန္ဒာဝင်း၏ စီစဉ်ပေးမှုကို မည်သို့မျှမလွန်ဆန်နိုင်ပေ။ ရန်ကုန်ရွှေမြို့တော်ကြီးသို့



သွားခဲ့ရလေသည်။ မိခင်ကြီးမှာ၊ ဇော်မင်းထွန်းနှင့်ပတ်သက်ညှိစွန်းမှာစိုးရိမ်သောကြောင့်၊ အဆက်အသွယ် ဖြတ်တောက်လိုက်ခြင်း ဖြစ်လေသည်။

မိခင်ကြီး၏အပြောနှင့် ဖြိုးစန္ဒာဝင်း ၏လက်တွေ့ရင်ဆိုင်နေရသည်မှာ တခြားစီဖြစ်နေသည်။ ရွှေရိပ် မျိုးရိပ်မကင်းသူဟုသာဆိုသည်။ အမှန်မှာတော့ သူစိမ်းပြင်ပြင်၊ လုပ်ရသည့် အလုပ်က၊ အဝတ်လျှော်၊ ကြမ်းတိုက်၊ ထမင်းဟင်းချက်-သန့်ရှင်းရေး-အိမ်ဖော်တို့၏အလုပ်များသာဖြစ်သည်။ ဦးမောင်မောင်အေး၏ဇနီး ဒေါ်နုနုအေး၏ဆက်ဆံရေးမှာလည်း မသက်ညှာ၊ မထောက်ထား၊ မောက်မာလွန်းလှသည်။

"ဒီမှာ ဖြိုးစန္ဒာ နင့်ကို၊ တစ်လ-၃၀၀၀ဝိ/-နှုန်းနဲ့(၃-လစာ)ငွေ ၉၀၀၀ဝိ/-ပေးထားရတာ။ ပွဲစားခ၊ တစ်လစာ- ငါတို့ ၁၂၀၀၀ဝိ/-အကုန်ခံထားရတာ။ နင့်ကြည့်ရတာက၊ တုံ့နှေးနှေးနဲ့၊ ဗိုက်ကြီးသည် ကျနေတာ။"

ဟုတ်ပါပေသည်၊ ဖြိုးစန္ဒာဝင်း၏မျက်နှာမှာ ဆိုမိုးခတ်အားကောင်းမှုကြောင့်၊ ဝင်းလက်လှပနေသည်။ သူမ၏ ရင်သား

www.burmeseclassic.com

www.burmeseclassic.com



များမှာလည်း ကိုယ်ဝန်(၃လ၊ ၄-လ)ရှိသူတို့ကဲ့သို့ ဟိုမုံးခေတ်၏ ပံ့ပိုးမှုဖြင့်-ပြည့်မောက်၊ ဖွံ့ဖြိုးနေလေသည်။

'ကိုမောင်-ဖြိုးစန္ဒာကြည့်ရတာ ကိုယ်ဝန်ဆောင်စ မိန်းကလေးတွေရဲ့အသွင်အပြင်ဖြစ်နေတယ်-ကိုမောင်နဲ့တော့ မပတ်သက်နိုင်ပါဘူးနော်။'

'ဒီမှာနု မင်း ငါ့ရဲ့ဂုဏ်သိက္ခာကိုမစော်ကားနဲ့၊ မင်း ကောင်မလေးကို ဒီနေ့ပဲပြန်ပို့လိုက်။ ကျန်တဲ့လခကိုလည်း ပြန်မတောင်းနဲ့၊ ငါပြောတဲ့အတိုင်းလုပ်'

'စိုးရိမ်လို့ပြောတာပါယောကျ်ားရယ်'

'နုကို စိတ်မဆိုးနဲ့နော်-။'

ဒေါ်နုနုအေးသည် လင်တော်မောင်- ဦးမောင်မောင်အေး၏ ဩဇာအာဏာကို မလွန်ဆန်နိုင်သူဖြစ်လေသည်။ သို့ကြောင့်လည်း အိမ်ဖော်မလေးဖြိုးစန္ဒာဝင်းအား ချက်ချင်းပြန်ပို့လိုက်ရလေသည်။

( ၄ )

(ချုံဖူးသောရေစက် ပန်းကပ်ဖူးသော်သစ္စာ)ဆိုသကဲ့သို့၊ အချစ်အကျွရာတင်ခဲ့သော၊ ဇော်မင်းထွန်းကို ဖြိုးစန္ဒာဝင်း



မတွေ့ရတော့၊ စုံစမ်းသောအခါတွင်-သူ၏မိခင်မှ၊ ဖြိုးစန္ဒာဝင်းနှင့်ပတ်သက်ခဲ့သည်ဟု ခိုင်လုံသော သတင်းအရ ခြေရာလည်းပျောက်၊ ရေလည်းနောက်ဆိုသကဲ့ဖြစ်စေရန်၊ မကွေးတိုင်း၊ နတ်မောက်မြို့နယ်၊ ဝက်ချုပ်ရှိ ဒေါ်ကြည်ကြည်ဌွေး၏ မွေးချင်းများထံသို့ ပို့လွှတ်တိမ်းရှောင်နေခြင်းဖြစ်သည်။

(ပုပ်လျှင်ပေါ်သည်၊ ဟုတ်လျှင်ကျော်သည်)ဆိုရိုးစကားအတိုင်း၊ ဖြိုးစန္ဒာဝင်း၏ဗိုက်မှာ- တစ်နေ့တစ်ခြားဘူးပေါ်သလို ပေါ်လာနေသည်။ မိခင်ဒေါ်စန္ဒာဝင်းနှင့် ဖြိုးစန္ဒာဝင်းတို့မှာ ကြံရာမရဖြစ်နေရလေသည်။ အားကိုးရာမရှိ ဖြစ်နေရလေသည်။

ဒေါ်စန္ဒာဝင်းတို့သားအမိ၏ဒုက္ခကို သိရှိသွားသော ဒေါ်စပ်စုက...

'ဒါလေးများ ဒေါ်စန္ဒာဝင်းရယ်၊ အမှုပွဲစား ကိုအောင်ကျော်ဇော်နဲ့ တိုင်ပင်လိုက်စမ်းပါ။ မီးကိုရေနဲ့ဖျန်းတာကမှ ရှဲရှဲမြည်အုံးမယ်။ ဘာသံမှမကြားဘဲ အေးသွားမယ်။ ကျွန်မလွှတ်လိုက်တယ်လို့သာပြော'

ဒေါ်စန္ဒာဝင်းသည်၊ ကိုအောင်ကျော်ဇောထံသို့ သွားရောက်တွေ့ဆုံအကူအညီတောင်းသည်။ အကျိုးအကြောင်းများ ရှင်းလင်းတင်ပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာဒေါ်စန္ဒာဝင်း-ကျွန်တော်တို့လုပ်စရာက ဒီလို ရှိတယ်ဗျာ- ရန်ကုန်ကဦးမောင်မောင်အေးတို့ အိမ်မှာ သွားပြီး အိမ်ဖော်အလုပ်လုပ်တယ်၊ ဦးမောင်မောင်အေး က၊ သွေးဆောင်ပြီးသားမယားအဖြစ် ပြုကျင့်တာကြောင့် ကိုယ်ဝန်ရှိတယ်၊ ကိုယ်ဝန်ရှိမှန်းသိတော့ပြန်လွှတ်တယ်- ဆိုပြီး ရေဝတီရဲစခန်းမှာ အမှုဖွင့်မယ်၊ ဖြိုးစန္ဒာဝင်းက အသက်မပြည့်သေးလို့ မိခင်ကတရားလိုလုပ်ပြီး အမှုဖွင့် တိုင်ကြားမယ်ဗျာ၊ အဲဒါကိုသဘောတူကျေနပ်ရင် ကျွန်တော် တိုင်ချက်ရေးပေးမယ် မီးစင်ကြည့်ကကြတာပေါ့။'

ဒေါ်စန္ဒာဝင်းသည်၊ အမှုပွဲစားကြီး၏စီစဉ်ပေးမှုအတိုင်း ရေဝတီရဲစခန်းသို့ ပြစ်မှုပုဒ်မ(၃၇၆)မုဒိန်းမှု ဖွင့်လိုက်လေသည်။

( ၅ )

တာဝန်ပေးချက်အရ ဒုရဲအုပ်ကျော်စိန်လင်းသည် ဒေါ်စန္ဒာဝင်း၏အမှုဖွင့်တိုင်ကြားချက်ကို၊ အမှုစစ် အရာရှိအဖြစ် ကိုင်တွယ်စစ်ဆေးရလေသည်။

'ကျွန်တော်တို့ရဲတပ်ဖွဲ့အနေနဲ့ကတော့ အမှုဖွင့်တိုင်တန်း ချက်ရှိလာရင် စုံစမ်းစစ်ဆေးဖော်ထုတ် ပေးရပါတယ်၊



အမှုရဲ့အတိမ်အနက်ဆိုတာကတော့၊ တကယ်ဖြစ်တဲ့ တကယ့်ဖြစ်ရပ်ပေါ်မှာ မူတည်ပါတယ်'

'အားကိုးပါတယ်ဆရာရယ် ကျွန်မနတို့သားအမိမှာ အားကိုးစရာမရှိပါဘူး။ ကူညီပါဆရာရယ်'

'စိတ်ချပါ-ကျွန်တော်တို့ ရဲတပ်ဖွဲ့က (ကူညီပါရစေ) ဆိုင်းဘုတ်ချိတ်ပြီး ပြည်သူတွေကို (၂၄)နာရီကူညီ နေကြတာပါ'

'ကဲ…မဖြိုးစန္ဒာဝင်းကို စစ်မယ်၊ အဒေါ်ခဏအပြင် ထွက်ပေးပါ'

'ညီမ ရန်ကုန်ကဦးမောင်မောင်အေးတို့အိမ်သွားပြီး အလုပ်လုပ်တဲ့ရက်မှတ်မိလား။'

'ဟုတ်ကဲ့ရှင် (၈-၂-၂၀၁၂)မှ (၈-၄-၂၀၁၂)နေ့အထိ ၂-လ ကြာပါတယ်။'

'ဦးမောင်မောင်အေးက ညီမကို ပြုကျင့်တယ်ဆိုတာ ဘယ်နေရာမှာလဲ'

'ညီမ အိပ်ရာထဲလာပြီးပြုကျင့်တာပါ'

'အိပ်ရာက အခန်းနဲ့လား။'

'အခန်းမဟုတ်ပါဘူးဆရာ မီးဖိုခန်းအနီးမှာ ခြင်ထောင် ထောင်ပြီးအိပ်ရတာပါ။'

www.burmeseclassic.com

www.burmeseclassic.com



'ညီမအော်ပြီး အကူအညီမတောင်းဘူးလား'

'မတောင်းပါဘူးဆရာ အန်တီနုသိမှာကြောက်လို့ပါ'

'ညီမရောက်ပြီး ဘယ်လောက်ကြာတဲ့အချိန်မှာ ပြုကျင့်သလဲ။'

'တစ်လလောက်အကြာမှာပါဆရာ။'

'ဘယ်နှစ်ကြိမ်ပြုကျင့်သလဲ'

'နှစ်ကြိမ်ပါဆရာ'

'ညီမကို ဦးမောင်မောင်အေးကပြုကျင့်ပြီးနောက် (၁)လလောက်ကြာပြီးမှ ရောဝတီကိုပြန်လာတာလား'

'ဟုတ်ပါတယ် ဆရာ ဟုတ်ပါတယ်။'

'ညီမရန်ကုန်မသွားခင်က ရည်းစားတွေ ဘာတွေရှိဖူးလား။'

'ကျွန်မတို့အိမ်ရှင်ရဲ့သား ကိုဇော်မင်းထွန်းနဲ့ သမီးရည်းစားဖြစ်ဖူးပါတယ် ဆရာ'

ရဲအုပ်ကျော်စိန်မင်းသည် ဖြိုးစန္ဒာဝင်းအား စစ်ဆေးခဲ့ပြီးနောက် တရားလိုအဖြစ်အမှုဖွင့်တိုင်ကြားသူ မိခင်ဒေါ်စန္ဒာဝင်းကိုစစ်ဆေးသည်။



'အဒေါ် - အဒေါ့်သမီးက ဦးမောင်မောင်အေးက သူ့ကိုပြုကျင့်ခံရကြောင်း၊ အကြောင်းကြားသလား'

'မကြားပါဘူးဆရာ။'

'အိမ်ပြန်ရောက်ပြီး၊ ဘာကြောင့်အမှုကိုချက်ချင်း မဖွင့်တာလဲ'

'ကူညီမယ့်သူမရှိလို့ပါဆရာ'

'အခုတော့ ဘယ်သူက-ကူညီသလဲ'

'အမှုပွဲစားလို့ပြောတဲ့၊ ကိုအောင်ကျော်ဇောက ကူညီလို့ အခုမှ အမှုဖွင့်ရတာပါဆရာ'

ရဲအုပ်ကျော်စိန်လင်းသည်၊ အမှုတည်ဆောက်နိုင်ရန်အတွက် ဖြိုးစန္ဒာဝင်းကို၊ ရောဝတီမြို့ဆေးရုံကြီး၊ ရာဇဝတ်ဆရာဝန်ထံသို့ ဆေးဘက်ဆိုင်ရာစစ်ဆေးပေးပါရန် တောင်းခံရယူရပြန်လေသည်။ ဆေးလက် မှတ်ပြန်ကြားစာတွင် ...

၁။ မိန်းမကိုယ်တွင် လတ်တလောထိုးသွင်းလက္ခဏာမရှိ။

၂။ မိန်းမကိုယ်တွင်၊ နီမြန်းခြင်း၊ ဖူးရောင်၊ ညိုမဲ၊ လက္ခဏာမရှိ။

၃။ ကိုယ်ခန္ဓာအနေအထားနှင့်မိန်းမကိုယ်အနေအထားမှာ-ကိုယ်ဝန်ရှိသောလက္ခဏာတွေရှိ။

www.burmeseclassic.com

www.burmeseclassic.com



၄။ ကိုယ်ဝန်ရှိကာလအတိုင်းအတာ စက်ဖြင့်စစ်ဆေးရာတွင်- ကိုယ်ဝန်(၅-လ)ခန့်ရှိသော အနေအထားတွေ့ရှိ။

ဆေးစာအရ ရန်ကုန်မြို့နေဦးမောင်မောင်အေး၏ နေအိမ်သို့မသွားမီ၊ မရောက်မီကတည်းက၊ ကိုယ်ဝန် (၃-လ)ရှိနေသော အခြေအနေဖြစ်နေသောကြောင့်၊ ရဲအုပ်ကျော်စိန်လင်းဦးနှောက်စားနေသည်။ မြို့နယ်မှူး၊ စခန်းမှူးတို့ထံသို့တင်ပြပြီး လမ်းညွှန်မှုခံယူသည်။

မြို့နယ်မှူး၊ စခန်းမှူးတို့၏လမ်းညွှန်ချက်အရ မြို့နယ်ဥပဒေအရာရှိထံသို့ ဥပဒေအကြံပြုချက်ရယူ တောင်းခံသည်။

ဥပဒေရုံးမှ ဦးမောင်မောင်အေးက ပြုကျင့်ကြောင်းအထောက်အထားမရှိခြင်း၊ ဆေးစာအရ ရန်ကုန်သို့ မသွားမီကာလကတည်းက မြိုးစန္ဒာဝင်းတွင် ကိုယ်ဝန်ရှိနေကြောင်း ဆေးစာအရ ထင်ရှားနေခြင်းတို့ကြောင့် ပြစ်မှုပုဒ်မ(၃၇၆)မှဒိမ်းမှုဖြင့် တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်ကြောင်း၊ ဥပဒေအကြံပြုချက် ပြန်ကြားလာသည်။ ထိုကြောင့် ပြစ်မှုထင်ရှားမရှိခြင်း၊ ဆေးစာအရ ကွဲလွဲနေခြင်းတို့ကြောင့် ပြစ်မှုမမြောက်ကြောင်း တရားလိုဒေါ်စန္ဒာဝင်းသို့ အကြောင်းပြန်ကြားခဲ့လေသည်။



( ၆ )

ဓရာဝတီသားတစ်ဦးဖြစ်သော ဦးမောင်မောင်အေးသည်၊ ဒေါ်စန္ဒာဝင်းနှင့် အမှုပွဲစားဦးအောင်ကျော်ဇော်တို့အား မိမိမှာဂုဏ်သရေရှိလူကြီးတစ်ဦးဖြစ်၍ လူမှုသိက္ခာကျအောင်မလုပ်ရန် နှင့် အေရင်းအနှီးလိုအပ်လျှင် ငွေကြေးကူညီမည်ဖြစ်ကြောင်း ပြော ည်။ ဒေါ်စန္ဒာဝင်းနှင့် ဦးအောင်ကျော်ဇောတို့က ငွေ သိန်း(၂၀) ကူညီပေးကမ်းရန် တောင်းခံသည်။ ဦးမောင်မောင်အေးက မိမိမှာငွေကျပ်(၁၇)သိန်းသာရှိတော့ကြောင်း ဒါကိုပဲယူလိုက်တော့ဟု ပေးကမ်းကူညီလေသည်။ ဒေါ်စန္ဒာဝင်း၊ ဦးအောင်ကျော်ဇောတို့က နောက်နောင် ဒီလိုအမှုဖွင့်တိုင်ကြားခြင်း၊ စွပ်စွဲခြင်းမပြုလုပ်ပါကြောင်းဝန်ခံပြီး ရယူခဲ့ကြလေသည်။

တစ်လ၊နှစ်လအကြာတွင်ဖြစ်၏ ဥက္ကလာပမြို့သစ်မြောက်ပိုင်း ရဲစခန်းမှ ဦးမောင်မောင်အေးအား ဆင့်ခေါ်သောကြောင့် သွားခဲ့ရသည်။ ဒေါ်စန္ဒာဝင်းက အရွယ်မရောက်သေးသော ၎င်း၏သမီး (မမြိုးစန္ဒာဝင်း) ဦးမောင်မောင်အေး၏နေအိမ်တွင် အိမ်ဖော် အဖြစ်အလုပ်လုပ်စဉ်တွင် သားမယားအဖြစ်ပြုကျင့်သောကြောင့် အမှုဖွင့်အရေးယူပေးရန် တိုင်ကြားချက်အရ ပြစ်မှုပုဒ်မ (၃၇၆)ဖြင့် စစ်ဆေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှုစစ်ရဲအရာရှိ ဒုရဲအုပ်သောင်းရင်က တိုင်တန်းသူ ဒေါ်စန္ဒာဝင်းကို စစ်ဆေးသည်။

'ဦးမောင်မောင်အေးတို့ အိမ်ကိုအန်တီရဲ့သမီး အလုပ်သွားလုပ်တဲ့ရက်၊ ကာလ၊ မှတ်မိလား'

'မှတ်မိပါတယ် ဆရာ၊ (၈-၂-၂၀၁၂) မှ (၈-၄-၂၀၁၂) ထိ (၂-လ)ကြာပါတယ်'

'သူ့ကို ဦးမောင်မောင်အေးက ဘယ်တုံးက ပြုကျင့်တာလဲ'

'သူရောက်ပြီး (တစ်လ) ကြာခန့်မှာလို့ သိရပါတယ် ဆရာ'

'အန်တီရဲ့သမီးပြောပြလို့သိရတာလား'

'ဟုတ်ပါတယ် ဆရာ၊ သမီး ပြောပြလို့သိရတာပါ'

'ဘယ်တုံးကပြောသလဲ'

'သမီး အိမ်ကိုပြန်လာပြီး (တစ်လ)ခန့်မှာ ပြောလို့ သိရတာပါဆရာ'

'ဒေါ်စန္ဒာဝင်းအနေနဲ့ ရော်ဝတီမြို့ရဲ စခန်းမှာလည်း အမှုဖွင့်တိုင်ကြားခဲ့တယ်ဆိုတာဟုတ်လား'



'ဟုတ်ပါတယ်ဆရာ၊ ဆေးစာအရနဲ့ မုဒိမ်းမှုမြောက်အောင် တရားလိုနဲ့သက်သေတို့ကထွက်ဆိုနိုင်ခြင်း မရှိလို့ အရေးယူမပေးပါ။ ဒါ့ကြောင့် ဆရာတို့ထံမှာထပ်ပြီး အမှုဖွင့်တိုင်ကြားရတာပါ'

'အန်တီ သမီးမှာ ဦးမောင်မောင်အေး အိမ်မရောက်မီကတည်းက ကိုယ်ဝန်ရှိနေတယ်ဆိုတာ မသိဘူးလား'

'မသိပါဘူးဆရာ၊ အခု ဆရာဝန်ဆေးစာအရ စစ်တော့မှ သိရတာပါဆရာ'

အမှုစစ်ရဲအရာရှိ ဒုရဲအုပ်သောင်းရင်သည် စစ်ဆေးပေါ်ပေါက်ချက်နှင့် ရောဝတီမြို့ရဲတပ်ဖွဲ့စခန်းနှင့် ပေါင်းစပ် ဆောင်ရွက်ရရှိချက်တို့ကို မြို့နယ်မှူး၊ စခန်းမှူးတို့ထံတင်ပြသည်။ လမ်းညွှန်ချက်အရ မြို့နယ်ဥပဒေရုံးမှ ပြန်ကြားစာတွင် စွပ်စွဲခံရသူ ဦးမောင်မောင်အေး၏ ကိုယ်ဝန်မဖြစ်နိုင်ကြောင်း၊ ကိုယ်ဝန် (၅-လ)ဖြစ်သောကြောင့် ဦးမောင်မောင်အေးနေအိမ်သို့ မရောက်မီ (၈-၂-၂၀၁၂)နေ့မတိုင်မီကတည်းက ကိုယ်ဝန်ရှိနေခြင်းကြောင့် ဖြိုးစန္ဒာဝင်းအား ပြုကျင့်ပါသည်ဆိုသည့်အချိန်ကာလအတွင်း မုဒိန်းမှုအင်္ဂါရပ်တို့ကို ရဲလုပ်ထုံးလုပ်နည်းအရ စစ်ဆေးရခြင်း မဟုတ်သောကြောင့် တရားစွဲဆိုတင်ပို့ရန် မပေါ်ပေါက်ကြောင်း ပြန်ကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့နယ်ဥပဒေရုံး၏ပြန်ကြားချက်အပေါ် ဒေါ်စန္ဒာဝင်းက မကျေနပ်သောကြောင့် ခရိုင်ဥပဒေရုံးသို့ တိုင်ကြားလျှောက်ထားခဲ့ပါသည်။

ခရိုင်ဥပဒေရုံးမှ ကိုယ်(၅-လ) (၆-လ)ရှိနေပြီဖြစ်သော ကိုယ်ဝန်သည် မည်သူ၏ကိုယ်ဝန်ဖြစ်သလဲ ဆိုသောအချက်ထက် [မိခင်၏အုပ်ထိန်းမှုမကင်းသေးသည့် အသက်(၁၄)နှစ်သာရှိသေးသော ဖြိုးစန္ဒာဝင်းကို ပြုကျင့်မှုကသာ အဓိကဖြစ်၍] မြို့နယ်ဥပဒေရုံး၏အကြံပြုချက်ကို ပယ်ဖျက်လိုက်ကြောင်း၊ မိခင်အုပ်ထိန်းမှု မကင်းသေးသူအား ပြုကျင့်မှု၊ ပုဒ်မ(၃၇၆)ဖြင့် တရားစွဲဆိုတင်ပို့ရန် ပြင်ဆင်အကြံပြုလိုက်သည်။

( ၇ )

ခရိုင်ဥပဒေရုံး၏ပြင်ဆင်-အကြံပြုပြန်ကြားချက်အရ အမှုစစ်ရဲအရာရှိ ဒုရဲအုပ်သောင်းရင်သည်၊ ဥတ္တရမြို့သစ်မြောက်ပိုင်းတရားရုံးသို့၊ အမှုကိုစွဲဆိုတင်ပို့ပေးရလေသည်။

မြို့နယ်တရားရုံးက၊ ပြစ်မှုပုဒ်မ (၃၇၆)ပြစ်မှုကြီးမှုအမှတ်(၀၀၇/၂၀၁၂)ဖြင့် လက်ခံသည်။ တရားလိုနှင့် သက်သေများ၊ သက်သေခံအထောက်အထားများကို စစ်ဆေးကြားနာသည်။



ဤနေ့သည် စွပ်စွဲခံရသော တရားခံအပေါ် "စွဲချက်တင်သင့်/မတင်သင့်" အမိန့်ချရန်ချိန်းဆိုထားသောရုံးချိန်းရက်ဖြစ်လေသည်။

တရားသူကြီးတရားခွင်သို့ ရောက်ရှိလာပြီဖြစ်သည်။ တရားလိုနှင့်ဥပဒေအရာရှိ၊ တရားခံ၏ရှေ့နေကြီးများ ရောက်ရှိနေပြီဖြစ်သည်။

"အမိန့်"

BURMESE CLASSIC .com

တရားလိုဘက်မှ၊ တရားခံအပေါ်အရွယ်မရောက်သေးသော ဖြိုးစန္ဒာဝင်းကို သားမယားအဖြစ် ပြုကျင့်ပါသည်ဟု စွပ်စွဲသောအမှုဖြစ်သည်။ ပြုကျင့်ပြီးအချိန်ပိုင်းအတွင်းသော်လည်းကောင်း၊ တစ်ရက်(၂၄)နာရီ အတွင်းသော်လည်းကောင်း၊ (၇)ရက်အတွင်းသော်လည်းကောင်း တိုင်ကြားခြင်းမဟုတ်သောကြောင့် အမှုစစ် ရဲအရာရှိအနေဖြင့်၊ ရဲလုပ်ငန်း၊ ရဲလုပ်ထုံးလုပ်နည်းအရ ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိပေ။ သက်သေခံအထောက် အထားအဖြစ် တင်ပြထားသော်လည်းကောင်း၊ ပြစ်မှုကြီးကျူးလွန်ရာတွင် အထောက်အကူမရှိသော၊ သက်သေခံမျှသာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တရားလိုဘက်မှ ယခင်တစ်ကြိမ်၊ ရောဝတီမြို့နယ်ရဲတပ်ဖွဲ့၊ ဥပဒေရုံးတို့တွင်-အမှုသည် [illegible]၊ ဖြစ်ရပ်တူ၊ အမှုကို စွဲဆိုခဲ့ရာတွင်လည်း၊ [illegible]ရားလိုနှင့် [illegible]ိပြသက်သေတို့က တရားခံအပေါ်ပြစ်မှုကျူးလွန်ကြောင်း [illegible]ပြနိုင်ခြင်းမရှိပေ။ သက်သေခံ(ဆေးစာ)အရလည်း၊ တရ[illegible]ကျူးလွန်ကြောင်း အထောက် အကူမရှိပေ။

တရားခံအပေါ်အပြစ်ရှိကြောင်း၊ ပြစ်မှုကျူးလွန်ကြောင်း ခိုင်ခိုင်မာမာတင်ပြရန်တာဝန်မှာ- တရားလိုအပေါ်တွင်သာ တာဝန်ရှိသည်။ တရားခံဘက်သို့ပုံချ၍မရပေ။ တရားခံအပေါ် စွဲချက်တင်နိုင်လောက်သည့် သက်သေ၊ သက်သေခံအထောက်အထား မတင်ပြနိုင်ပါက- တရားခံအားစွဲချက်မတင်ဘဲ အမှုမှလွှတ်ပေးရမည် ဖြစ်ကြောင်း (စီရင်ထုံးများ)လည်း အခိုင်အမာတည်ရှိနေပေသည်။

ထို့ကြောင့် မောင်မောင်အေး (အဘ) ဦးတင်မောင်အေး၏သား၊ အသက်(၅၆)နှစ်အား အမှုမှ အပြီးအပြတ်လွှတ်လိုက်သည်။

"လူ့ပြည်မှာ အမှုမပွေ့ကြပါနဲ့။"

မောင်မောင်စိန်လင်း (နတ်မောက်)

❑

www.burmeseclassic.com

www.burmeseclassic.com

လူကြီးလူလတ်လူငယ်များ သတိထားသင့်သော



ဖြစ်ရပ်မှန်

# မှုခင်းဖြစ်စဉ်များ

(၅)

မောင်မောင်စိန်လင်း

(နတ်မောက်)

စုစည်းတင်ပြသည်

www.burmeseclassic.com